# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်၊ ကြာသပတေးနေ့။ | 18, Thursday August 2016 | (၈၆၅၇)


### အမြင့်မြတ်ဆုံးဖြစ်၏

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည် နည်းသည်၊ များသည်၊ ရှည်သည်၊ တိုသည် တို့အပေါ် ၌ မတည်။ အကျိုးစီးပွားရှိသည်၊ မရှိသည် အပေါ် ၌သာ တည်မှီသောကြောင့် အကျိုးစီးပွားကိုမှီသည့် တစ်ခွန်းတည်းသော တရားစကားသည်သာ အမြင့်မြတ်ဆုံး၊ အသာလွန်ဆုံး ဖြစ်၏။

**သဟဿဝဂ်(ဓမ္မပဒ-၁၀၁)**



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မူဝါဒများ လမ်းညွှန်မှာကြား

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မြန်မာသံရုံး/မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့အခြေစိုက် မြန်မာသံအမတ်ကြီး ဦးအောင်လင်းနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းတို့ကို ယနေ့နံနက် ၉ နာရီခွဲက နိုင်ငံတော်သမ္မတ အိမ်တော်တွင် တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ပေကျင်း ဩဂုတ် ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်း၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ကူမင်း လေဆိပ်မှတစ်ဆင့် ပေကျင်းမြို့သို့ ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Liu Zhen Min၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူးနှင့် သံရုံးဝန်ထမ်းမိသားစုများ၊ တာဝန်ရှိသူများက ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)




## မြဝတီ

# ယုံကြည်ချက်ဖြင့် ငြိမ်းချမ်းရေးကို ဝိုင်းဝန်းတည်ဆောက်

"ငြိမ်းချမ်းရေးရရှိမှ မိမိတို့ပြည်သူလူထု၏ စိတ်နှလုံးချမ်းသာနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အတိတ်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထု တိုးတက်နိုင်ရန်မှာ ရေရှည်တွင် ငြိမ်းချမ်းရေးမရှိဘဲနှင့် စီးပွားရေးကို မည်သို့မျှ ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါကြောင်း၊ စီးပွားရေး မည်မျှတိုးတက်သည်ဖြစ်စေ ငြိမ်းချမ်းမှုမရှိလျှင် စီးပွားရေးပြိုလဲသွားနိုင်ပါကြောင်း" ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့သည့်ရက်က နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အစည်းအဝေးတွင်ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် အသက်တမျှအရေးကြီးသည်။ မငြိမ်းချမ်းသောခံစားမှုကို မငြိမ်းချမ်းသောအရပ်တွင် နေထိုင်ကြသူများသာ ခံစားကြရပြီး မငြိမ်းချမ်းသူတို့၏ ဒုက္ခဆင်းရဲအပေါင်းကို ငြိမ်းချမ်းစွာနေထိုင်ကြရသူတို့က ကိုယ်ချင်းစာနားလည်နိုင်ကြရမည်ဖြစ်သည်။

ပြည်သူအားလုံးသည် ဤမြေတွင်နေပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမအရင်းအချာများဖြစ်ကြသည်။ ရှေးပဝေသဏီကာလကတည်းက မရှိအတူ ရှိအတူ အတူတကွပူးပေါင်း နေထိုင်ခဲ့ကြသောအရင်းအချာများဖြစ်ကြပြီး တစ်ဦးအပေါ်တစ်ဦး ရိုင်းပင်းကူညီစောင့်ရှောက်ခဲ့ကြသူများဖြစ်သည်။ မြန်မာနိုင်ငံ၏အကျယ်အဝန်းမှာ တိုင်းပြည်ရှိလူဦးရေနှင့်စာလျှင် ကျယ်ပြန့်သည်။ ကျယ်ပြန့်သော နိုင်ငံအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ကြသော်လည်း လွတ်လပ်သောနိုင်ငံအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့်ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သည့်အရည်အချင်းများ၊ အင်အားများနည်းပါးနေသေးသည်။ ထိုသို့နည်းပါးနေသေးသည်မှာ မငြိမ်းချမ်းသောကြောင့်ဖြစ်သည်။ တိုင်းရင်းသားများနေထိုင်ရာဒေသအချို့တွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းပဋိပက္ခစစ်မီးများမှာ ယနေ့ထက်တိုင် မငြိမ်းနိုင်သေးချေ။

လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရေးအတွက် တိုင်းပြည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးကို ရှေးရှုရမည်။ ရှိသမျှ တိုင်းရင်းသားပြည်သူများ၊ သယံဇာတများ၊ အရင်းအနှီးများ၊ အရည်အချင်းများ၊ အင်အားများစုပေါင်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကိုသာ ဦးတည်ရမည်။ တိုင်းရင်းသားတစ်မျိုးချင်းအစွဲမထားဘဲ တိုင်းရင်းသားအားလုံးအစုအပေါင်းဖြစ်သည့် "မြန်မာ"ဟူ သော စိတ်ထား ထားရှိကာ ကြိုးပမ်းဆောင်ရွက်သင့်သည်။ လူမျိုးရေးကို မတွေးဘဲ အမျိုးသားရေးကိုသာ စွဲမြဲစွာတွေးတောလုပ်ကိုင်သင့်သည်။

တိုင်းပြည်စီးပွားတိုးတက်ရေး၊ ဖွံ့ဖြိုးရေးဟူသည်မှာ တစ်ပြည်လုံးအတိုင်းအတာနှင့် ဆက်စပ်နေပေသည်။ လူဟူသည် တစ်ဦးနှင့်တစ်ဦးဆက်ဆံပေါင်းသင်း ဆက်နွှယ်နေထိုင်ကြရသည်ကို ယနေ့တိုင်းရင်းသားလူမျိုးစုများ နေရာအနှံ့ပျံ့နှံ့နေထိုင်မှုက သက်သေပြလျက်ရှိသည်။ တစ်နေရာတွင် မငြိမ်းချမ်းဘဲ အခက်အခဲအဟန့်အတားများ ကြုံတွေ့နေရလျှင် အခြားဒေသများအတွက် အနည်းနှင့်အများဆိုသလို ဆက်စပ်ထိခိုက်ရပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည်သာ အခရာ၊ ငြိမ်းချမ်းရေးသည်သာ အရေးအကြီးဆုံးဟု ဆိုထိုက်ပေသည်။

ယခုအခါ ငြိမ်းချမ်းရေးရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကိုယ်စိတ်ချမ်းသာရေးကို ရည်မျှော်ကာ အားတက်သရောလုပ်ဆောင်နေသည်ကိုတွေ့ရသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအနေဖြင့် အတိတ်ကာလက ဆိုးမွေများကိုပယ်ဖျောက်ပြီး တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး စစ်မှန်သည့် ပြည်ထောင်စုသားများဖြစ်သည်ဆိုသည့် ခံယူချက်နှင့်စိတ်ထားများမွေးမြူကာ အနာဂတ်နိုင်ငံတော်သစ်ကို ညီညီညွတ်ညွတ် ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

တစ်မိသားစုအတွင်းရှိ ညီအစ်ကိုမောင်နှမများတွင်ပင် မတူညီသော သဘောထားများရှိမည်ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ခွင့်လွှတ်မှု၊ ယုံကြည်မှု၊ စာနာမှုများဖြင့် တည့်မတ်ကြလျှင် အေးချမ်းသာယာသော မိသားစုဘဝကိုတည်ဆောက်နိုင်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွင်းရှိ မတူညီသောသဘောထားများကိုလည်း ထိုနည်းဖြင့်တည်ဆောက်နိုင်ကြမည်ဆိုလျှင် ငြိမ်းချမ်းသာယာသောဘဝကို ပိုင်ဆိုင်နိုင်မည်ဟု ယုံကြည်သည်။ ။

# (၁၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး (၃/၂၀၁၆) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

(၁၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး (၃/၂၀၁၆) ကို ပြည်ထောင်စုလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ (၁၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဇော်သိန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်း ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် **Union Peace Conference-21st Century Panglong** ကို နှိပ်ကာ **MEDIA REGISTRATION FORM** တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်း သတင်းထောက်များ ဝင်/ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း-၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာ နေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရွှေပြည်သာမြို့နယ်တွင် အခမဲ့ဆေးကုသခန်းဖွင့်လှစ်




**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ စစ်မှုထမ်းဟောင်းရုံး၌ ဩဂုတ် ၁၆ ရက်က အခမဲ့ဆေးကုသခန်း ဖွင့်ပွဲကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆေးကုသခန်းဖွင့်လှစ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုသည်။

အဆိုပါ ဆေးကုသခန်းတွင် မင်္ဂလာဒုံတပ်နယ်မှ ပါရဂူများ ပါဝင်သော အဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တစ်ပတ်လျှင်သုံးရက် ဖွင့်လှစ်၍ ကျန်းမာရေးစစ်ဆေးကုသခြင်းများ အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဌေးကြိုင်)**




# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**ပုသိမ် ဩဂုတ် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

❖

မြဝတီ
နေ့စဉ်သတင်းစာ


စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

မြဝတီ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)


# နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ ဆွေးနွေး




**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာစကော့မာရှယ်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ လစ်လပ်သွားသော မဲဆန္ဒနယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ Civic Education နှင့် Voter Education များကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရေးကိုလည်း လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ပြောကြားပြီး ဧည့်သည်တော်အဖွဲ့က မေးမြန်းသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အိမ်တိုင်ရာရောက် စမ်းသပ်ကောက်ယူ ဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၄၅ မှုအား အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်နေမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





(ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်
မုတ်သုံလေ အားကောင်းနေမည်။

## မတ္တရာမြို့နယ်၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကျင်းပ

**မတ္တရာ ဩဂုတ် ၁၇**

ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကို ယနေ့နံနက်ပိုင်းက မတ္တရာမြို့ ဗိုလ်တေဇပန်းခြံ၌ ကျင်းပသည်။ **(ယာပုံ)**

(၂၁)ရာစု ပင်လုံအားကြိုဆိုထောက်ခံပွဲကို ဗိုလ်တေဇပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့တွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ကြိုဆိုထောက်ခံပွဲတွင် မူကြိုကျောင်းသား ကျောင်းသူလေးများမှ "စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်" ဖြင့် ကပြ ဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာသော ဧည့်ပရိသတ်များက ( မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ )ဟု သုံးကြိမ်ရွတ်ဆိုကြွေးကြော်ပြီး ငြိမ်းချမ်းရေး ပူပေါင်းများကို လွှင့်တင်ခဲ့ကြသည်။ ထို့နောက်တက်ရောက်လာကြသော ဧည့်ပရိသတ်များအား စတုဒိသာ ဂျုံယိုနှင့် ထမင်းတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး GREEN PEACE တေးဂီတအဖွဲ့က သီချင်းများဖြင့် ဂုဏ်ပြုဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**





# တူရကီနိုင်ငံအား လျော်ကြေးဒေါ်လာသန်း ၂၀ ပေးရန် အစ္စရေး သဘောတူညီ

**တဲလ်အဗစ် ဩဂုတ် ၁၇**

အစ္စရေးနိုင်ငံက တူရကီနိုင်ငံအား လျော်ကြေးငွေ ဒေါ်လာသန်း ၂၀ ပေးအပ်ခြင်းဖြင့် ခြောက်နှစ်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခကို အဆုံးသတ်စေတော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံက တူရကီနိုင်ငံအား ၂၅ ရက်အတွင်း ဒေါ်လာသန်း ၂၀ ပေးအပ်ခြင်းဖြင့် တူရကီအစိုးရက ယင်းနိုင်ငံအား တရားဥပဒေကြောင်းအရ တရားစွဲဆိုမှုကို အဆုံးသတ်မည်ဖြစ်ကြောင်း တူရကီအမတ်များက ပါလီမန်သို့ တင်သွင်းသော ကျေအေးလွှာတွင် ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ် မေလက ဟားမားစ်အဖွဲ့က ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးရေတပ်က ပိတ်ဆို့ထားစဉ် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများတင်ဆောင်ထားသော တူရကီရေယာဉ်တစ်စင်းကို အစ္စရေးမရိန်းတပ်ဖွဲ့ဝင်များက စီးနင်းကာဖမ်းဆီးခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုများ ဖြစ်ပေါ်လာခဲ့သည်။

ယင်းစီးနင်းမှုနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံက ဝန်ချတောင်းပန်ခဲ့ပြီး နှစ်နိုင်ငံစလုံးက သံအမတ်ကြီးများ ပြန်လည်ထားရှိရန် သဘောတူညီခဲ့ကြသည်။

**ရိုက်တာ။**

# ပလူတိုနီယံထုတ်လုပ်မှု ပြန်လည်ပြုလုပ်ဟု မြောက်ကိုရီးယားထုတ်ဖော်ပြောကြား

**တိုကျို ဩဂုတ် ၁၇**

အသုံးပြုပြီး လောင်စာချောင်းများအား ပြန်လည်သန့်စင်ခြင်းဖြင့် ပလူတိုနီယံထုတ်လုပ်မှုကို ပြန်လည်ပြုလုပ်လျက်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ပြောကြားချက်ကို ကိုးကားလျက် ဂျပန်ကျိုဒိုသတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဆိုအရ အမေရိကန်၏ခြိမ်းခြောက်မှုရှိနေသမျှကာလပတ်လုံး နျူကလီးယားစမ်းသပ်မှုများကို ရပ်တန့်မည့် အစီအစဉ်မရှိကြောင်း မြောက်ကိုရီးယားအဏုမြူစွမ်းအင်သိပ္ပံက ပြောကြားသည်။ အဆိုပါသိပ္ပံသည် ယွန်ဗြောင်နျူကလီးယား စက်ရုံနှင့်ပတ်သက်၍ စီမံခန့်ခွဲနေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

ဓာတ်ပေါင်းဖိုတစ်လုံးမှ ဖယ်ရှားခဲ့သော အသုံးပြုပြီးနျူကလီးယားလောင်စာချောင်းများကို ပြန်လည်သန့်စင်လျက်ရှိကြောင်း မြောက်ကိုရီးယားအဏုမြူစွမ်းအင်သိပ္ပံက ကျိုဒိုသတင်းဌာန၏စာဖြင့်မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် သန့်စင်ပြီး ယူရေနီယံမည်မျှထုတ်လုပ်ခဲ့သည် သို့မဟုတ် ပလူတိုနီယံ မည်ရွေ့မည်မျှ ရှိနေသည်ကို အဆိုပါသိပ္ပံက ဖော်ပြခြင်းမပြုပေ။ **ရိုက်တာ။**

# သီရိလင်္ကာနိုင်ငံ၌ ခရီးသည်တင်ရထားတစ်စင်းကြောင့် ဆင်ပေါက်ငယ်လေးကောင် သေဆုံး

**ကိုလံဘို ဩဂုတ် ၁၇**

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ ခရီးသည်တင်ရထားတစ်စင်း တိုက်မိမှုကြောင့် ဆင်ပေါက်ငယ်လေးကောင် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားပြီး အဆိုပါဖြစ်ရပ်ကို သီရိလင်္ကာနိုင်ငံ၏အဆိုးရွားဆုံးသော သားရိုင်းတိရစ္ဆာန်များ မတော်တဆထိခိုက်မှုအဖြစ် သတ်မှတ်လိုက်သည်။

ကိုလံဘိုမြို့တော်သို့ခုတ်မောင်းသွားနေသော အဆိုပါအမြန်ရထားက တိုက်မိချိန်တွင် ဆင်ပေါက်ငယ်လေးကောင်မှာ ဗာဗူနီယာခရိုင် ချက်တီကူလမ်မြို့ရှိအသစ်ဆောက်လုပ်ထားသော ရထားလမ်းတစ်ခုဆီသို့သွားရောက်နေချိန်ဖြစ်ပြီး ယင်းဖြစ်ရပ်အတွင်း ခရီးသည်များ ဒဏ်ရာရရှိခဲ့ခြင်းမရှိပေ။ မီးရထားနှင့်သားရိုင်းတိရစ္ဆာန် စောင့်ရှောက်ရေးဌာနများက စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်လျက်ရှိပြီး ယင်းမတော်တဆမှုမှာ သားရိုင်းတိရစ္ဆာန်များ မကြာခဏဆိုသလိုလာရောက်လေ့မရှိသည့် နေရာတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာမီးရထားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"သားရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးဌာနက သီရိလင်္ကာမီးရထားဌာနနဲ့အတူ သားရိုင်းတိရစ္ဆာန်တွေ သွားလာနေကျလမ်းကြောင်းတွေ ဖော်ထုတ်ဖို့ ကြိုးပမ်းနေပါတယ်။ အဲဒီလမ်းကြောင်းတစ်လျှောက်မှာဆိုရင် ရထားတွေက အမြန်နှုန်းလျှော့ချလေ့ရှိပြီး အလွန်ကိုသတိထားပါတယ်။ အခုဖြစ်ရပ်က သားရိုင်းတိရစ္ဆာန်တွေ လှုပ်ရှားမှုမရှိတဲ့ နေရာတစ်ခုမှာ ဖြစ်ပွားခဲ့တာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ရထားဖြတ်သန်းနေစဉ် ရထားသံလမ်းများဘက်သို့ ရုတ်တရက် ဝင်ရောက်ဖြတ်သန်းသွားသည့်အတွက် ဆင်ပေါက်ငယ်လေးကောင်ကို တိုက်မိခဲ့ခြင်းဖြစ်ပြီး ဆင်ပေါက်ငယ် တစ်ကောင်အား မီတာအနည်းငယ်ထိ အဝေးသို့တရွတ်ဆွဲသွားခဲ့သည်။

သီရိလင်္ကာနိုင်ငံ၌ ဆင်များကို အလေးအမြတ်ထားအပ်သော သတ္တဝါအဖြစ် ယူဆထားပြီး ဥပဒေအရ ကာကွယ်စောင့်ရှောက်ထားသည်။ သို့သော် လူများနေထိုင်ရာနေရာသို့ ဆင်များကျူးကျော်ဝင်ရောက်ချိန်တွင် ရွာသားများနှင့် လယ်သမားများကြောင့် နှစ်စဉ်ဆင်ပေါင်းများစွာ သတ်ဖြတ်ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်အတွင်း ကိုလံဘိုမြို့တော်မြောက်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာ သစ်တောတစ်ခုအတွင်းရှိ ရထားလမ်းတစ်လျှောက် ခရီးသည်တင်ရထားတစ်စင်းကြောင့် ဆင်ပေါက်ငယ်သုံးကောင် သေဆုံးခဲ့ရသည်။ ပြီးခဲ့သည့်မေလအတွင်းက နိုင်ငံမြောက်ပိုင်း၌ အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်များအနက်တစ်ခုဖြစ်သည့် မိုးကြိုးပစ်မှုကြောင့် ဆင်ပေါက်နှစ်ကောင်အပါအဝင် ဆင်လေးကောင် သေဆုံးခဲ့သည်။

**ဆင်ဟွာ။**



# တရုတ်နိုင်ငံ၏အကြီးဆုံး ပန်ဒါဝက်ဝံဥယျာဉ်တည်ဆောက်မည်

**ချိန်သူး ဩဂုတ် ၁၇**

တရုတ်နိုင်ငံ၏အကြီးဆုံး ပန်ဒါဝက်ဝံဥယျာဉ်တစ်ခု တည်ဆောက်ရေး အစီအစဉ်တစ်ရပ်ကို ဗဟိုအစိုးရသို့ တင်သွင်းထားကြောင်း သစ်တောရေးရာဌာန တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ အမျိုးသားပန်ဒါဝက်ဝံဥယျာဉ်ကို စီချွမ်၊ ရှန်ရှီးနှင့် ကန်းစုစီရင်စု၏ နယ်နိမိတ်များကို သတ်မှတ်ပိုင်းခြားကာ တည်ဆောက်မည်ဖြစ်ကြောင်း စီချွမ်စီရင်စု သစ်တောရေးရာဌာန အကြီးအကဲ ရှုံဆီဒန်ကဆိုသည်။ တည်ဆောက်ရေး စီမံကိန်းကို ဗဟိုအစိုးရ အတည်ပြုပြီးနောက် ဧပြီလအတွင်း စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။

ပန်ဒါဝက်ဝံများ သဘာဝအတိုင်းနေထိုင်နိုင်ရန် အဆိုပါဥယျာဉ်တွင် သဘာဝရှုခင်းများနှင့် ပန်းဥယျာဉ်များ ထည့်သွင်းထားရှိမည် ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံစီချွမ်စီရင်စုရှိ ပန်ဒါဝက်ဝံဥယျာဉ်တွင် ဝက်ဝံအရေအတွက် အများဆုံး နေထိုင်ကျက်စားလျက်ရှိသည်။ ၂၀၁၅ခုနှစ်မတိုင်မီ ပန်ဒါဝက်ဝံအရေအတွက် ၁၇၅၁ ကောင်ရှိပြီး နိုင်ငံအတွင်း ပန်ဒါဝက်ဝံ ရာခိုင်နှုန်းအများဆုံး နေထိုင်ရာနေရာ ဖြစ်သည်။

**ဆင်ဟွာ။**

■

# အင်ဒိုနီးရှားလူမျိုးသင်္ဘောသားတစ်ဦး ဖိလစ်ပိုင်စစ်သွေးကြွများလက်မှ ရေကူးလွတ်မြောက်

**မနီလာ ဩဂုတ် ၁၇**


အင်ဒိုနီးရှားနိုင်ငံသား သင်္ဘောသားတစ်ဦးသည် ၎င်းအား ဖမ်းဆီးထားသည့် ဖိလစ်ပိုင်အစ္စလာမ္မစ်စစ်သွေးကြွများက ခေါင်းဖြတ်သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခံခဲ့ရပြီးနောက် ဩဂုတ် ၁၆ ရက်တွင် ဖမ်းဆီးထားသူများလက်မှ ပင်လယ်ရေပြင်ကို ဖြတ်ကူး၍ လွတ်မြောက်လာကြောင်း ဖိလစ်ပိုင်တပ်မတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းကျွန်းစုများ၏ကမ်းလွန်ရေပြင်အတွင်း အင်ဒိုနီးရှားနိုင်ငံသား မိုဟမ်မတ်ဆပ်ဖ်ရန်အပါအဝင် သင်္ဘောသားခြောက်ဦးနှင့်၎င်းတို့၏ရေယာဉ်ကို အိုင်အက်စ်အဖွဲ့နှင့်ဆက်နွယ်မှုရှိသည့် အဘူဆေယက်ဖ်သူပုန်အဖွဲ့က ယခုနှစ် ဇွန် ၂၃ ရက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသား သင်္ဘောသားဆပ်ဖ်ရန်သည် အမှောင်ထုကိုအကာအကွယ်ယူကာ ထိန်းသိမ်းခံထားရခြင်းမှလွတ်မြောက်ပြီးနောက် ကမ်းလွန်ပင်လယ်ပြင်အတွင်း မျောပါနေသည်ကို ဂျိုလိုကျွန်းဒေသခံများက တွေ့ရှိခဲ့ကြောင်း ဖိလစ်ပိုင်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဖယ်လ်မွန်တန်က သတင်းထောက်များအား ပြောကြားသည်။

ခရစ်ယာန်ဘာသာဝင်အများစုနေထိုင်ရာ ဖိလစ်ပိုင်နိုင်ငံတွင် အဘူဆေယက်ဖ်သူပုန်အုပ်စုက မွတ်စလင်များနေထိုင်သော ဒေသများ၌ စစ်ရေးလှုပ်ရှားနေပြီး ပြန်ပေးဆွဲမှုများလုပ်ဆောင်နေသည်ဟု သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**



# နိုင်ငံတော်တည်ဆောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဟန့်အတားဖြစ်စေသည့် မှုခင်းများပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်မည်ဆိုလျှင် မှုခင်းဖြစ်စေနိုင်သည့် အကြောင်းတရားများကို ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်မှ အောင်မြင်မည်ဖြစ်

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းသည့် အစိုးရသစ်၏ လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတော် တည်ဆောက်ရေးတို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မှတ်တမ်းတင်ကြောင်း ကြေညာသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက နိုင်ငံတော်တည်ဆောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဟန့်အတားဖြစ်စေသည့် မှုခင်းများပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးဆောင်ရွက်မည်ဆိုလျှင် မှုခင်းဖြစ်စေနိုင်သည့် အကြောင်းတရားများကို ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်မှ အောင်မြင်မည်ဖြစ်ကြောင်း။

မှုခင်းများဖြစ်ပွားစေသည့် အကြောင်းရင်းများမှာ လာဘ်ပေး၊ လာဘ်ယူမှုနှင့် အဂတိလိုက်စားမှုအမြစ်တွယ်နေခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုကြီးမားခြင်း၊ အလုပ်လက်မဲ့ပြဿနာများ များပြားခြင်း၊ အရက်ဆိုင်၊ ဘီယာဆိုင်များနှင့် မူးယစ်ဆေးဝါးများကို နေရာတိုင်းနီးပါးရရှိနေခြင်း၊ ပြည်သူလူထုအကြား မှုခင်းဆိုင်ရာ အသိပညာပေးမှုနည်းပါးခြင်းနှင့် ပြည်သူများအနေဖြင့် စားဝတ်နေရေးအတွက်သာ အချိန်ကုန်နေသဖြင့် ဥပဒေနှင့်ကင်းကွာနေခြင်းတို့ကြောင့် ဖြစ်ကြောင်း။

မှုခင်းဖြစ်ပွားမှုများ၌ သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရပြီး ဒုစရိုက်သမားများကလည်း ပြစ်မှုကျူးလွန်ရန် ပိုမိုအတင့်ရဲလာကြသည်ကို တွေ့ရပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ပတ်သက်နေသည်ကို တိတိကျကျစုံစမ်းဖော်ထုတ်ပြီး ထိထိရောက်ရောက် အရေးယူမှသာလျှင် မှုခင်းကျဆင်းရေး အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မှုခင်းကျဆင်းရေး အမြန်ဆုံးဆောင်ရွက်နိုင်မှသာ နိုင်ငံတော်တည်ဆောက်ရေးကို အရှိန်အဟုန်ကောင်းစွာဖြင့် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင်က အကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသောမှုခင်းများကြောင့် နိုင်ငံသူ


ဒေါ်ခင်နှင်းသစ်


ဦးမြတ်လေးဦး

နိုင်ငံသားများ၏ အသက်အိုးအိမ်များ ဆုံးရှုံးရခြင်းသာမက စိတ်ဒဏ်ရာလည်း ရရှိစေပါကြောင်း၊ မှုခင်းများဖြစ်ပွားမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသည့် နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာများကို ထိခိုက်ပျက်စီးစေကာ ဒီမိုကရေစီစနစ်ကို များစွာအခက်အခဲဖြစ်ပေါ်စေပါကြောင်း၊ ထို့ကြောင့် မှုခင်းဖြစ်ပွားမှုနှုန်းမြင့်မားခြင်းကို လျော့နည်းကျဆင်းအောင် မလွဲမသွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တရားစွဲအဖွဲ့အစည်းများနှင့်အတူ ပြည်သူအားလုံးက အမျိုးသားရေးအသွင်ဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်မှသာ မှုခင်းများလျော့နည်းကျဆင်းလာပြီး တရားဥပဒေစိုးမိုးမှုပိုမိုရရှိလာကာ နိုင်ငံတော်တည်ဆောက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့က ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ ပုလဲမြို့နယ်ရှိ လှိုင်းချောင်းတမံအပြီးဖျက်သိမ်း၍ နစ်နာခဲ့ရသည့် တောင်သူများကို နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဒေသဖွံ့ဖြိုးတိုးတက်စေရန် ကောင်းမွန်သည့်ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်မှ ဘဏ္ဍာငွေများစွာ အကုန်အကျခံ၍ တည်ဆောက်ပေးခြင်းဖြစ်သောကြောင့် ရေလှောင်တမံကို ဖျက်သိမ်းရန်မှာ မသင့်လျော်ပါကြောင်း၊ အဆိုပါဆည်သည် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်ခဲ့သည့် ဆည်ဖြစ်ခြင်းကြောင့် လျော်ကြေးပေးရန်ကိစ္စမှာ စိုက်ပျိုးသီးနှံများစာရင်း၊ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သည့်စာရင်းများ၊ ထိုမြေပေါ်တွင် တည်ဆောက်ထားသော လျော်ကြေးပေးထိုက်သည့် အခိုင်အမာအဆောက်အအုံ စာရင်းစသည်တို့ကို ယခုမှကောက်ယူမည်ဆိုပါက မှန်ကန်မှုရရှိရန်ခက်ခဲခြင်း၊ ဆည်တည်ဆောက်စဉ်ကာလက ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ထိုစဉ်က လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေရယူဆောင်ရွက်ခဲ့ခြင်း၊ စီမံကိန်းလုပ်ငန်းများမှာလည်း ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများအဖြစ် အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ခြင်းတို့ကြောင့် ဆုံးရှုံးမှုများကို ပြန်လည်ဖြေရှင်းဆောင်ရွက်ရမည်ဆိုပါက နိုင်ငံတော်အနေဖြင့် ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၏ ကသာမြို့နယ် ရွှေလီမြစ်ရိုးရှိ ပြိုကျပျက်စီးနေသော အလျား ၁၀၄၆၅ ပေရှိ ဝက်တူးကျေးရွာ ရွှေလီတာပေါင် ပြုပြင်တည်ဆောက်ရေးနှင့် တာပေါင်ထိခိုက်မှုမှကာကွယ်ရန် ပိတောက်ကုန်း၊ ရွှေလီတာပေါင် ရေထွက်ပြွန်နှစ်ခု တည်ဆောက်ရေးတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေအဖြစ်ချထားပေး၍ အချိန်မီပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားပါဝင်ပြီးဖြစ်၍ ယခုလာမည့် ပွင့်လင်းရာသီတွင် လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ အခြေခံပညာ ကျောင်းပေါင်း ၄၉ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီး အခြေခံပညာကျောင်းများတွင် နေ့စားလပေး ဆရာ ဆရာမ ၃၂၅ ဦးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်က ဖြည့်ဆည်းခန့်ထားပေးပြီး ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ထို့ပြင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၇ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၃၇ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၅၁ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ၇၄ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၂၉၈ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ "ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်း


ဦးမျိုးထပ်(ခ)
ဆလိုင်းမျိုးထိုက်

ကျောင်း(ခွဲ)များ မရရှိသေးသော ကျေးရွာများတွင် ကျောင်းများ အမြန်ဆုံးဖွင့်လှစ်ပေးရန်နှင့် ဆရာ ဆရာမများ လစ်လပ်နေသော ကျောင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အချိန်မီချထားပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်း၏ "တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ဖျက်သိမ်းပြီးနောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ တရားမဝင်သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမိုပို့ဆောင်နေကြခြင်းများကို တားဆီးထိန်းချုပ်အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်းရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လက်ရှိအချိန်တွင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်ပစ္စည်း ဝင်ရောက်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဒေသတွင်းသီးခြားအဖွဲ့ ဖွဲ့စည်း၍ တားဆီးဆောင်ရွက်လျက်ရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှလည်း ကုန်သွယ်မှုလမ်းကြောင်းများတစ်လျှောက် တရားမဝင်ကုန်စည်သယ်ဆောင်မှုများတားဆီးရေးကို ရေရှည်နှင့် ကာလတိုလုပ်ငန်းစဉ် နှစ်ရပ်ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို တရားဝင်ဖျက်သိမ်းပြီးနောက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ် နယ်စပ်ဝင်ပေါက် အကောက်ခွန်စခန်းများကို ရှောင်ကွင်း၍ တရားမဝင်ကုန်စည်စီးဆင်းမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် တားဆီးထိန်းချုပ်နိုင်ရေး လုပ်ငန်းစီမံချက်ပြုစုပြီး တရားမဝင်ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့သယ်ဆောင်မှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ပင်မလုပ်ငန်း တာဝန်များဖြစ်သော ကုန်သွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ဆောင်ရွက်ရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်ရေးစခန်းနယ်မြေများတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ သတင်းစုံစမ်းရယူခြင်း၊ သက်ဆိုင်ရာဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများထံ သတင်းပေးပို့ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များအပိုင်းမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးမာန်လောမောင်း၏ "ချင်းပြည်နယ်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီး အပါအဝင် ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်အပ်ခြင်းများကို နွေရာသီကျောင်းပိတ်ချိန်တွင် ပြုလုပ်ပြီး နှစ်စဉ် မေလ ၂၅ ရက်နေ့တွင် အလုပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများကို အခြေခံပညာဦးစီးဌာနတွင် ဆရာ ဆရာမများအဖြစ် ခေါ်ယူရန်အတွက် စဉ်းစားပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ထားခြင်း လုပ်ငန်းများကို နှစ်စဉ်မေလတွင် ဆောင်ရွက်ပြီး အလယ်တန်းကျောင်းအုပ်နှင့် အထက်ရာထူးများကို အခြေခံပညာဦးစီးဌာနရုံးချုပ်မှ လည်းကောင်း၊ အထက်တန်းပြရာထူးများကို တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးရုံးမှလည်းကောင်း၊ အလယ်တန်းပြရာထူးများကို ခရိုင်ပညာရေးမှူးရုံးများမှလည်းကောင်း၊ မူလတန်းပြရာထူးများကိုမြို့နယ်ပညာရေးမှူးရုံးများမှလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်ရာထူးများကို ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်ရသောကြောင့်လည်းကောင်း၊ ရာထူးတိုးကိစ္စများနှင့်ပတ်သက်၍ ဦးစီးအရာရှိ ရာထူးတူများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရသောကြောင့် လည်းကောင်း အချိန်အနည်းငယ်နောက်ကျရခြင်း ဖြစ်ပါကြောင်း၊ လာမည့်ပညာသင်နှစ်မှစ၍ ကျောင်းဖွင့်ချိန်အမီ အလုပ်ဝင်ရောက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြင်ပဆရာ ဆရာမများ ခေါ်ယူရာတွင် ဝေးလံခက်ခဲသော ဒေသများ၌ ဘွဲ့ရလျှောက်ထားသူမရှိပါက ဒေသခံ တက္ကသိုလ်ဝင်တန်း အောင်မြင်သူအသက် ၁၈နှစ် ပြည့်ပြီးသူများနှင့် အသက် ၂၅နှစ် အောက်ရှိသူများကို စာချုပ်ဖြင့် နေ့စားယာယီခန့်ထားပြီး ဘွဲ့ရပြီးပါက အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားပါကြောင်း။

ဝေးလံခက်ခဲသော ဒေသများတွင် ဘွဲ့ရနှင့်တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး လျှောက်ထားသူမရှိပါက ဒေသခံအခြေခံပညာ အလယ်တန်း အဆင့်ပြီးမြောက်သူ အသက် ၁၈ နှစ်ပြည့်ပြီးသူများနှင့် အသက် ၂၅ နှစ်အောက်ရှိသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ရယူ၍ နေ့စားယာယီခန့်အပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာ့အားကစားနှင့် ရီယိုအိုလံပစ်ပြိုင်ပွဲ

## ကျော်ကျော်လှိုင် (SMART)

ဘရာဇီးနိုင်ငံ ရီယိုမှာကျင်းပနေသည့် အိုလံပစ်အားကစားပြိုင်ပွဲကို တီဗွီကထိုင်ကြည့်ရင်း ကျွန်တော့်အတွေးတွေနယ်ချဲ့မိပါသည်။ မြန်မာ့အားကစားကမ္ဘာကို လွမ်းရမည်။ အလွန်နားထောင်လို့ကောင်းသောဆောင်ပုဒ်ဖြစ်ပါသည်။ လက်တွေ့နှင့်တော့ အလွန်အလှမ်းဝေးနေပါသည်။ အာဆီယံမှ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်တို့ ရွှေတံဆိပ်ရကြပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်တို့လည်း ရီယိုအိုလံပစ်အားကစားပြိုင်ပွဲတွင် ဆုတွေရနေတာကို တွေ့နေရပါသည်။

မြန်မာနိုင်ငံသည် အိုလံပစ်အားကစားပွဲတော်ကို ၁၉၄၈ ခုနှစ်မှာစတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုလက်ရှိကျင်းပနေသည့် ရီယိုအိုလံပစ်အထိ ရွှေတံဆိပ်မရရှိသေးပါ။ မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သည့် ဆီးဂိမ်းအားကစားပွဲတော်ကိုပြန်ကြည့်လျှင် မြန်မာနိုင်ငံ၏အဆင့်သည် နံပါတ်(၇)နေရာမှာရပ်နေတာများပြီး ၂၀၀၉ ခုနှစ်ကဆိုလျှင် အဆင့်(၈)ကို ကျသွားပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံကရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခုရရှိပြီး အဆင့်နှစ်ရခဲ့ပါသည်။ အိမ်ရှင်ဖြစ်၍ အဆင့်မြင့်တာဖြစ်ပြီး ရေရှည်တွင် အောင်မြင်မှုမရနိုင်သည်ကို သတိပြုရပါမည်။

တစ်ချိန်က မြန်မာ့အားကစား ရွှေထီးဆောင်းခဲ့ပါသည်။ မြန်မာ့အားကစား အဆင့်နိမ့်သွားရခြင်းကို ကျွန်တော်စဉ်းစားကြည့်မိပါသည်။ အဖြေကိုလည်းရှာကြည့်မိပါသည်။ ဆိုရှယ်လစ်ခေတ်တွင် ကျွန်တော်တို့နိုင်ငံ၏ အားကစားအဆင့်မနိမ့်ပါ။ ဆုတွေရရှိခဲ့သည်ကိုလည်း သတိရနေမိပါသည်။ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်တွေ ပြောင်းလဲလာခြင်းကလည်း မြန်မာ့အားကစားအပေါ်မှာ အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။

အာဏာရှင်စနစ်ရဲ့အောက်မှာ တရားဥပဒေစိုးမိုးမှုတွေအားနည်းပြီး မတရားသောနည်းဖြင့် စီးပွားရှာသူတွေကြောင့် လူတချို့ အလွန်ချမ်းသာသွားကြသော်လည်း ပြည်သူအများနှင့် တိုင်းပြည်က ဆင်းရဲခဲ့ပါသည်။ ကုန်ဈေးနှုန်းများက အဆမတန်ကြီးလာပါသည်။ တိုင်းပြည်က ဆင်းရဲသည့်အတွက် အစိုးရဝန်ထမ်းများကို လခလုံလောက်အောင် မပေးနိုင်ပါ။ ကျောင်းဆရာဆရာမတွေရသည့်လခနှင့် စားဝတ်နေရေး လုံလောက်မှုမရှိတော့သည့်အတွက် ဆရာ ဆရာမအများစုက ကျောင်းတွင် စာကောင်းကောင်းသင်ချင်စိတ်မရှိတော့ပါ။

ဒီတွင် ကျူရှင်စနစ် ပေါ်ထွန်းခဲ့ပါသည်။ ပညာရေးစနစ်ကလည်း ဒါသင်၊ဒါကျက်၊ဒါဖြေ ဖြစ်နေ၍ ကျက်အားကောင်းရန် ကျောင်းသားများ ဂိုက်ခေါ်၍ စာကျက်ရပြန်ပါသည်။ ကျူရှင်တက်ရ၊ အိမ်ပြန်ရောက်သည့်အခါ ဂိုက်နှင့် စာကျက်ရပြန်သဖြင့် ကျောင်းသား ကျောင်းသူများမှာ အားကစားလုပ်ရန် အချိန်ပိုမရှိပါ။ ပညာရေးစနစ်ကလည်း အားကစားကို နေရာမပေးပါ။ အားမပေးပါ။ ပညာရေးဆိုတာနှင့်အားကစားပါလုပ်ရမည်ဆိုသည့် ယဉ်ကျေးမှုဖြစ်လာအောင် ကျောင်းတွေမှာ ဖန်တီးယူရပါမည်။ မြန်မာ့အားကစားရွှေလွှမ်းခဲ့စဉ်က ကျောင်းတွေမှာ အားကစားလုပ်မှ ကျောင်းသားပီသမည်ဆိုသည့် ယဉ်ကျေးမှု လွှမ်းမိုးခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများ အားကစားကို စိတ်ဝင်တစား၊ ချစ်ခင်စုံမက်စွာ မလုပ်သည့်နိုင်ငံသည် အားကစားထူးချွန်ရန် အခွင့်အလမ်း အလွန်နည်းပါသည်။

ကျွန်တော်တို့ကျောင်းသည် အထက(၁) ဒဂုံ ဖြစ်ပါသည်။ ကျွန်တော်တို့ငယ်စဉ်က ကျောင်းသား ကျောင်းသူအများစုသည် ကျောင်းဆင်းလျှင် အိမ်မပြန်ပါ။ ကျောင်းတွင် အားကစားလုပ်ကြပါသည်။ မိန်းကလေးများက ဘတ်စကက်ဘော၊ ကျွမ်းဘားနှင့် ရေကူးကို အများဆုံးကစားကြပြီး ကျောင်းသားများက ဘော်လီဘော၊ ဘောလုံး၊ ကျွမ်းဘား၊ ဘတ်စကက်ဘောနှင့် ရေကူး အားကစားတို့ကို ကစားကြပါသည်။ ကျွန်တော်တို့ခေတ်က ကျောင်းသားတစ်ယောက် မည်မျှပင် စာတော်သည်ဖြစ်စေ၊ မည်မျှပင် ချမ်းသာသည်ဖြစ်စေ၊ မည်မျှပင် ရုပ်ချောသူဖြစ်စေ အားကစားထူးချွန်သည့် ကျောင်းသား၏ ထင်ပေါ်ကျော်ကြားမှုကိုမမီပါ။ ကျွန်တော်တို့ကျောင်းတစ်ကျောင်းတည်းမဟုတ်ပါ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ ကျောင်းသားကျောင်းသူများ အားကစားကိုလေ့လာလိုက်စားကြပါသည်။ ကျွန်တော်တို့နိုင်ငံမှ ရေကူးချန်ပီယံများဖြစ်သည့် နန္ဒကျော်စွာ၊ ပေါ်လီဘဆန်းတို့သည် ကျောင်းသား ကျောင်းသူများဖြစ်ပါသည်။

ကျွန်တော်တို့ကျောင်းတွင် တစ်နှစ်တစ်ခါ တစ်ကျောင်းလုံးအတွက် ပြေးခုန်ပစ်ပြိုင်ပွဲ လုပ်ပါသည်။ ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းပေါ်ရှိ ကလေးဆေးရုံဆောက်ထားသောနေရာတွင် ပြည်ထောင်စု အားကစားကွင်းရှိခဲ့ပါသည်။ ကျွန်တော်တို့ကျောင်း၏ ပြေးခုန်ပစ်ပြိုင်ပွဲကို ထိုကွင်းတွင်နှစ်စဉ် ကျင်းပပါသည်။ တစ်ကျောင်းလုံးမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပါသည်။ ဝင်မပြိုင်သူကို မိန်းမလျာဟု သတ်မှတ်ခံရပါသည်။ ရန်ကုန်တိုင်းကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကိုလည်း အောင်ဆန်းအားကစားပြိုင်ကွင်းတွင် နှစ်စဉ်ကျင်းပပါသည်။ ပြေးခုန်ပစ်သည် ဆီးဂိမ်း၊ အာရှအားကစားပြိုင်ပွဲ၊ အိုလံပစ်ပွဲတို့တွင် ဆုတံဆိပ်အများဆုံးယူနိုင်ပြီး နိုင်ငံအဆင့် သတ်မှတ်ချက်ကိုလည်း ပြောင်းလဲပေးနိုင်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ဂျင်နီဖာတင်လေး၊ မိတုန်းနော်၊ ရှင်မွေဂန်း၊ စိုးမရ၊ ဂျင်မီကရမ်တန်၊ သန်းသန်း၊ မာမာမင်း စသည့် နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်သမားများရှိစဉ်က နိုင်ငံအဆင့်သတ်မှတ်ချက် မြင့်မားခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံအားကစားမြင့်မားဖို့ နိုင်ငံအဆင့်သတ်မှတ်ချက်တွေမြင့်လာဖို့ ကျောင်းသား ကျောင်းသူများ ငယ်စဉ်ကတည်းက အားကစားကို ချစ်ခင်နှစ်သက်စွာ လုပ်ရန်လိုပါသည်။ ကျူရှင်စနစ်ပပျောက်ပြီး အားကစားကို ကျောင်းပညာရေးနှင့် ပေါင်းစပ်နိုင်အောင် နိုင်ငံတော်အစိုးရက ဦးစီး၍ အစီအစဉ်များချမှတ်လုပ်ဆောင်သင့်ပါသည်။ တက္ကသိုလ်တွေမှာအားကစားပြိုင်ပွဲတွေလုပ်နေသည်ကို ဒီမိုကရေစီခေတ်တွင် တွေ့နေရပါပြီ။ တက္ကသိုလ်ရေကူးကန်၊ ကြက်တောင်ကွင်းတို့တွင် ကျောင်းသားများနေရာပြန်ယူနေပါပြီ။ ဝမ်းသာပါသည်။ သို့သော် မလုံလောက်သေးပါ။ အထက်တန်းကျောင်းများတွင်လည်း အားကစားများ လုပ်ရန်လိုပါသည်။ အားကစားကွင်းလုံလောက်စွာမရှိခြင်းက ကျောင်းများတွင်အကန့်အသတ်ဖြစ်နေပါသည်။ တချို့ကျောင်းများတွင် အားကစားကွင်းကကားရပ်ရန်နေရာဖြစ်နေသည်။ အားကစားကွင်းများ၊ ရေကူးကန်များ၊ ဘောလုံးကွင်းများကို နိုင်ငံတစ်ဝန်းတည်ဆောက်ပေးရန်လိုပါသည်။ လက်ရှိ အားကစားကွင်းများ၊ ဘောလုံးကွင်းများနေရာတွင် စီးပွားရေးအဆောက်အအုံ သို့မဟုတ် အခြားအဆောက်အအုံများ မဆောက်ရန်လိုအပ်ပြီး အဆင့်မြှင့်တင်ထိန်းသိမ်းရန်လည်း လိုပါသည်။

"အားကစားကိုချစ်သည့်စိတ်၊ အားကစားလုပ်ရသည်ကိုပျော်နေသည့်စိတ်" ကို လူငယ်များတွင်ရှိရန် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးရပါမည်။ ရီယို အိုလံပစ် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ အသက်(၂၁)နှစ်သာရှိသော ဂျိုးဇက်စကူးလင်းက ပထမရရှိပြီး ရွှေတံဆိပ်ရခဲ့ပါသည်။ စင်ကာပူနိုင်ငံအတွက် အိုလံပစ်သမိုင်းတွင် ပထမဦးဆုံးရသော ရွှေတံဆိပ်ဖြစ်ပါသည်။ ဂျိုးဇက်စကူးလင်းသည် အသက်(၅)နှစ်မှစ၍ ရေကူးအားကစားနည်းကို လိုက်စားခဲ့သူဖြစ်ပါသည်။ အသက် (၉)နှစ်တွင် နိုင်ငံတကာပြိုင်ပွဲဝင်ခဲ့သူဖြစ်ပါသည်။ ယနေ့ရွှေရရှိသူများသည် နှစ်ပေါင်းများစွာ ကြိုးစားလေ့ကျင့်ခဲ့ကြသူများဖြစ်သည့်အပြင် ကျဆုံးမှုပေါင်းများစွာကို ဖြတ်သန်းလာရသူများဖြစ်ပါသည်။ ရှုံးဝံ့မှ နိုင်မည်ဆိုသည့် စိတ်ဓာတ်ကို ကျွန်တော်တို့ လေ့ကျင့်ပျိုးထောင်ရပါမည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကလည်း တစ်နိုင်ငံလုံးရှိလူငယ်များ အားကစားကို ချစ်ခင်စိတ်ပါစွာ ကစားလာနိုင်ရန်၊ ကျောင်းများတွင် ပညာရေးနှင့် အားကစားပေါင်းစပ်နိုင်ရန်၊ မြန်မာ့အားကစား အမြန်ဆုံးတိုးတက်ရန်စသည့်မူများချမှတ်ပြီး ရေတိုရေရှည်စီမံကိန်းများဆွဲကာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ အားကစားအဖွဲ့ချုပ်များကို ဦးဆောင်သည့် ဥက္ကဋ္ဌများကိုလည်း ငွေကြေးတတ်နိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များက ဦးဆောင်ခြင်းထက် အားကစားကိုကစားခဲ့သော၊ အားကစားကိုနားလည်သော၊ အားကစားကို ချစ်မြတ်နိုးသော၊ ခေါင်းဆောင်အရည်အသွေးရှိသော ဥက္ကဋ္ဌများကို ရွေးချယ်တင်မြှောက်နိုင်မှသာလျှင် မြန်မာ့အားကစားသည် အဘက်ဘက်မှ တိုးတက်လာပါမည်။

မြန်မာနိုင်ငံတွင် အားကစားအဖွဲ့ချုပ်ပေါင်း ၄၀ ကျော်ရှိသော်လည်း ငွေကြေးအင်အား၊ စီမံခန့်ခွဲနိုင်သည့်စွမ်းရည်၊ ခေါင်းဆောင်အရည်အသွေးပြည့်ဝသော ဥက္ကဋ္ဌများ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရဒိုင်များ၊ နည်းပြများ၊ နည်းစနစ်ကျွမ်းကျင်သည့် အားကစားသမားများ၊ ပြည့်ပြည့်စုံစုံရှိသည့် အဖွဲ့ချုပ်များက နည်းပါးပါသည်။ အဖွဲ့ချုပ်အများစုသည် ရန်ကုန်တွင်သာရှိကြပါသည်။ ရှမ်းပြည်နယ်သည် တရုတ်ပြည်နှင့်နီးသည့်အပြင် ရှမ်းပြည်နယ်တွင် ဘတ်စကက်ဘောနှင့် စားပွဲတင်တင်းနစ်ကစားခြင်းကို အလေ့အထရှိ၍ ရှမ်းပြည်နယ်တွင် ဘတ်စကက်ဘောနှင့် စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ရုံးခွဲများရှိသင့်ပါသည်။ ရွှေကျင်ဘက်တွင် လှေလှော်ပြိုင်ပွဲများ နှစ်စဉ်လုပ်၍ လှေလှော်အဖွဲ့ချုပ်၏ ရုံးခွဲ ရွှေကျင်တွင်ရှိသင့်ပါသည်။ တစ်ချိန်က ထူးချွန်သောတာဝေးပြေး အားကစားသမားများသည် တောင်ပေါ်ဒေသမှ ဖြစ်ပါသည်။ တောင်ပေါ်ဒေသများတွင် ပြေးခုန်ပစ်ကစားနည်းများ ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ရပါမည်။ မြန်မာနိုင်ငံ၏ဒေသနှင့် ကိုက်ညီသောအားကစားများကို ယင်းဒေသများတွင် အားပေးခြင်းဖြင့် ထူးချွန်သောအားကစားသမားများထွက်ရှိရန် အခွင့်အရေးများပါသည်။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းသည် တိုင်းပြည်၏ ဂုဏ်ကိုတက်စေပါသည်။ ထို့ကြောင့်လည်း ကမ္ဘာတစ်ဝန်း အားကစားအဆင့်အတန်းမြင့်မားစေရန် တိုင်းပြည်တိုင်းက ငွေကြေးအကုန်အကျခံ၍ ကြိုးစားအားထုတ်နေကြပါသည်။ မြန်မာနိုင်ငံအိုလံပစ်ကော်မတီကို အမြန်ဆုံးဖွဲ့စည်းရန်လည်း လိုအပ်နေပြီး အဖွဲ့ချုပ်များ အားကစားတိုးတက်ရေးကို စီးပွားရေးလုပ်ငန်းရှင်များကိုသာ အကုန်အကျခံစေသည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အမူအကျင့်ဟောင်းကိုလည်း ဖျောက်ရပါမည်။ နောင် ငါးနှစ်၊ နောင် ၁၀ နှစ်တွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်သည့် အားကစားများကို ဦးစားပေးအစီအစဉ်ဖြင့် တိုးတက်ဖွံ့ဖြိုးလာအောင် စီမံကိန်းများချ၍ ဆောင်ရွက်သင့်ပါသည်။ လိုအပ်သည့် ရန်ပုံငွေကို ပြည်ထောင်စုအစိုးရက အကုန်အကျခံသင့်သည်ဟု မြန်မာ့အားကစားဖွံ့ဖြိုးရေးအတွက် ရိုးသားစွာ တင်ပြအပ်ပါသည်။ ။

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကို အမြန်ဆုံးဖွဲ့စည်းရန်လည်း လိုအပ်နေပြီး အဖွဲ့ချုပ်များ အားကစားတိုးတက်ရေးကို စီးပွားရေးလုပ်ငန်းရှင်များကိုသာ အကုန်အကျခံစေသည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အမူအကျင့်ဟောင်းကိုလည်း ဖျောက်ရပါမည်။**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**အုတ်တွင်း ဩဂုတ် ၁၇**

ကျေးလက်ဒေသနေသူများ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ခြင်းဖြင့် လူနေမှုဘဝများမြင့်မားရေးကို ရည်ရွယ်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်စက်သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်လှစ်ပွဲကို ဩဂုတ် ၁၅ ရက်က တောင်ငူမြို့ အမှတ် (၁၈)ရပ်ကွက်ရှိ အိမ်တွင်းမှုပညာ အတတ်သင်ကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်က ကျေးလက်ဦးစီးဌာနများမှ လမ်းတံတားနှင့် ရေပေးဝေရေးလုပ်ငန်းများအပြင် လက်သမားပညာ၊ ကွန်ပျူတာ၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ အပ်ချုပ်စက်၊ ဇာထိုးပန်းထိုး ပညာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကာ ကိုယ်ပိုင်အတတ်ပညာများ တတ်မြောက်သွားခြင်းဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝများ တိုးတက်လာမှာဖြစ်သည့်အတွက် ကြိုးစား သင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အုတ်တွင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးအောင်မင်းထွန်းက သင်တန်းအထောက်အကူပြု ပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်း၌ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကရဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၇**

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ရိပ်သာအုပ်ချုပ်ရေးမှူးများ ဖုန်း ၀၉-၄၄၈၅၃၅၁၁၁၊ ၀၉-၉၇၀၉၅၄၅၇၇၊ ၀၉-၉၇၄၃၀၆၀၅၃၊ ၀၉-၂၁၃၃၁၄၂ တို့သို့ ဩဂုတ် ၂၀ ရက်ထက်နောက်မကျဘဲ စာရင်းပေးသွင်းရန်နှင့် မော်တော်ယာဉ်ဝင်ခွင့်ကတ်ပြားများကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်များတွင် ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူးများထံ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာရှယ် အားယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# စက်တင်ဘာလအတွက် Renaissance Myanmar မဂ္ဂဇင်းထွက်ရှိ

စက်တင်ဘာလအတွက် Renaissance Myanmar မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းမဂ္ဂဇင်းတွင် မှူးဇော်၏ ပြည်ထောင်စုအတွက် မျှော်လင့်ချက် (၂၁) ရာစု ပင်လုံညီလာခံ၊ ဆောင်းပါးရှင် ခင်ဇော်ဦး၏ ၂၁ ရာစု ပင်လုံ (သို့မဟုတ်) ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ ကိုကိုလှိုင်၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေး အင်အားနိုင်ငံရေးနှင့် ပထဝီနိုင်ငံရေးအမြင်မှ လေ့လာချက်၊ မင်းဇင်၏ ငြိမ်းချမ်းရေးခရီးဝေးခြင်း၊ နီးခြင်း အကြောင်းရင်းများ၊ ဝင်းဖေမောင်၏ ၂၁ ရာစုပင်လုံ (သို့မဟုတ်) လာရီဂျာဂင်နှင့် အင်တာဗျူးတို့အပါအဝင် ဦးရဲထွန်း၊ မျိုးမင်း (မကျည်းလဟာ)၊ အောင်မိုးဝင်း၊ ကိုရဲ(High Fly)၊ အောင်သူငြိမ်း၊ အောင်နိုင်ဦးတို့၏ ၂၁ ရာစုပင်လုံနှင့်ပတ်သက်သည့် အမြင်များ၊ သုံးသပ်ချက်ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားသည်။




မဂ္ဂဇင်းတွင် မတူကွဲပြား ရှုထောင့်ပေါင်းစုံအမြင်သဘောထားများဖြင့် စုစည်းတင်ပြထားပြီး နိုင်ငံတည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေရန် ရည်ရွယ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေးထွန်းသစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ် တစ်ခေတ်ဆန်းရေး ဟူသည့် မဂ္ဂဇင်း၏ မူဝါဒဖြင့် ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမဂ္ဂဇင်းကို စာပေနန်းတော်စာအုပ်တိုက်က တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

# ပညာရေးချို့ငဲ့သူကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေး

ဆယ်ကျော်သက်အရွယ်ရှိပြီ ဖြစ်သော်လည်း မမြတ်နိုးတစ်ယောက် မူလတန်းဖတ်စာထဲမှ စာလုံးပေါင်းများကို စိတ်ဝင်တစားလေ့လာကျက်မှတ်နေသည်။

သူတက်ရောက်နေသည့်ကျောင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) (၆၉)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတွင် ဖွင့်လှစ်ထားသည့် ကျောင်းပြင်ပမူလတန်းပညာရေးပင်ဖြစ်သည်။

ထိုကျောင်းဝန်းကျင်တွင် ဆင်းရဲနွမ်းပါးသူ အများစုနေထိုင်ရာကျူးကျော်တဲများကလည်း အစီအရီရှိနေသည်။ အဆိုပါကျောင်းတွင် အချိန်ပိုင်းဖွင့်လှစ်ပေးထားသည့် ကျောင်းပြင်ပပညာရေးသို့ တက်ရောက်ပညာသင်ကြားနေသူအများစုမှာလည်း မိဘနှစ်ပါး၏အိမ်ထောင်ရေး အဆင်မပြေလမ်းခွဲမှုကြောင့် ပညာရေးတွင်ချို့ငဲ့သူကလေးငယ်များက အများစုဖြစ်နေသည်။



လက်ရှိ ကျောင်းပြင်ပမူလတန်းပညာရေး တက်ရောက်နေသည့် အသက်(၁၄)နှစ်အရွယ် မမြတ်နိုးတစ်ယောက်ကတော့ မိဘများ စားဝတ်နေရေးအဆင်မပြေမှုကြောင့် ငယ်စဉ်အခါက မူကြိုဆိုတာလည်း မတက်ရ။ အများသူငါကျောင်းတက်သည့်အရွယ်တွင် ကျောင်းတက်ခဲ့ရသော်လည်း စာလိုက်သည့်အခါ နှေးကွေးသောကြောင့် သူငယ်တန်းကို သုံးကြိမ်တက်ခဲ့ရသည်။ ယခု ကျောင်းပြင်ပမူလတန်းကျောင်းကို မတက်ခင် အိမ်အလုပ်တွေကို သူကူလုပ်ပေးရင်းက တူမတွေကို ထိန်းကျောင်းနေရသည်။

မမြတ်နိုးက သူ့အသက်(၉)နှစ်အရွယ်အထိ ဝလုံးပင်သေချာမရေးတတ်ကြောင်း ပြောပြသည်။ လက်ရှိအချိန်တွင် အခြေခံပညာအလယ်တန်းသို့တက်ရောက်ရမည့် အသက်(၁၄)နှစ်အရွယ်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာမသင်ခဲ့ရဘဲ အိမ်စရိတ်ကို တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေရန် ဈေးဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ပေးခဲ့သည်။

"သမီးကျောင်းတက်တဲ့အရွယ်တုန်းက ကျောင်းမှာဆရာမက ဝလုံးကိုရေးခိုင်းတယ်။ မရေးတတ်တော့ သမီးကကြောက်ပြီး အိမ်ပြန်လာတယ်။ အိမ်ရောက်တော့ အမေကရိုက်ပြီး ကျောင်းကိုပြန်ပို့တယ်။ ဒီလိုနဲ့ ဆရာမဆူမှာလည်းကြောက်၊ စာမရတော့ သမီးက ကျောင်းတက်ရမှာကြောက်တော့ မသွားချင်တာနဲ့ပေါင်းပြီး အမေတို့ကလည်း ကျောင်းမထားတော့ဘူး"ဟု ဆယ်စုနှစ်ကြာ ကျောင်းနှင့်ဝေးကွာခဲ့ရသည့် သူ၏ဖြစ်စဉ်ကို ပြောပြသည်။

ထိုကဲ့သို့အကြောင်းအမျိုးမျိုးကြောင့် စာသင်ကြားနိုင်ခြင်းမရှိခဲ့သော ကလေးများကို ကျောင်းပြင်ပရောက် ပညာရေးလုပ်ငန်းများအဖြစ် အသက်(၁၀)နှစ်မှ (၁၄)နှစ်အကြား ကလေးများကို နှစ်နှစ်အတွင်း မူလတန်းပညာပြီးမြောက်စေရေးအတွက် အဆင့်နှစ်ဆင့်ခွဲပြီး သင်ကြားပေးကြောင်း သိရသည်။ ထိုမူလတန်းပညာပြီးမြောက်ပါက အလယ်တန်းအဆင့်သို့ ဆက်လက်သင်ကြားခွင့်ရရှိစေမည်ဖြစ်သည်။

အဆင့်နှစ်ခုစလုံး ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် ပိုင်းခြားထားပြီး ပထမနှစ်ဝက်ကို ရက် ၆၀၊ ဒုတိယနှစ်ဝက်ကို ၄၂ ရက် နှစ်ကြိမ်ဖြင့် ပိုင်းခြားသင်ကြားပေးကြောင်း သိရသည်။

ကျောင်းပြင်ပမူလတန်းပညာရေးအတွက် အသက်(၁၀-၁၄) နှစ်အကြား ကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် လုံးဝပညာမသင်နိုင်ခဲ့သူ ကလေးများ၊ မူလတန်းပညာပြီးဆုံးအောင်မသင်နိုင်ခဲ့သူကလေးများ၊ ကျောင်းချိန်တွင် ကျောင်းမတက်နိုင်ဘဲ မိသားစုတာဝန်ကိုယူ၍ ဘဝပေးအလုပ်ဖြင့်ရုန်းကန်ဖြေရှင်းနေရသူကလေးများ၊ မိဘဆွေမျိုးမဲ့ကာ ဘဝအတွက် ခက်ခဲစွာဖြေရှင်းနေရသူကလေးများ၊ ဘေးအန္တရာယ်များကြားက ပညာသင်ခွင့်ဝေးနေရသူကလေးများအတွက် ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်းပေးခြင်းပင်ဖြစ်သည်။

သင်ယူချိန်ကာလမှာ နှစ်နှစ်ဖြစ်ပြီး ပထမနှစ်(ပထမအဆင့်)မှာ မူလတန်းအောက်ဆင့်နှင့်ညီပြီး ဒုတိယနှစ်(ဒုတိယအဆင့်)မှာ မူလတန်းအထက်အဆင့်နှင့်ညီသည်။ တစ်နေ့လျှင် စာသင်ချိန် ၂ နာရီခွဲ၊ တစ်ပတ်လျှင် ခြောက်ရက်၊ တစ်နှစ်လျှင် ၂၀၄ ရက်၊ စာသင်ချိန် နာရီ ၅၁၀ ဖြစ်ပြီး သင်ကြားပေးသောဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေနှင့် ရပ်ရွာဒေသလူမှုဖွံ့ဖြိုးမှုသင်ခန်းစာများကို သင်ကြားပေးလျက်ရှိသည်။ အခြေခံပညာရေးမူလတန်းအဆင့်ပြီးဆုံးပါက အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ သင်ယူခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ကိုစပြီးခေါ်တုန်းက ယူနီဆက်က တစ်လ ၇၀၀၀၀ ထောက်ပံ့မယ်လို့ပြောပါတယ်။ ခုနောက်ပိုင်း သင်တန်းတက်ပြီးမှ သိလာတာက နိုင်ငံ့အပြောင်းအလဲကြောင့် အခုယူနီဆက်က တိုက်ရိုက်မထောက်ပံ့တော့ဘဲ ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးတယ်လို့သိရတယ်။ နှစ်နှစ်စာချုပ်ထိုးထားရတယ်။ အခုထောက်ပံ့ကြေး သုံးသောင်းတော့ပေးတယ်။ ငွေကြေးကြောင့်ရယ်မဟုတ်ပါဘူး။ ပညာရေးကို စိတ်ဝင်စားတာကတစ်ကြောင်း၊ လက်ရှိကလေးတွေရဲ့အကျိုးကြောင့် လုပ်ဖြစ်နေတာပါ"ဟု ကျောင်းပြင်ပပညာရေးတွင် စေတနာ့ဝန်ထမ်းအဖြစ်ဆောင်ရွက်နေသည့် ဆရာမဒေါ်စန်းစန်းညွန့်က ပြောသည်။

"ရပ်ကွက်ထဲမှာ ကျောင်းမနေရတဲ့ကလေးတွေ ကျောင်းပြင်ပမူလတန်းပညာရေးရှိပါတယ်ဆိုတာကိုသိပြီး ဘဝအတွက် ဒုတိယအကြိမ်အခွင့်အရေးပေးတာကို နေရာအနှံ့မှာရှိနေတဲ့ကလေးငယ်တွေ လာရောက်ဖို့ဖိတ်ခေါ်ပါတယ်"ဟု ၎င်းက ပြောသည်။

မမြတ်နိုး၏ဘေးတွင် အသက်(၁၅)နှစ်အရွယ်ရှိ မောင်ဝေယံဇော်ကလည်း လက်ရေးလှစာအုပ်ပေါ်တွင် ခေါင်းငုံ့၍ ကြိုးစားပမ်းစား ရေးသားလျက်ရှိသည်။ သူသည် ကျောင်းပြင်ပမူလတန်းပညာရေးကို သင်ကြားနေရင်း တစ်ဖက်က ရပ်ကွက်ထဲတွင် စုံစီနဖာကျပန်းလုပ်ကိုင်၍ ဝမ်းရေးအတွက် ရှာဖွေနေရသူဖြစ်သည်။

"အဖေက ဝပ်ရှော့မှာလုပ်တယ်။ အမေက စက်ချုပ်တယ်။ အဖေနဲ့အမေ အိမ်ထောင်ကွဲသွားတော့ သားက အဘိုးတွေဆီမှာနေတာပါ။ သား သုံးတန်းအထိတက်ဖူးတယ်။ ညီလေးတွေ ကျောင်းတက်ကြတဲ့အခါ သားလည်း စာတတ်ချင်လာတယ်။ သားက နိုင်ငံခြားသွားပြီး ပိုက်ဆံတွေအများကြီးရှာပြီး အဖေ အမေတို့ကို လုပ်ကျွေးချင်တယ်။ ညီလေးတွေနဲ့အတူတူနေချင်တယ်"ဟု သူ၏အနာဂတ်အိပ်မက်ကို ပြောသည်။

ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ယူနီဆက်၏ပံ့ပိုးမှုဖြင့် စတင်ခဲ့ကြောင်း သိရသည်။ သင်ယူသူ၏စွမ်းရည်ကိုသိရန် သင်ယူတတ်မြောက်ရမည့်စံသတ်မှတ်ခြင်းဖြစ်သည်။ တတ်မြောက်မှုစွမ်းရည်ကို စနစ်တကျတိုင်းတာနိုင်မည့် စံထားစစ်ဆေးလွှာအသုံးပြုစစ်ဆေးခြင်းဖြင့် တန်းညှိအစီအစဉ်ကို နှိုင်းယှဉ်စံကိုက်ဆန်းစစ်မှုပြုလုပ်သည်။ တတ်မြောက်မှုဆန်းစစ်ခြင်းကို သင်တန်းတက်ရက် ၇၅ ရာခိုင်နှုန်းပြည့်မီခြင်း၊ ဘာသာစုံမျှော်မှန်းရလဒ် ၆၀ ရာခိုင်နှုန်းပြည့်မီခြင်း၊ လုပ်ငန်းစာအုပ်လေ့ကျင့်မှု ၆၀ ရာခိုင်နှုန်းပြည့်မီခြင်း၊ ပညာသင်နှစ်ဆန်းစစ်မှုရမှတ် ၄၀ ရာခိုင်နှုန်းပြည့်မီခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) (၆၉)ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းပြင်ပမူလတန်းပညာရေးကိုမူ ယခုပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် Level -1 တွင် ခုနစ်ယောက်၊ Level-2 တွင် သုံးယောက်၊ ကျောင်းပျော် လေးယောက် စုစုပေါင်း ၁၄ ယောက်သင်ကြားလျက်ရှိသည်။ ကျောင်းချိန်ပြင်ပဖြစ်သည့်အတွက် အစိုးရကျောင်းဆင်းချိန် ၃ နာရီကို ၁၀ မိနစ်ခွာ၍ ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ ၂ နာရီခွဲကြာသင်ကြားပေးလျက်ရှိပြီး တစ်ပတ်လျှင် ခြောက်ရက်ဖွင့်လှစ်ကြောင်း သိရသည်။

ကလေးများဆင်းရဲ၍ ပညာမတတ်၊ ပညာမတတ်၍ ဆင်းရဲသောအဆိုးသံသရာမလည်ရအောင် မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန၊ ကျောင်းပြင်ပမူလတန်းပညာရေးက နည်းလမ်းတစ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"သမီးတူမကလေးတွေ စာဖတ်တဲ့အသံကြားတော့ သမီးစာဖတ်ချင်လာတယ်။ သိချင်လာတယ်။ အစ်မကလည်း ပံ့ပိုးပေးလို့ ဒီကျောင်းကိုတက်ဖြစ်တယ်။ အရင်က အေ၊ ဘီ၊ စီ၊ ဒီကို သိတော့သိတယ်မသဲကွဲဘူး။ အခုသဲသဲကွဲကွဲသိပြီး ပေါင်းတတ်လာတယ်။ စာတွေလည်း ရေးတတ်ပြီး ကာတွန်းစာအုပ်တွေလည်း ဖတ်တတ်နေပါပြီ။ မဖတ်တတ်တဲ့စာတွေမြင်ရင်လည်း သိချင်နေတယ်"ဟု မမြတ်နိုးက ဆိုသည်။

"သမီး အရွယ်ရောက်ရင် ပိုက်ဆံတွေအများကြီးရှာပြီး သမီးလိုစာမတတ်၊ မသင်ရတဲ့ကလေးတွေကို စာသင်ပေးချင်တဲ့စိတ်ကူးရှိပါတယ်"ဟု သူ၏စိတ်ကူးအိပ်မက်ကိုလည်း ဝမ်းနည်းမျက်ရည်စများကြားက ပြောပြခဲ့သည်။

**သတင်းဆောင်းပါး၊ဓာတ်ပုံ-ဝင်းဝင်းမော်**





ဩဂုတ် ၁၇ ရက်က ကျောက်စိမ်းတူးဖော် ထုတ်လုပ်သူများအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ကျပ်သိန်း ၅၀၀၀ ကို လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မောင်မွေး)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇၇) ကြိမ်မြောက်

ဖဟိုကောင်စီ အစည်းအဝေး

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

## မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၈ ဦးအား MAI လေယာဉ်ဖြင့် တတိယအကြိမ် ပြန်လည်ခေါ်ယူ

**နေပြည်တော် ဩဂုတ် ၁၇**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၈ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် မလေးရှားနိုင်ငံမှ ယနေ့တွင် တတိယအကြိမ် ပြန်လည်ခေါ်ယူခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသား ၁၃၈ ဦး ပြန်လည်ခေါ်ယူရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ပထမအကြိမ်အဖြစ် လေယာဉ်ဖြင့် အခမဲ့ပို့ဆောင်နိုင်ရေး လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညပိုင်းတွင် ပို့ဆောင်ပေးခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေးကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ IOM ရုံးမှ တာဝန်ရှိသူများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အလုပ်သမားတစ်ဦးလျှင် ကျပ်တစ်သိန်းစီ၊ IOM အဖွဲ့မှ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့ပြီး နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်း မရှိသူများကိုလည်း ခေတ္တနေရာချထားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

### ❑ စစ်ကိုင်းတိုင်းဒေသကြီးမှ

မည်ဖြစ်သည်။ ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ဖြစ်ပွားလျက်ရှိသောရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းများနှင့် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်း၊ အာဟာရကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ကလေးငယ်များအား ဗီတာမင်နှင့် အာဟာရမှုန့်တိုက်ကျွေးခြင်း၊ နှစ်နှစ်မှ ကိုးနှစ်အတွင်း ကလေးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ အိတ်ချ်အိုင်ဗွီရောဂါနှင့် အခြားကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါထိန်းချုပ်ကုသနှိမ်နင်းရေးအဖွဲ့များနှင့် ပြည်သူ့ကျန်းမာရေး အထူးကုဆရာဝန်ကြီးများအားစေလွှတ်ခြင်း၊ ကုသရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများပါဝင်သောဆေးအဖွဲ့များက ကျေးရွာများသို့ ကွင်းဆင်းကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရေတိုစီမံချက်အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များရှိကျေးရွာအားလုံးတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို အထူးကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ် (Special Immunization Programme) ဖြင့် WHO, UNICEF တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဆိုပါမြို့နယ် သုံးခုလုံးတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများအား အားဖြည့်ဆောင်ရွက်ခြင်း၊ လစ်လပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားခြင်း၊ ကျေးရွာတိုင်းတွင် လူထုကျန်းမာရေးလုပ်သားများ လေ့ကျင့်မွေးထုတ်ခြင်း၊ သားဖွားဆရာမများအတွက် ယာယီကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးခြင်း၊ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးစီမံချက် (Comprehensive Health Development Plan )ရေးဆွဲဆောင်ရွက်ခြင်းတို့အား စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရေရှည်စီမံချက်အနေဖြင့် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် 66/11 KV. (5)MVA ကွင်းယားကြီး ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို ဩဂုတ် ၁၄ ရက်ကတွေ့ရစဉ်။

(ယင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကြောင့် ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာ ၉၅ ရွာ၊ အိမ်ထောင်စု ၁၀၉၄၅ စုအား မကြာမီကာလအတွင်း ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။) (ရဲထွန်း)



### ❂ ၂၀၁၆ ရာသီ ရှုံးထွက်ပြိုင်ပွဲမှ

သည့် ဂိုးများဖြင့် ဗိုလ်စွဲခဲ့ရာ ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံအသင်းသစ်ထွက်ပေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့်ပွဲထွက်ခဲ့သည်။ ပထမပိုင်းခြေစွမ်းအရ မကွေးအသင်း ကစားပုံပိုကောင်းခဲ့ပြီး အဆုံးသတ်အားနည်းခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းက အချိန်အများစု ဖိကစားနိုင်ခဲ့ပြီး ၃၄ မိနစ်တွင်ရရှိသည့် စိုးမင်းနိုင်၏ အပိုင်ကန်သွင်းခွင့်အပါအဝင် အခွင့်အရေးအချို့ကို အသုံးမချနိုင်ခဲ့ပေ။ ရန်ကုန်အသင်းသည် ပထမပိုင်းတွင် ကစားကွက်တည်မရသည့်အပြင် ကြည်လင်းမပါနိုင်၍ တိုက်စစ်အားပျော့ခဲ့ရသည်။ သို့သော် ၃၉ မိနစ်တွင် ဂိုးရခဲ့ပြီး ကျော်ကိုကို၏ ပြစ်ဒဏ်ဘောကို ဇော်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မကွေးအသင်းချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ရန်ကုန်အသင်း အနိုင်ဂိုးထိန်းရန် ကြိုးပမ်းခဲ့သည်။ မကွေးအသင်း၏ တရစပ်တိုက်စစ်ဆင်မှုများကို ရန်ကုန်နောက်တန်း ကြာရှည်တောင့်ခံနိုင်ခြင်းမရှိတော့ဘဲ ၆၆ မိနစ်တွင် ချေပဂိုးပြန်ပေးခဲ့ရသည်။ မကွေးအတွက်ချေပဂိုးကို နောက်ခံလူမိုက်ကယ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်ပြီး သရေကျပြီးနောက်ပိုင်းတွင် မကွေးကစားပုံ ပိုကောင်းခဲ့သည်။ ၇၄ မိနစ်တွင် မကွေးအသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ ရန်ကုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ကျပ်သိန်း ၁၅၀၊ ပထမဆုရ မကွေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၃၀၀ နှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းချန်ပီယံဆုတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**(ရှိုင်းထက်ဇော်)**

## ကျိုက်ထိုမြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်သဖြင့် သစ်ပင်များပြိုလဲကာ လူနေအိမ်အချို့နှင့် စာသင်ကျောင်းခေါင်မိုးပျက်စီး

**ကျိုက်ထို ဩဂုတ် ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာတွင် ဩဂုတ် ၁၇ ရက် နံနက် ၁ နာရီခွဲတွင် လေဆင်နှာမောင်းတိုက်ခတ်သဖြင့် သစ်ပင်များပြိုလဲကာ လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်း ခေါင်မိုးများပျက်စီးခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်း ကျိုက်ထိုမြို့နယ်အတွင်း မိုးဆက်တိုက်ရွာသွန်းလျက်ရှိပြီး ခရွဲကျေးရွာတွင် ရုတ်တရက်လေဆင်နှာမောင်းတိုက်ခတ်ခဲ့ခြင်းကြောင့် သစ်ပင်များပြိုလဲပြီး အချို့မှာ လူနေအိမ်များပေါ်ပိမိခြင်း၊ အိမ်ခေါင်မိုးများလန်ခြင်း၊ ဂျပန်နိုင်ငံမှ GGA အစီအစဉ်ဖြင့် ဆောက်လုပ်လှူဒါန်းထားသော မူလတန်း(လွန်)ကျောင်း ခေါင်မိုးသွပ်အချို့လန်ကာ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ပျက်စီးသည့်အိမ် ၁၃ လုံးရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ပေ။

ယင်းဖြစ်စဉ်ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိမ်ဇရပ်နယ်မြေရဲစခန်း မြို့နယ်သစ်တောဦးစီးဌာန သိမ်ဇရပ်မှကြက်ခြေနီတပ်ခွဲနှင့် အရန်မီးသတ်တပ်ခွဲတို့က လိုအပ်သောကူညီဆောင်ရွက်မှုများပေးခဲ့ကြပြီး ခေါင်မိုးပျက်စီးသွားသော မူလတန်း(လွန်)ကျောင်းမှ ကျောင်းသား ကျောင်းသူများ စာသင်ကြားရေး မထိခိုက်စေရန်အတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏လှူဒါန်းငွေဖြင့် ကျောင်းဖွင့်ရက်အမီပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

## ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆီမီးဖိုင်နယ်တက်

**နေပြည်တော် ဩဂုတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်(အမျိုးသား) အလွတ်တန်းဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ် ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ဩဂုတ် ၁၉ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ကချင်ပြည်နယ် ဘောလုံးအသင်းနှင့် ရှမ်းပြည်နယ်ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)တွင်လည်းကောင်း၊ ကရင်ပြည်နယ်ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

**(မောင်မောင်ဇော်)**

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပခန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ပခန်းကြီး-ပခန်းငယ် ကျေးရွာသွားကားလမ်းကို ဩဂုတ် ၁၇ ရက်က မြေဖို့ပြုပြင်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (ကြေးမုံ)

# ညောင်တုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အလှူရှင်များကိုယ်တိုင် သွားရောက်လှူဒါန်း

**ညောင်တုန်း ဩဂုတ် ၁၇**

၂၀၁၆ ခုနှစ် ဩဂုတ်လဆန်းပိုင်းက ဧရာဝတီမြစ်ရေ ကြီးမြင့်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝရေဘေးအန္တရာယ် ခံစားခဲ့ရသော ခရိုင်နှင့် မြို့နယ် ၁၉ မြို့တို့တွင် ညောင်တုန်းမြို့တစ်မြို့ အပါအဝင် ဖြစ်ခဲ့သည်။ ထိုသို့ ရေကြီးရေလျှံမှုနှင့် ရေနစ်မြုပ်မှုများကြောင့် ရေဘေးရှောင် ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် လူမှုကူညီရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးမြင့်တို့ ဦးဆောင်သော မေတ္တာရေကြည်လူမှုရေးအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ထိပ်ဝကြီးကျေးရွာအုပ်စုသို့ သွားရောက်လှူဒါန်းကြသည်။

"ကျွန်မတို့အဖွဲ့က ဘယ်နေရာ ဘယ်ဒေသမဆို သဘာဝဘေးအန္တရာယ် ရေဘေး၊ မီးဘေးနဲ့ လေဘေးတွေဖြစ်တဲ့ နေရာတွေကို သွားရောက်လှူဒါန်းကြပါတယ်။ အခုလည်း ကြေးမုံသတင်းစာထဲမှာ ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာတွင် ရေမြုပ်နေတဲ့ သတင်းတွေ့တော့ ကျွန်မတို့အဖွဲ့တွေ ညှိနှိုင်းတိုင်ပင်ပြီး လာရောက်လှူဒါန်းတာပါ။ ဒီဒေသက ရေဘေးသင့်ပြည်သူတွေ အန္တရာယ်ကင်းပါစေ၊ စားသောက်ရေးတွေ အဆင်ပြေပါစေဆိုပြီး ကျွန်မတို့ဘက်က တတ်နိုင်သရွေ့ စုပေါင်းပြီး လာလှူတာပါ။ ရေဘေးသင့်ပြည်သူတွေဆီ ကိုယ်တိုင်လာရောက်လှူဒါန်းရတဲ့အတွက် ဝမ်းသာမဆုံး ပီတိတွေဖြစ်မိပါတယ်" ဟု မေတ္တာရေကြည် လူမှုကူညီရေးအဖွဲ့မှ ဒေါ်သင်းသင်းချစ်က ပြောသည်။



ယနေ့ မေတ္တာရေကြည်လူမှုရေးအဖွဲ့က ထိပ်ဝကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငယ်များသို့ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဖိနပ်အစုံ ၁၁၃ ရန်နှင့် စုစုပေါင်းငွေကျပ် ၅၁ သိန်းကျော်တန်ဖိုးရှိပစ္စည်းများ လှူဒါန်းခဲ့သည်။ အဆိုပါ ထိပ်ဝကြီးကျေးရွာအုပ်စုသည် ကျေးရွာငယ် ရှစ်ရွာရှိပြီး မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးရှောင်အိမ်ထောင်စု ၈၁၀ ရှိကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရေဘေးသင့်ပြည်သူများအား ဆန်၊ဆီ၊ရေသန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ လာရောက်လှူဒါန်း

**ကန်ကြီးထောင့် ဩဂုတ် ၁၇**


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် Aung Chan Tha နှင့် Construction Company Ltd. တို့က ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး (ဂေါပကရုံးခန်း) သို့ ဆန်အိတ် ၁၀၀ လာရောက်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ရွှေကိုင်းကံ ပရဟိတအဖွဲ့က မြို့ပေါ်ရေဘေးစခန်းသုံးခုနှင့် ကျေးရွာရေဘေးစခန်းသုံးခု စုစုပေါင်း စခန်းခြောက်ခုမှ အိမ်ထောင်စု ၃၅၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်၊ ဆီတစ်လီတာဘူးတစ်ဘူး၊ ရေသန့်ခြောက်ဘူးပါတစ်ကတ်နှင့် ခေါက်ဆွဲခြောက်ခုနစ်ထုပ်တို့ကို လည်းကောင်း၊ ညနေပိုင်းတွင် ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးမှ တာဝန်ရှိသူများက စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းထားသော ထောက်ပံ့ပစ္စည်းများကို မြို့ပေါ်ရေဘေးစခန်းသုံးခုရှိ အိမ်ထောင်စု ၁၆၂ စုမှ အိမ်ထောင်တစ်စုလျှင် ဆန်သုံးပြည်၊ ငါးသေတ္တာသုံးဘူးနှင့် မိသားစုတစ်ဦးလျှင် ယမ်ယမ်ခေါက်ဆွဲခြောက်တစ်ထုပ်စီတို့ကိုလည်းကောင်း ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။


**နန်းထိုက် (ပြန်/ဆက်)**



# ပုသိမ်နှင့် ငါးသိုင်းချောင်းမြို့များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ









# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း-ဖလမ်းမြို့ | ၁၉၅၄ | ၁. ၀၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၅၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၃၇၀၀ | ၀. ၂၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး-ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၉၉' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး-ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၄၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး-လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၆၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၃၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး-စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅. ၆၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး-ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၁၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၅၀' |
| ၁၈။ | ပြိုင်းချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၂၅၂၀၅ | ၀. ၃၀' |
| ၁၉။ | ဇီးဖြူကုန်းရေလှောင်တမံ | ရခိုင်-သံတွဲမြို့ | ၄၃၀ | ၀. ၂၀' |
| ၂၀။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၃၀' |
| ၂၁။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀. ၄၀' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀. ၃၀' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁. ၁၀ |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၂၀ |

**(သတင်းစဉ်)**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

**၁။ ဘာသာပြန်**

နိဗ္ဗာန်ဘုံကို
အနောက် ဗာဂျင်းနီးယား
မှိုင်းညို့တောင်များ
အရိပ်ထိုးကျမြစ်

ဖတ်လိုက်ရသည့်အခါ အလွန်လှပသော စကားပြေ၊ ဝန်းကျင်ရှုခင်းကို ကဗျာဆန်ဆန် တင်ပြချက်ဟု ထင်ရသည်။ မူရင်းနှင့် တိုက်ဖတ်တော့မှ တလွဲတွေချည်း ဖြစ်နေသည်။ ဘာသာပြန်သူ၏ အပြစ်က တစ်ဝက်၊ အင်္ဂလိပ်သီချင်းကို စာလုံးမကောက်တတ်သူ၏အပြစ်က တစ်ဝက်။

Almost heaven
West Virginia
The rich mountains
Shadow in The river.

ပထမ ၂ ကြောင်းက အင်္ဂလိပ်စာ မှန်ကန်ပါသည်။ သို့သော် heaven ကို နိဗ္ဗာန်ဘုံဆိုသည်ထက် **မိုးထိုးမတတ်**ဟု ဘာသာပြန်ရမည် ဖြစ်ပါသည်။ The rich မဟုတ်ပါ။ Blueridge Mountains ဖြစ်ပါသည်။ တောင်စွယ်တောင်တန်းများ၏ အမည်က (ဖွဲ့ကပင်တောင်တန်း၊ ဇင်းကျိုက်တောင်တန်း ဆိုတာမျိုးလို) ဘလူးရစ်ဂ် တောင်တန်းများဖြစ်သည်။ Rich mountains ဟူ၍ မရှိ။ ကဗျာဆန်ဆန် တင်စားသည်ထင်ပြီး **မှိုင်းညို့ညို့** လုပ်ချလိုက်လေသည်။ Shadow in the river က သည်အတိုင်းဆိုလျှင် မမှားပါ။ သို့သော် Shenandoah River ကသာ အမှန်ဖြစ်ပါသည်။ ထိုတောင်တန်း အခြေမှ **ရှီနန်ဒိုး**မြစ်ကို ပြောခြင်းဖြစ်သည်။

ဤစာကြောင်းများမှာ ၁၉၇၃ လောက်တွင် နာမည်ကြီးလာသော John Denver ၏ **တောလမ်းတောင်လမ်း** Country Roads သီချင်းအစပိုင်းမှ ဖြစ်သည်။ တစ်နေရာတွင် Misty taste of moonshine/teardrops in my eyes ဟု ပါသည်။ **လရောင်ရဲ့ မှိုင်းမှုန် ရသမှာ ငါ့မျက်လုံးတွေ မျက်ရည်စိုစွတ်**ဟု ဘာသာပြန်လိုက်ရာ တက်တက်စင်လွဲပါတော့သည်။ Moonshine သည် လရောင်မဟုတ်၊ တောအရက်၊ ချက်အရက်၊ ခိုးချက်သော အိမ်လုပ်အရက်ကြမ်း ဖြစ်သည်။ **Tear drops** နှင့် **Teardrop** လွဲတာကတော့ မပြောပလောက်ပါ။

The gigantic white elephant stands in the backdrop ဆိုသည်ကို ကြီးမားခန့်ထည်သော ဆင်ဖြူတော်ကြီးသည် ခပ်စောင်းစောင်း ရပ်နေလေသည်ဟု ဘာသာပြန်လိုက်ရာ လွဲချက်က ကမ်းကုန်ပါတော့သည်။ Backdrop က နောက်ခံကား၊ white elephant ဆိုသည်မှာ ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေ့ ဆိုတာမျိုး ဟန်ပြစီမံကိန်း၊ ဟန်ပြအဆောက်အအုံ၊ ငွေကုန်သံပြာ အကြံအဖန်ကိစ္စ၊ အမြင်ကောင်းရုံမျှသာဖြစ်ပြီး ဘာမှ အသုံးမကျသော ကိစ္စ။

ဘာသာပြန်အတွက် ပညာဒါနသင်တန်းဖွင့်ခဲ့ရာတွင် ကြုံခဲ့ရခြင်းများနှင့် လက်တွေ့ဖြစ်ရပ်များမှ အချို့ကို ဆွဲယူ ဥပမာပေးခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် ပြောချင်သည်က ဘာသာပြန်ကို အကဲဖြတ်ခြင်းကိစ္စ ဖြစ်ပါသည်။ မြန်မာ-အင်္ဂလိပ် အပြန်အလှန် ဘာသာပြန်ကြရာတွင် ဘာသာပြန်သူသည် နှစ်ဘာသာစလုံးကို ကျွမ်းကျင်သူဖြစ်နေရပါမည်။ အကဲဖြတ်များအဖို့ကျတော့ နှစ်ဘာသာကျွမ်းကျင်ရုံဖြင့်ပင် မရ၊ တိုက်ဆိုင်ဖတ်ရှုစစ်ဆေးရန်လည်း လိုသည်။ ဝတ္ထုဘာသာပြန်ဆိုပါစို့။ ဘာသာပြန်သူက မူရင်းဝတ္ထုကို **အစအဆုံး** လုံးစေ့ပတ်စေ့ ဘာသာပြန်ရပါမည်။ အကဲဖြတ်သူက အဆင့် သုံးဆင့်ဖြင့် ဖတ်ရသည်။ (က) လုံးစေ့ပတ်စေ့ ဘာသာပြန်ရဲ့လား၊ (ခ) မှန်မှန်ကန်ကန် ဘာသာပြန်ရဲ့လား၊ (ဂ) မူရင်း စာရေးဆရာ၏ ဟန်နှင့်ရသကို ဖမ်းမိရဲ့လားဟူသော အဆင့်သုံးဆင့် ဖြစ်ပါသည်။ စာမျက်နှာ ၂၀၀ မှာ ငါးလုံးလောက်မှားတာ၊ ဖြီးတာမျိုးကိုပင်လျှင် လက်မခံရပါ။ ဖြုတ်ချန်ထားတာတွေ၊ အပိုလျှောက်ဖြည့်တာတွေကိုတော့ ထုံးအိုးထဲနှစ်လျှင်နှစ်၊ တောင်ပံနီမင်းစာအုပ်ကို မီးဖုတ်ဖို့ကောင်းဟူသော စာရင်းထဲသွင်းလျှင်သွင်း။

အကျဉ်းချုံးတွေ၊ retold တွေ ဆိုသည့် ဗုံမဟုတ် ပတ်မဟုတ်တွေကို ရသဘာသာပြန်ထဲ စာရင်းသွင်းနေကြတာ၊ မူရင်းကို လှန်၍ပင်မကြည့်ဖူးဘဲ မြန်မာစကားပြေချောရုံလေးနှင့် ဆုပေးနေကြတာကိုကား သိပ်အားမပေးချင်ပါ။

**၂။ ပေါင်းစည်းလာသော အနုပညာ**

ဒါဒါ ဝါဒ Dadaism ဆိုသော စကားလုံးသည် Futurism, Pointilism ဆိုသော စကားလုံးများကဲ့သို့ ဝေါဟာရဖွင့်ဆိုချက်ရှိသော စကားလုံး မဟုတ်ပါ။ သီးသန့် ကိုယ်ပိုင်ရည်ညွှန်းချက်သာ ရှိပါသည်။ တချို့ကတော့ **ထင်ရာမြင်ရာ အနုပညာဝါဒ**ဟု ခပ်နှိမ့်နှိမ့် ဖွင့်ဆိုကြပါသည်။ ဤသည်မှာလည်း မသင့်ဟု ထင်ပါသည်။ ရှေးရိုးစွဲ အနုပညာအသိကို ထွင်းဖောက်လိုသော အသစ်ရှာ အနုပညာသည်များ၏ **အမြင်သစ်ဝါဒ**ဟုသာ ခံယူပါသည်။

ထိုဝါဒီများ၏ ပထမဆုံး အနုပညာပြပွဲ (အမှန်တော့ ပန်းချီပြပွဲ)အကြောင်းကို **မောရစ်ကောလစ်**၏ စာအုပ်တစ်အုပ်တွင် ဖတ်ဖူးပါသည်။ ကိုလိုနီသခင်ကြီးများ၏ မျက်နှာဖြူအသားပေး တရားစီရင်ရေး စွက်ဖက်မှုကို ဆန့်ကျင်၍ ဥပဒေအတိုင်း ဆုံးဖြတ်ပေးသဖြင့် မောရစ်ကောလစ်က ဘုရင်ခံ အစရှိသော အထက်ပိုင်း၏ ငြိုငြင်မှုခံရသည်။ သူခွင့်ယူပြီး အင်္ဂလန် ခေတ္တပြန်သည်။ ပါရီအထိ သင်္ဘောစီးပြီးမှ အင်္ဂလန်သို့ သင်္ဘောပြောင်းစီးရမည်။ ကြုံတုန်းကြုံခိုက် ပါရီပန်းချီပြခန်းများ သွားလည်ရာတွင် ဒါဒါ ပြပွဲနှင့် တိုးခြင်း ဖြစ်သည်။

ရှေးမူနှင့် အတော်ကွဲလွဲသော ပန်းချီလက်ရာများဟု မှတ်ချက်ပြုပါသည်။ ပြပွဲတွင် ပါဝင်သော **'ပန်းချီဆရာ'**များက ကားလွတ်တစ်ခုပေါ်တွင် ရောင်စုံခဲတံများဖြင့် လက်မှတ်ရေးထိုးထားပြီး ပန်းချီကားဟူ၍ ပြပွဲတင်ထားခြင်းကိုလည်း ဖော်ပြသည်။ သင်ပုန်းတစ်ခုပေါ်တွင် မြေဖြူရောင်စုံသုံး၍ ပန်းချီဆွဲ၊ နာရီဝက်ကြာတော့ ပြန်ဖျက်ပစ် ဆိုတာမျိုးလည်း ပါသည်။ လောက၏ မတည်မြဲမှုကို ကိုယ်စားပြုသည့် ပန်းချီတဲ့။ ပန်းချီဆရာက သေနတ်ဖြင့် သူ့လက်မောင်းကို ပစ်ပြီး သွေးတစက်စက်ကျ လက်မောင်းကို ဆန့်တန်း၊ ညာဘက်လက်က သေနတ်ကိုင်လျက်သား တောင့်တောင့်ကြီး မတ်တတ်ရပ်ပြသော **'ပန်းချီကား'** အကြောင်းလည်း ပါသည် ထင်ပါ၏။ (သွေးထွက်ရုံ ရှုပ်ပစ်တာမျိုး ဖြစ်မည် ထင်ပါသည်။)

ခေတ်ပေါ်ကဗျာ မိတ်ဆက်စာအုပ်တစ်အုပ် ဖတ်ဖြစ်သည်။ Alphabet poem, Block poem, Yodel poem, Voicing poem (sound မဟုတ်)၊ Collage poem, Perform poem ဆိုသော အသစ်အဆန်းတွေ ဖတ်ရသည်။ စာပေလေ့လာရေး ခရီးထွက်ချင်စိတ်ပေါ်လာသည်။ ထိုကဗျာဆရာများ၏ အနုပညာနှင့် ထိုကဗျာများ၏အလှကို မြင်ချင်သည်။ ခေါင်းစဉ် ဖတ်နေရုံမပြောနှင့် ကဗျာဖတ်ကြည့်၊ ရုပ်ပုံ ခံစားကြည့်၊ ဗီဒီယိုဖိုင်ကြည့်သည်အထိပင် ဘာမှ သဘောမပေါက်နိုင်ပါ။ ကျွန်တော် နည်းနည်းပါးပါး သိထားသော (သိသလိုလို ထင်ရသော) မြန်မာဘာသာစကားဖြင့်မဟုတ်ဘဲ အင်္ဂလိပ်လို၊ ဂျာမန်လို၊ တရုတ်လိုတွေ ဖြစ်နေ၍ သိပ်မခံစားတတ်။ အလည်လာသော ကဗျာပညာရှင်များနှင့် (နိုဘယ်လ်ပွဲလို၊ ဧရာဝတီပွဲလို ပွဲများမှာ) တွေ့လျှင် မေးမြန်းပညာယူရသည်။ သို့သော် ထိုလောက၏ ကြွယ်ဝမှုများအကြောင်း ပြောရန် ကြိုးစားခြင်းတော့ မလုပ်ရဲပါ။ ပစိဖိတ်သမုဒ္ဒရာကို ဝါးရင်းတုတ်နှင့် ထောက်တိုင်းနေသလိုသာ ရှိမည်။

မြန်မာ၏ ခေတ်ပေါ် (မော်ဒန်)နှင့် ခေတ်ပြိုင် (ကွန်တင်) ကဗျာလောကတွင် ကိုယ်ပိုင်ဟန်ဖြင့် အသွင်သစ် မြန်မာကဗျာစစ်စစ်ကို ဖန်ဆင်းနေကြသူများ ရှိမည်မှာ ကျိန်းသေပါသည်။ မြန်မာဘာသာစကားမှာ ကျွန်တော် အတန်အသင့် ကျွမ်းကျင်သော ဘာသာစကားဖြစ်၍ ထိုကဗျာဆရာအစစ်များ၏ ကဗျာအစစ်များကို ခံစားကြည့်ရန်မှာ (အလွန်ကြိုးစားရမည် ဖြစ်သည့်တိုင်) အလွန်ခက်မည့်ကိစ္စဟု ကျွန်တော်မထင်ပါ။ တွေ့မိလျှင် ကြုံသလို ပြောပြပါမည်။

အနုပညာများက မြစ်မငါးသွယ် မြစ်ငယ်ငါးရာတို့ မဟာသမုဒ္ဒရာသို့ စီးဝင်သလို ပေါင်းစပ်လာနေကြသော ခေတ်သို့ ရောက်လာသဖြင့် perform poem ကဲ့သို့ အမြင်ကဗျာခေတ်သို့ပင် ရောက်လာပြီဟု ဆိုပါသည်။

အနုပညာတွင် 'ခို ၃ ခို' ကင်းရမည်ဟု **ပေါ်သစ်** (ဦးဝင်းတင်)က ဆုံးမခဲ့ဖူးသည်။ 'မှောင်ခို'မှာ ကြေးတင်လွန်းခြင်း ဖြစ်၏။ 'တောခို'မှာ အစွန်းရောက်ခြင်း ဖြစ်၏။ 'ကြာခို'မှာ ပုံတူကူးချခြင်း ဖြစ်သည်။ ဦးဝင်းတင်၏ အယူအဆကို ရာနှုန်းပြည့် လက်မခံနိုင်သော်လည်း ချက်ကျလက်ကျ ပြန်ငြင်းဖို့ကျတော့ ခက်ပါသည်။ ၁၉၆၈ က ဖြစ်၍ ကျွန်တော်တို့အဆင့်က များစွာ နုလှသည်။

ရုပ်ရှင်တွင် ဖလင်အယ်ဒီတာသည် balance ချိန်၍ tempo ကို ထိန်းပေးသည်။ ဥယျာဉ်မှူးသည် အပင်သန်စေရန် မြေတောင်မြှောက်၊ မြေဩဇာကျွေး၊ ရေလောင်းပေါင်းသင်ပြီးနောက် အပင်နှင့် တူလာစေရန် ကိုင်းပုံများ ဖြတ်ပေးရသည်။ ဦးဝင်းတင် ပြောခဲ့သော အချက်သုံးချက်အနက် တစ်ချက်သည် ကိုင်းပုံများနှင့် ဆိုင်ပါသည်။

**၃။ ရေးသားခြင်းနှင့် ဝေဖန်ခြင်း**

ဝတ္ထု၊ ကဗျာ စသည့် အနုပညာပစ္စည်းတစ်ခုခုကို အနုပညာရှင်က ဖန်တီး၍ ပရိသတ်ရှေ့သို့ ပို့သည်။ ထိုလက်ရာကို ဝေဖန်ရေးဆရာက ဝေဖန်သည်။

ဤကိစ္စအတွက် A,B,C,D ဆိုပြီး အဆင့် ၄ ဆင့် ရှိပါသည်။

A အနုပညာပစ္စည်း၏ နောက်ကြောင်း

<u>A1</u> ရရှိထားသည့် ကုန်ကြမ်း (Theme, Character)

<u>A2</u> ထိုကုန်ကြမ်းကို အချောထည်ဖြစ်အောင် မည်သို့ မွမ်းမံမည်ဆိုသည့် စိတ်ကူး

B ပုံဖော်ခြင်း

<u>B1</u>.A2 တွင် ကြံစည်ထားသည်တို့ကို အတတ်ပညာသုံးစွဲ၍ ထုဆစ်ခြင်း

B2. ပုံနှိပ်ဖော်ပြသဖြင့် ပရိသတ်လက်သို့ရောက်

C. ပရိသတ်၏ ခံစားမှု

စာရေးဆရာ၏ စကားပြေ အတတ်ပညာ၊ ပုံပြောအတတ်ပညာတို့ကြောင့် စာဖတ်ပရိသတ်တွင် ရသ ကိုးပါး ပေါ်လာ။ ကျေနပ်မှုဖြစ်။

D ဝေဖန်ရေးဆရာက အကဲဖြတ်မှု

ဝေဖန်ရေးဆရာက စာရေးဆရာ၏ စကားပြေ၊ ပုံပြောအတတ်ပညာနှင့် စူးရှမှု အနက်အရှိုင်းကို သူဖန်တီးထားသော အနုပညာမှတစ်ဆင့် အကဲဖြတ်။

ဝေဖန်ခြင်းအဆင့် D တွင် ဝေဖန်ရေးဆရာသည် B1 ရရှိလာရန်အတွက် A1 နှင့် A2 တို့ကို မည်သို့ အသုံးချသွားသလဲဟု စူးစမ်းသည်။ B1 အဆင့် (ရေးသားနေချိန်)တွင် စာရေးဆရာ၏ ရင်ထဲမှာ ဘာတွေ ခံစားနေရသလဲဟု စူးစမ်းသည်။ ထို့ထက် မြင့်လာသောအခါ B1 (ကုန်ချော)သည် A2 (ရည်ရွယ်ထားသည့် စိတ်ကူးရုပ်ပုံ projected image ကို မီသလား၊ မမီဘူးလား စူးစမ်းသည်။)

နောက်ဆုံးအဆင့်ဖြစ်သော E ကို သီးသန့် နေရာပေးမထားပါ။ ဤအဆင့်တွင် သာမန် စာဖတ်သူကော ဝေဖန်သူကပါ စာရေးဆရာကို တန်ဖိုးဖြတ်ခြင်း၊ နေရာသတ်မှတ်ခြင်း ဖြစ်သည်။ လောကအကြောင်း ဘာပြောသလဲ၊ ဘယ်လိုပြောသလဲ၊ ဒီဝတ္ထု၊ ကဗျာကြောင့် ဖတ်သူက စာရေးဆရာကို ဘယ်လိုနေရာပေးလိုက်သလဲ ဆိုသည်များပင်။ ဤအဆင့်ကား အနုပညာစွမ်းအားအပြင် လောကအမြင်စွမ်းအားကိုပါ စူးစမ်းရသောအဆင့်ဖြစ်၍ အနုပညာကိစ္စ သက်သက် မဟုတ်တော့ပါ။ ထို့ကြောင့်ပင် ခရီးစဉ် ငါးခု ရှိသော်လည်း လေးခုဟုသာ ပြောခြင်း ဖြစ်ပါသည်။

**၄။ ပန်းဟောဝန်**

မြန်မာ့ဂန္ထဝင် ဂီတတွင် ယိုးဒယားဟူသော သီချင်းတစ်မျိုး ရှိသည်။ ဖရင်းချာမှ ဖရန်တင်အထိ ၁၃ မျိုးလား မသိပါ။ ယိုးဒယားမှ ယူထားခြင်းဟု ဆို၍ ထိုင်းလူမျိုး မိတ်ဆွေများထဲမှ ရှေးသီချင်းနှင့် နီးစပ်သူများကို သိဆိုပြပြီး မေးမြန်းကြည့်သောအခါ ဧ၊ ဧ၊ ချူရေးချိုက် ဆိုသော တစ်ပုဒ်သာ ထိုင်းသံပေါက်သည်ဟု ဆိုပါ၏။ ထားပါ။ **ဖရင်းချာ** (ဖိန်းချား)တွင် **ပန်းမြိုင်လယ်**က ယိုးဒယား **ဖရင်းချာ**ကြီး ဖြစ်ပြီး **ပန်းဟောဝန်**က ယိုးဒယား **ဖရင်းချာ**လေး ဖြစ်သည်။ ပန်းမြိုင်လယ်က ပိုလှပြီး ပိုကြွယ်ဝသည်။ **ပန်းဟောဝန်**က သာမန်မျှသာ။ ထိုသဘောကို ယူ၍ **ပန်းဟောဝန်**ဟု ယူလိုက်ပါသည်။

အမျိုးသမီး ကလောင်ရှင် **ကြည်အေး** အကြောင်း စဉ်းစားမိသည်။ တာရာ မဂ္ဂဇင်းခေတ်တွင် ကဗျာများဖြင့် နာမည်ကျော်သူဖြစ်သည်။ မြန်မာမော်ဒန်ဝတ္ထုတိုခေတ်ကို စတင်ခဲ့သူ နှစ်ဦးအနက် တစ်ဦးဖြစ်သည်။ (နောက်တစ်ဦးမှာ ဒဂုန်တာရာ)

ကြည်အေးကော ဒဂုန်တာရာပါ ဆန်းသစ်မှုကို နှစ်သက်ကြသူများ ဖြစ်သည်။ နတ်သျှင်နောင်ရတုများတွင် တွေ့ရသော အသံအတွဲအစပ် အသစ်များကို နှစ်သက်ကြသူများဟုပင် ယူနိုင်ပါ၏။ ဂန္ထဝင်ရိပ်လွှမ်းသော လွတ်လပ်ရေးခေတ်ဦးတွင် သူတို့၏ (စကားလုံး ကျစ်လျစ်မှုအတွက်) ခုန်ပေါက်ကာရန်ယူပုံများမှာ ဆန်းသစ်နေလေသည်။

အင်္ဂလိပ်စာပေနှင့် နီးစပ်သူများဖြစ်၍ သူတို့၏ ကဗျာများ ဝတ္ထုများတွင် မော်ဒန်ဟန်များ ထွင်းဖောက်ပါဝင်လာနေသည်ကို ၁၉၅၀ လောက်မှာပင် တွေ့ရသည်။ ဒဂုန်တာရာက လူတန်းစားအမြင်ကို နွယ်ယှက်ပြလေ့ရှိသော်လည်း ကြည်အေးက **အရွတ္တ**အတွင်း ထိုးဖောက်ထင်ဟပ်မှုကိုသာ အားထားပုံပေါ်သည်။ သူ၏ ဝတ္ထုတိုများ ကဗျာများတွင် နက်ရှိုင်းသော စိတ်တွင်းသဘာဝကို ရလေ့ရှိသည်။

စာရေးခြင်းကို ၁၀ နှစ် ကျော်ကျော် ပစ်ထားလိုက်ပြီးနောက် ၁၉၇၀ တွင် ကြည်အေးကို ပြန်တွေ့လာရသည်။ ဤတစ်ခါတွင်တော့ ဝတ္ထုရှည်များဖြင့် ပြန်ဝင်လာခြင်း ဖြစ်သည်။ **မေတ္တာမီးအိမ်၊ အပြင်ကလူ၊ မြနန္ဒာ**တို့ဖြင့် ထိပ်ဆုံး ပြန်တက်လာသည်။ **မေတ္တာမီးအိမ်**နှင့် **အပြင်ကလူ**တို့ကို ကြည်အေး၏ ပရိသတ်များကသာ စိတ်ဝင်စားကြသော်လည်း **မောင်နှမ မြနန္ဒာ**တွင် စာပေလောကတစ်ခုလုံး လှုပ်ခတ်သွားသည်။ **မြနန္ဒာက ပြောချင်သေးသည်**ကို ရေးပြီးသောအခါ စာချစ်သူ လူငယ်များ၏ အသည်းစွဲကလောင်ရှင် ဖြစ်သွားပါတော့သည်။ **အထောက်တော်လှအောင်** က **ဖျူနီညိုပြာ**မဂ္ဂဇင်း၏ စာပေခံစားမှုကဏ္ဍဖြစ်သော **ရင်ငြိမ်စာ**တွင် 'ကိုကို့ဘက်မှလည်း ပြောချင်စရာများ ရှိနေဦးမည် ဖြစ်သည်' ဟု ဝေဖန်လိုက်သဖြင့် **ကိုကို့ နှမ မြနန္ဒာ**ကို ဆက်ရေးသည်။ သုံးပုဒ်ပေါင်းပြီး **မောင်၊ ကိုကိုနှင့် မြနန္ဒာ** ဟူ၍ လုံးချင်းထုတ်သည်။ ကျွန်တော်တို့ကတော့ လွယ်လွယ်ကူကူပင် **မြနန္ဒာ**ဟု ခေါ်လိုက်ကြပါသည်။ ဝတ္ထု သုံးပုဒ်ပေါင်းပြီး ဝတ္ထုကြီးတစ်ပုဒ် တည်ဆောက်ခြင်းကို Triology ဟု အမည်ပေးတတ်ကြသည်။ **ကြည်အေး**၏ **မြနန္ဒာ**မှာ မြန်မာစာပေနယ်၏ ပထမဆုံး Triology ဖြစ်မည် ထင်ပါသည်။

ဖြစ်တည်မှု ဝါဒီ Existentialist တို့သည် သက်ရှိလူသားနှင့် ပုံစံခွက်လူသားတို့ကို ခွဲခြားမြင်တတ်သည်။ Being in itself နှင့် Being for itself ကို အလေးထားသည်။ (ဤနေရာတွင် being ကို ပုဂ္ဂိုလ်ဟု ယူရန် သင့်ပါသည်။ A Living being မှ being သဘောမျိုးပင်)

၁၉၆၀ မတိုင်မီက ရေးခဲ့သော **နွမ်းလျအိမ်ပြန်**နှင့် **ဖုန်းသက်တိုင်**တို့တွင် ဖြစ်တည်မှုဝါဒနှင့်အတူ anti-hero ခေါ် နေလောင်ပန်း သဘာဝကို တွေ့ရပါသည်။ **ကျမပညာသည်**ကတော့ မြန်မာ့မူဟန်နှင့် မတူသည့် သဘာဝ တစ်ခုပါနေပြီး ဇာတ်ဆောင်အမျိုးသမီး၏ စရိုက်မှာ ဖြစ်တည်မှုဝါဒီထက် ငါစွဲဝါဒီ egoist၊ egocentric၊ egotist ပုံစံ ပို၍ ပေါက်နေသည်။ **အပြင်ကလူ**တွင်တော့ ဖြစ်တည်မှုဝါဒကို ပီပြင်စွာ တွေ့ရသည်။ **မြနန္ဒာ**တွင်တော့ ဖြစ်တည်မှုဝါဒကို အခြေခံသော်လည်း မြန်မာ့လူ့ဘောင်ထဲမှာ မွေးဖွားကျင်လည်ရသူဖြစ်၍ gender issue ခေါ် ကျား မ တန်းမတူသည့် အနေအထားကြောင့် လည်းကောင်း၊ အသိုင်းအဝိုင်း၏ လိုအပ်ချက် unwritten law အရ လည်းကောင်း တိမ်ဖုံးပါလို့ လမသာ ဖြစ်ရသူ အမျိုးသမီးတစ်ဦး၏ ရင်တွင်းခံစားမှုများကို တွေ့ရသည်။

'အနုပညာသည် ပြည်သူ့အတွက်' ဆိုသော (တစိမ့်စိမ့် တွေးလျှင် ပြုံးချင်စရာဖြစ်သော) ဝါဒကြီးခေတ်စားခဲ့စဉ်က ကြည်အေးကို လူတန်းစား အမြင်မရှိသော အရင်းရှင်ဝါဒီ စာရေးဆရာဟု ဝေဖန်ခဲ့ကြဖူးပါသည်။ ထိုသူများ ရေးသားသော 'ဝတ္ထုကြီး'များက ဝေးလွင့်သွားကြချိန်၌ ကြည်အေးကို ယနေ့လူငယ်များစွဲမက်စွာ ဖတ်ရှုနေကြသည် ဆိုသည့်ကိစ္စမှာ မတော်တဆ ကြုံကြိုက်ခြင်းတော့ မဟုတ်တန်ရာပေ။ ။

> **"အနုပညာသည် ပြည်သူ့အတွက်" ဆိုသော (တစိမ့်စိမ့်တွေးလျှင် ပြုံးချင်စရာဖြစ်သော) ဝါဒကြီးခေတ်စားခဲ့စဉ်က ကြည်အေးကို လူတန်းစား အမြင်မရှိသော အရင်းရှင်ဝါဒီ စာရေးဆရာဟု ဝေဖန်ခဲ့ကြဖူးပါသည်။ ထိုသူများ ရေးသားသော "ဝတ္ထုကြီး"များက ဝေးလွင့်သွားကြချိန်၌ ကြည်အေးကို ယနေ့လူငယ်များစွဲမက်စွာ ဖတ်ရှုနေကြသည် . . .**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၉ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| | | | | |
|---|---|---|---|---|
| ၁ | ငွေလရောင် | သောတာပန်မင်းတစ်ပါး၏ရွှေပေလွှာနှင့် ကမ္ဗဋ္ဌာန်းနည်းပညာ | ၁၈၀၀ိ/- | စာပေနန်းတော် |
| ၂ | | A GLOSSARY OF DIPLOMATIC TERMS & USAGES | ၅၀၀၀ိ/- | ဦးတင့်တယ်စာပေ |
| ၃ | မောင်နီဦး | အစွန်းရောက်တေးသွား | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၄ | ဆူးငှက် | အိပ်မက်ဇွန် မရွှေ့သောအလှ . . . နှင့် မျှော်လင့်ညများ | ၂၇၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၅ | မောင်မင်းစိုး | လူငယ်နှင့် လူမှုရေး | ၁၀၀၀ိ/- | PICA Media |
| ၆ | မောင်ခန့်မြေ(ထီလာ) | ညီမလေးရဲ့အမေ | ၁၀၀၀ိ/- | PICA Media |
| ၇ | မောင်ရန်ပိုင် | တက္ကသိုလ်ရွှေရတုသဘင်မှာကန့်လန့်ကာဆွဲတဲ့ကောင်လေး | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈ | ဦးညာဏ | ဗမာသစ်ပြဇာတ် | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | ဝင်းဝင်းလှိုင်-မြန်မာပြန် | အလွယ်ကူဆုံးတိရစ္ဆာန်ရုပ်စက္ကူခေါက်နည်း ၄၅ ခု | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မောင်စင်ကြယ် | သူရဲကောင်းနှလုံးသား | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | မှော်ဘီဆရာသိန်းကြီး | ပေါရာဏဒီပနပေါင်းချုပ် | ၉၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | စက္ကောမ | ကျွန်တော့်ဘဝကျွန်တော့်အတွေ့အကြုံ ကျွန်တော့်လျှို့ဝှက်ချက် | ၃၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၁၃ | ဆရာချိန်(ပဲခူး) | မှတ်ဖွယ်မှတ်ရာမြန်မာသဒ္ဒါ | ၂၅၀၀ိ/- | Wisdom House |
| ၁၄ | ဦးသာညွန့်နှင့် ဦးမျိုးသန့်(မောင်ဆုရှင်) | ဘဂဝတ်ဂီတ ဟိန္ဒူဘာသာ၏လမ်းညွှန် အဆီအနှစ်ကျမ်း | ၂၀၀၀ိ/- | Wisdom House |
| ၁၅ | ဟိန်းလတ် | အကောင်းဆုံးလက်ရွေးစင် ၉၅ အက်ဆေး | ၂၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၁၆ | ဆရာညီညီပိုင်း (မြန်မာစာ) | အလွယ်ကူဆုံးစာစီစာကုံးများ | ၂၀၀၀ိ/- | ဖူးပွင့်ဝေစာပေ |
| ၁၇ | မင်းသုဝဏ် | အာကာတစ်ခွင် မြေပြင်တစ်ဝန်း | ၂၀၀၀ိ/- | The Key Collection |
| ၁၈ | The Key Collection | လီယိုနာဒိုဒါဗင်ချီ | ၁၅၀၀ိ/- | The Key Collection |
| ၁၉ | နိုင်ဦး | အကျိုးစီးပွားပဋိပက္ခ(အနာဂတ်မရေရာသော မြန်မာသစ်တောများအရေး) | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၀ | စိန္တာမယဆရာပိုင် | ကျွန်ုပ်တွေ့ကြုံခဲ့ဖူးသောပယောဂအတိုက်ဆန်းများ | ၂၀၀၀ိ/- | ရွှေဗညားစာပေ |
| ၂၁ | ဦးဇော်မျိုး (ရန်ကုန်တက္ကသိုလ်) | မြကျွန်းညို(အလယ်တန်းအဆင့်) စာစီစာကုံးများတွေးတောရေးသားပုံ | ၁၅၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၂၂ | ဦးဇော်မျိုး (ရန်ကုန်တက္ကသိုလ်) | မြကျွန်းညို(အလယ်တန်းအဆင့်) နေထူးနေ့မြတ်စာစီစာကုံးများ | ၁၅၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၂၃ | မဏိစန္ဒာ | အမျိုးသမီးအပ်ချုပ်သင်တန်း ခါးရှည်ပုံဆန်းအမျိုးမျိုး | ၄၈၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၂၄ | စိန်လင်း | နယသာဂရပဋ္ဌာန်းတရားတော် | ၆၀၀၀ိ/- | စိန်လင်းစာပေ |
| ၂၅ | ထွန်းရီ (ရှေးဟောင်းစာပေသုတေသနတစ်ဦး) | ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ် ပထမတွဲ အပိုင်း(၁) | ၅၀၀၀ိ/- | မိဘဂုဏ်ရည်စာပေ |
| ၂၆ | ထွန်းရီ (ရှေးဟောင်းစာပေသုတေသနတစ်ဦး) | ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ် ဒုတိယတွဲ အပိုင်း(၂) | ၅၀၀၀ိ/- | မိဘဂုဏ်ရည်စာပေ |
| ၂၇ | ကောင်းထက် | နပိုလီယံ(သို့မဟုတ်)ဥရောပတိုက်တစ်တိုက်လုံးကို ဖိမ့်ဖိမ့်တုန်စေခဲ့သူ | ၂၀၀၀ိ/- | မျိုးမြန်မာစာပေ |
| ၂၈ | ဘီဇက်ဇော်လီ (ကချင်ပြည်နယ်) | WUNPAWNGလို့ခေါ်တဲ့ကချင်လူမျိုး | ၂၅၀၀ိ/- | ပန်းလက်ဆောင်စာပေ |
| ၂၉ | ဘီဇက်ဇော်လီ (ကချင်ပြည်နယ်) | တရုတ်ပြည်နယ် ကချင်လူမျိုးအဇီး(ဖိုင်ဝါး) တိုင်းရင်းသားတွေရဲ့ရိုးရာပုံပြင် | ၂၀၀၀ိ/- | ပန်းလက်ဆောင်စာပေ |
| ၃၀ | ကလောင်စုံ | ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (တရားဝင်)ဖြစ်မြောက်ရေးကော်မတီ၏ ပထမအကြိမ်ညီလာခံ ၂၈. ၈. ၈၈ | ၁၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၃၁ | ဘီဇက်ဇော်လီ (ကချင်ပြည်နယ်) | ဆရာစံတိုးကို ဘုရားဖော်ပြတဲ့ ကယ်တင်ခြင်းနှင့်ဗတ္တိဇံ | ၁၅၀၀ိ/- | ပန်းလက်ဆောင်စာပေ |
| ၃၂ | သီပေါကိုလတ် | ပါရမီခရီးလမ်းမှ မိုင်းဖုန်းဆရာတော်နှင့် လောကဓံတရား | ၃၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၃၃ | သောင်းထိုက် | စစ်သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးဂန္ထဝင်တိုက်ပွဲများ | ၁၅၀၀ိ/- | ရတနာပုံစာပေ |
| ၃၄ | ဖိုးကျော့ | ဆတ်ရေချပွဲ နှင့် အခြားမြန်မာမှုဆိုးဝတ္ထုတိုများ | ၂၀၀၀ိ/- | ရန်အောင် ၂ စာပေ |
| ၃၅ | ကျော်ငွေး | နိုင်ငံတကာ ငွေကြေးဈေးကစားခြင်း | ၃၅၀၀ိ/- | ကိုကျော်ငွေးစာပေ |
| ၃၆ | တက္ကသိုလ်သျှင်သီရိ | အညတရအမျိုးသားတို့၏ ကုသိုလ်ဆောင်ရာ မြတ်ချမ်းသာ | ၅၀ိ/- | တကူးကူးစာပေ |
| ၃၇ | ကျော်နေမင်း(မြို့ပြ) | Taxi ပေါ်မှ Sexy များ | ၂၀၀၀ိ/- | လွတ်လပ်အမြင် စာပေ |
| ၃၈ | ရဲကျော်မြင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ ဦးထင်ကျော် ရက်(၁၀၀)ဒိုင်ယာရီ | ၁၅၀၀ိ/- | အိပ်မက်သစ်စာပေ |
| ၃၉ | ရဲကျော်မြင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရက်(၁၀၀) ဒိုင်ယာရီ | ၁၅၀၀ိ/- | အိပ်မက်သစ်စာပေ |
| ၄၀ | မိုးကျော်စိုး(မကွေး) | မကွေးမိုးနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/- | ကောင်းဆုသာစာပေ |
| ၄၁ | ကလောင်စုံ | ဟန်ရေးပြကြလေခြင်းအပါအဝင် အကျဉ်းထောင်သုတရသဝတ္ထုတိုများ | ၁၈၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၄၂ | လူပန့်ငယ် | သုည၏အခမ်းမနား | ၃၀၀၀ိ/- | လူပန့်စာပေ |
| ၄၃ | ကလောင်စုံ | စိုက်ပျိုးရေးရာအကြံပြုချက်များ | ၃၅၀၀ိ/- | The Farmer pmay |
| ၄၄ | မန်းအောင်ပြည်စိုး | ကရင့်ရေးရာအဖြာဖြာ(တိုင်းရင်းသားများအထူးလေ့လာ ဖတ်ရှုသင့်သော ထိပ်တန်းနိုင်ငံရေးနှင့် လူမှုရေးဆောင်းပါးများ) | ၃၀၀၀ိ/- | ဓမ္မသံတော်ဆင့်စာပေ |
| ၄၅ | ထူးအိမ်သင် | ထူးအိမ်သင် သီချင်းပေါင်းချုပ် | ၅၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၆ | ဆုပြည့်စုံထွန်း | DONALD DUCK ပါဝင်သော Walt Disneyကာတွန်းပုံပြင်များ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၄၇ | ဆုပြည့်စုံထွန်း | TOY STORY ပါဝင်သော Walt Disneyကာတွန်းပုံပြင်များ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၄၈ | ဆုပြည့်စုံထွန်း | DUMBO ပါဝင်သော Walt Disneyကာတွန်းပုံပြင်များ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၄၉ | ဒဂုန်ရွှေမျှား | ကြိုးစင်ပေါ်မှ ဖြောင့်ချက် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၅၀ | ဒဂုန်ရွှေမျှား | ထူးဆန်းသောအိပ်မက်နှင့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၅၁ | ဒဂုန်ရွှေမျှား | ကျွန်မင်းသား | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၅၂ | ဒဂုန်ရွှေမျှား | ဘဝမုန်တိုင်းနှင်းမုန်တိုင်း | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၅၃ | ဒဂုန်ရွှေမျှား | မရဏမျက်နှာဖုံးနှင့် အခြားဝတ္ထုတိုများ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၅၄ | သူရထိုက် | လေ့လာသင့်သည် အင်္ဂလိပ်စာ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၅ | စေတန် | ကဝေနဲ့တစ္ဆေ | ၁၅၀၀ိ/- | ဆဋ္ဌမအာရုံစာပေ |
| ၅၆ | ဂျူနီယာဝင်း | ပျော်ဖို့အတွက်သာ စာဖတ်ပါ ၂ | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၅၇ | ဆုပြည့်စုံထွန်း | မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဝနဝါသီဘန္ဒန္တဥေယျဓမ္မသာမိထေရ် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၅၈ | ဦးမောင်မောင် (မော်ကျွန်း) | စီးပွားရေးလုပ်ငန်းသုံးအစုစပ်လုပ်ငန်းအက်ဥပဒေ | ၃၀၀၀ိ/- | Wisdom House |
| ၅၉ | တင်ရွှေစာပေ | လူလူချင်းစာနာထောက်ထားသူများ | ၂၅၀၀ိ/- | တင်ရွှေစာပေ |
| ၆၀ | ဦးဘုန်း(ဓာတု)မန္တလေး | သော့(လူငယ်အတွေ့ ရသစာစုများ) | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၁ | နေဦးဝေ | ဂန္ထဝင်မင်းမဲ့ မော်ဒန်မင်းမဲ့ | ၂၀၀၀ိ/- | နှင်းဆီနီစာပေတိုက် |
| ၆၂ | မြင့်သိန်းအောင် | အမေရိကားမှာနေကြသည်နှင့် အခြားဆောင်းပါးများ | ၂၀၀၀ိ/- | နှင်းဆီနီစာပေတိုက် |
| ၆၃ | သခင်ကိုယ်တော်မှိုင်း | လေးချိုးပေါင်းချုပ်(ဒုတိယတွဲ) နှင့်တေးထပ်များ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၄ | ခရမ်းပြာတက်လူ | Sorry | ၆၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆၅ | နုနုရည်အင်းဝ | ထဘီလေးတစ်ထည် | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆၆ | ဆိုဖီယာ | ဆိုဖီယာလက်ရာ(မြန်မာမုန့်နှင့် အာရှအစားအစာအချိုပွဲ) | ၅၀၀၀ိ/- | Synergy |
| ၆၇ | နှင်းဝေငြိမ်း | သူတို့ကြိုက်သော ဝတ္ထုချိုချိုများ | ၄၃၀၀ိ/- | စိတ်ကူးချိုချို |
| ၆၈ | သုကိုကို(ကျုံမငေး) | လေးမြတ်ကြည်ညိုရှေးစာဆိုကဗျာများ | ၁၅၀၀ိ/- | နိုင်ငံဂုဏ်ရည် |
| ၆၉ | ကျော်မောင်မောင် | ၂၀၁၃ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ | ၅၀၀၀ိ/- | ယဉ်မျိုး |
| ၇၀ | သစ်ထွန်း(မြစ်ကြီးနား) | ဒါတို့ပြည်ဒါတို့မြေ တို့ပိုင်နက် ဧရာဝတီ | ၁၅၀၀ိ/- | ခေတ်ပြတိုက် |
| ၇၁ | စိုင်းကောင်းစံ | စောမွန်လှကို ချစ်တဲ့သူ | ၁၅၀၀ိ/- | ပူတူတူးလေး |
| ၇၂ | ကိုဝမ်း | နိုင်ငံရေးလိပ်ပြာသန့်ရဲ့လား | ၁၅၀၀ိ/- | ဗညား |
| ၇၃ | ကိုဝမ်း | ပြည်သူ့ခေါင်းဆောင်ဟူသည် | ၁၅၀၀ိ/- | မိတ်ဆွေ |
| ၇၄ | ကိုဝမ်း | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နည်းဥပဒေ | ၁၅၀၀ိ/- | မိတ်ဆွေ |
| ၇၅ | သရဝဏ်(ပြည်) | ဗိုလ်ချုပ်အောင်ဆန်း ဒုတိယအကြိမ်လုပ်ကြံခံရခြင်းနှင့် လက်ရွေးစင်ဆောင်းပါးများ | ၂၀၀၀ိ/- | ၇၇၇၇စာပေ |
| ၇၆ | မိုးအောင်လေး | မြန်မာစာပေဖွံ့ဖြိုးရေးအထောက်အကူပြုစာတမ်းများ | ၂၀၀၀ိ/- | ခူဝံစာပေ |
| ၇၇ | ဒေါက်တာမေမွန် | အာသာနဲ့သူ့မေမေ | ၁၅၀၀ိ/- | Favorite Books Publishing House |
| ၇၈ | ဒေါက်တာဖေဇော်ဦး | စိတ်ဝင်စားစရာတိရစ္ဆာန်ကမ္ဘာ | ၂၀၀၀ိ/- | Favorite Books Publishing House |

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း မူဆယ်၌ဖွင့်

**မူဆယ် ဩဂုတ် ၁၇**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန မူဆယ်ခရိုင် ဦးစီးမှူးရုံးမှ ကြီးမှူးဆောင်ရွက်သည့် အမှတ်စဉ် (၃၆/၂၀၁၆) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကို ခရိုင်ကညနရုံး၏ သင်တန်းခန်းမ ဆောင်၌ ဩဂုတ် ၁၅ ရက်က ဖွင့်လှစ်ခဲ့ပြီး မော်တော်ယာဉ် ယာဉ်မောင်းလိုင်စင်အတွက် နှစ်ရက်၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်အတွက် တစ်ရက် သတ်မှတ်ကာ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီထိ စာတွေ့ လက်တွေ့ပို့ချကြောင်း သိရသည်။

အပတ်စဉ် တနင်္လာနေ့နှင့် အင်္ဂါနေ့ နှစ်ရက် ပုံမှန်သင်တန်းဖြစ်ပြီး ဌာနဆိုင်ရာများနှင့် ကုမ္ပဏီဝန်ထမ်းများအတွက် လစဉ် ဒုတိယပတ်၏ စနေနေ့နှင့် တနင်္ဂနွေနေ့ စီစဉ်ထားသည်။ သင်တန်းသားမှာ ၇၅ ဦးခန့်ရှိပြီး ကညန မူဆယ်ခရိုင် ဦးစီးမှူး ဦးအောင်နိုင်က သင်တန်းမှူးအဖြစ် ဆောင်ရွက်သည်။

သင်တန်း၌ မော်တော်ယာဉ်ဥပဒေ နည်းဥပဒေလမ်းညွှန်၊ လမ်းအမှတ်အသား၊ အချက်ပြဦးစားပေးစနစ်၊ ယာဉ်မောင်းလိုက်နာရမည့် စည်းကမ်းချက်များအား ပရိုဂျက်တာများဖြင့် ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်(ရွှေဈေး) ၈၄၈၅၀၀ - ၈၄၉၅၀၀ မန္တလေး(ရွှေဈေး) ၈၄၈၅၀၀ - ၈၄၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/၆၂၀ ကျပ်၊ | ၆၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၈၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၀. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၉. ၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၄. ၃၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇. ၁၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၇၆၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၁၈၀. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၈. ၄၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၄. ၀၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၈၆. ၇၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



## ငါးမျိုးစိုက်ထည့်ပွဲ ဖျာပုံ၌ ကျင်းပ

**ဖျာပုံ ဩဂုတ် ၁၇**

ငါးသယံဇာတ စဉ်ဆက်မပြတ်တိုးပွားစေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာ စားသုံးမှုဖူလုံစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကိုးအိမ်တန်းကျေးရွာ ဧက ၁၀၀ မျိုးသန့်စံပြစပါးစိုက်ခင်းအတွင်း ငါးခုံးမကြီးကောင်ရေ တစ်သိန်းခွဲကို ငါးမျိုးစိုက်ထည့်ခဲ့ကြရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒု-တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတောင်သူများ တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**



# VMA ဆုပေးပွဲတွင်
## တေးသံရှင် ဘရစ်တနီစပီးယားစ် ပါဝင်ဖျော်ဖြေမည်

ယခုလအတွင်း ကျင်းပမည့် Video Music Awards ဆုပေးပွဲတွင် တေးသံရှင် ပေါ့ပ်ဂီတအကျော်အမော်တစ်ဦးဖြစ်သူ ဘရစ်တနီစပီးယားစ် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ VMA ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်၌ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ Madison Square Garden တွင် ကျင်းပမည်ဖြစ်ပြီး ယင်းဆုကို အမေရိကန်ရုပ်သံလိုင်း အမ်တီဗွီမှ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။

"ဩဂုတ် ၂၈ ရက်မှာ ကျင်းပမယ့် ယခုနှစ်ရဲ့ VMA ဆုပေးပွဲမှာ ဘရစ်တနီစပီးယားစ်ကို နောက်ထပ်တစ်ကြိမ် ထပ်မံမြင်တွေ့ရဦးမှာပါ။ သမိုင်းတွင်မယ့်ပွဲတစ်ပွဲပါပဲ"ဟု ဆုပေးပွဲမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မကြာမီ ကျင်းပမည့် VMA ဆုပေးပွဲသည်လည်း ဘရစ်တနီအတွက် ကိုးနှစ်ကြာမှ ဒုတိယအကြိမ် စင်ပေါ်ပြန်လည်တက်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်က အဆိုပါ ဆုပေးပွဲတွင် ပထမဆုံးအကြိမ် တင်ဆက်ဖျော်ဖြေခွင့်ရရှိခဲ့သည်။

မကြာမီက Billboard Millennium Award ဆုရှင်အဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရသည့် တေးသံရှင် ဘရစ်တနီ၏ လက်ရှိ ဂီတလှုပ်ရှားမှုများ အနေဖြင့် ၎င်း၏ နဝမမြောက် စတူဒီယိုအယ်လ်ဘမ် Glory အတွက် ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ကိုင်လျက်ရှိပြီး ဇူလိုင်လအတွင်းက ယင်း အယ်လ်ဘမ်၏ Title သီချင်း "Make Me..." ကိုဖြန့်ချိခဲ့ရာ ပရိသတ်များ အားပေးမှုရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဘရစ်တနီ၏ ပထမဆုံးသော residency show ဂီတဖျော်ဖြေပွဲများကို ၂၀၁၃ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၁၇ အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# ဒရမ်မာဇာတ်ကားတွင် သရုပ်ဆောင်တစ်ဦးအဖြစ်မြင်တွေ့ရဦးမည့် တေးသံရှင် လေဒီဂါဂါ

တေးသံရှင် လေဒီဂါဂါက ဟောလိဝုဒ်သရုပ်ဆောင်နှင့် ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သူ ဘရက်တလီကူးပါးနှင့်အတူ A Star is Born အမည်ရှိ ဒရမ်မာဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ဇာတ်ကားသစ်အတွက် တေးသီချင်းသစ်ကို လေဒီဂါဂါကိုယ်တိုင်ရေးစပ်ကာ သီဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

Warner Bros. Pictures ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် ယင်းဇာတ်ကားကို ဘရက်တလီကူးပါးက သရုပ်ဆောင်ပိုင်းဆိုင်ရာအပြင် ဒါရိုက်တာတစ်ဦးအဖြစ်ပါ ပူးတွဲပုံဖော်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၆ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

"ဒီဇာတ်ကားသစ်မှာ ဘရက်တလီကူးပါးက ထုတ်လုပ်သူတစ်ဦးအပြင် သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီအတွက်လည်း Warner Bros ရုပ်ရှင်ထုတ်လုပ်ရေးအနေနဲ့လည်း ကြိုဆိုပါတယ်။ နောက်ပြီး တေးသံရှင် လေဒီဂါဂါကလည်း ပူးတွဲပါဝင်သရုပ်ဆောင်မှာဖြစ်တဲ့အတွက် ဇာတ်ကားသစ်ကို ရင်ခုန်စွာစောင့်မျှော်နေမိပါတယ်"ဟု Warner Bros ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂီတသက်တမ်းတစ်လျှောက် မှတ်တိုင်များစွာစိုက်ထူနိုင်ခဲ့သည့် တေးသံရှင် လေဒီဂါဂါသည် ၂၀၁၃ ခုနှစ်အတွင်းက တိုင်းမ်မဂ္ဂဇင်းမှ စာဖတ်ပရိသတ်များ၏ မဲပေးရွေးချယ်မှုအရ ဆယ်စုနှစ်အတွင်း most influential people အဖြစ် ဒုတိယအကြိမ်ရွေးချယ်ခြင်းခံခဲ့ရပြီး ယမန်နှစ်က Billboard's Woman of the Year. အဖြစ်လည်း သတ်မှတ်ဂုဏ်ပြုခံခဲ့ရကြောင်း သိရသည်။



မျိုးစန္ဒာမောင် - စုစည်းသည်

# (၅၈)နှစ်ပြည့်မွေးနေ့ပွဲဆင်နွှဲရန် ကျူးဘားနိုင်ငံသို့ သွားရောက်ခဲ့သည့် မက်ဒေါနား



ပေါ့ပ်ဂီတလောက၏ ဘုရင်တစ်ပါးအဖြစ် တင်စားခံရသူ တေးသံရှင်မက်ဒေါနားအနေဖြင့် ၎င်း၏ (၅၈)နှစ်ပြည့်မွေးနေ့ကို ဆင်နွှဲရန်အတွက် ကျူးဘားနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီး သွားရောက်ခဲ့ကြောင်း သိရသည်။

တေးသံရှင် မက်ဒေါနားအနေဖြင့် ဩဂုတ် ၁၆ ရက်က ကျူးဘားနိုင်ငံမြို့တော် Havana တွင် မွေးနေ့ပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ပြီး နောက်ရက်များတွင် သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု နေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါခရီးစဉ်သို့ မက်ဒေါနားနှင့်အတူ မိသားစုဝင်များ၊ ကလေးငယ်များနှင့် အရင်းနှီးဆုံးသူငယ်ချင်းများ လိုက်ပါခဲ့သည်။

မက်ဒေါနားအနေဖြင့် မွေးနေ့ပွဲအချို့ကို အာဖရိကသို့ သွားရောက်ကာ အာဖရိကရိုးရာအကနှင့် ဓလေ့များအတိုင်း ဆင်နွှဲခဲ့ကြောင်း သိရသည်။

ကျူးဘားနိုင်ငံသည် ယခုအခါ အမေရိကန် အနုပညာရှင်များ အလည်အပတ်လာရောက်ရာ နေရာတစ်ခုဖြစ်လာခဲ့ပြီး ဟောလိဝုဒ်အကျော်အမော်များဖြစ်သည့် ရိုးလင်းစတုန်း၊ ပဲရစ်ဟီတန်၊ လီယိုနာဒိုဒီကာပရီယို၊ ဘီယွန်းစေး၊ ရီဟားနားနှင့် Kanye West တို့လည်း အလည်အပတ်လာရောက်ခဲ့ကြောင်း သိရသည်။

Havana နှင့် ဝါရှင်တန်သည် ယမန်နှစ်က သံတမန်ဆက်ဆံရေး ထူထောင်ထားပြီးဖြစ်သည်။ မက်ဒေါနား၏ လက်ရှိအနုပညာ လှုပ်ရှားမှုများအနေဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်ခဲ့သည့် Rebel Heart Tour ဂီတဖျော်ဖြေပွဲကို အာရှ၊ ဥရောပ၊ မြောက်အမေရိကနှင့် Oceania တို့တွင် ဖျော်ဖြေပွဲပေါင်း ၈၂ ပွဲဖြင့် ယခုနှစ် မတ်လအတွင်းက အောင်မြင်စွာအဆုံးသတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈- ၈ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် မိုးလေဝသအစီအစဉ် MRTV Entertainment Music
- ၆း၂၅ ကာတွန်းအစီအစဉ် "The Missing Lynx" (အပိုင်း-၁)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၆၅)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၂၅)
- ၈း၂၅ Premier League (High Light Review)
- ၉း၂၅ သီရိဝံသဇာတ်ကြီး (အပိုင်း-၃)
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "သတ္တိရှိရင်ချစ်ကြည့်လိုက်"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စတော့အိတ်ချိန်းတွင် အရင်းအနှီးမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း)(အပိုင်း-၁)
- ၈း၃၅ ၂၀၁၆ ခုနှစ်(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန်(အဆိုဘာသာရပ်) (မဟာဂီတ)(ဝါသနာရှင် (ပထမတန်း)အဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၉း၃၅ "The Farmer" (မာလကာသီးစိုက်ပျိုးခြင်း၊ သပြေပန်းစိုက်ပျိုးခြင်း)
- ၁၀း၃၅ "အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့်ပတ်သက်၍ ဆွေးနွေးခန်း"
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၉)
- ၁း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၈၀)
- ၂း၂၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ရတနာမိုင်)
- ၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စတော့အိတ်ချိန်းတွင် အရင်းအနှီးမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း)(အပိုင်း-၁)
- ၄း၁၅ ၂၀၁၆ ခုနှစ်(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန်(အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)(ဝါသနာရှင် (ပထမတန်း)အဆင့်ဝင်) (အမျိုးသား)
- ၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
- ၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (စောထူးအောင်နှင့် ရှိုင်းထက်အောင်)
- ၅း၃၅ NHK Programme "QUIZ Me Science"(မြေပြင်၏အသွင်သဏ္ဌာန်ကိုပြောင်းလဲစေသောမြစ်များ)(၂)
- ၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲဘဝ "ဂမ္ဘီရ"(ဇော်ဝင်းမောင်၊ ကေကေမိုးမြင့်၊ အေးမင်းဖြူ) (ဒါရိုက်တာ-သိန်းစိုး (သီဟရတနာ)
- ၆း၅၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ထာဝရအမေရုပ်ရှင်ရိုက်ကွင်း" (အပိုင်း-၁)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၈၁)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ -ပြည်တွင်းသတင်း၊ -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၉) -သုခုမရင်ခွင်အငြိမ့်သဘင် "မေတ္တာရေစင်အငြိမ့်သဘင်" (မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်-ပြည့်စုံ၊ ချစ်ချော၊ ပွမ်ပွမ်၊ ရှုံးရှဲ)

**မှတ်ချက်။** **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၂၀ မေတ္တာပို့
- ၇း၂၅ ဓမ္မပူဇာတေး
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၂၀ ရှေးဟောင်းသုတ
- ၈း၃၅ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၁၅ လျှပ်တစ်ပြက်
- ၉း၂၅ ဒေသန္တရဗဟုသုတအစုံစုံ အလှဖုံဖုံ
- ၉း၄၀ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၉း၅၀ Casual Talk
- ၁၀း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၁၅ မေးမြန်းစူးစမ်း
- ၁၀း၃၅ Cooking Art
- ၁၁း၁၀ သူနှင့်သူ၏သီချင်းများ
- ၁၁း၂၅ မြန်မာ့ရှုခင်း
- ၁၁း၃၅ မောင်မယ်လေးများသိစေချင်
- ၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၀၀ World Wide Web
- ၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
- ၁၂း၃၅ သီချင်းလက်ဆောင်
- ၄း၂၅ အောင်မြင်ကျော်ကြားခတ်ပြားတေးများ
- ၄း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ သီချင်းလက်ဆောင်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အယ်ဒါနာ (အပိုင်း-၅၁)
- ၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၆း၃၅ ကိုယ်ပျောက်လူသား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဇကေရီ အပိုင်း(၆၀) -ဘောလုံးကန်ကြမယ် -အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရင်နင့်အောင်ချစ်ရသူ အပိုင်း(၂၉)

## MRTV-4

- ၅း၄၀ "ယနေ့ကမ္ဘာနှင့် မေတ္တာတရား" တရားတော်(ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ ဟင်းချက်ရအောင်
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၄း၀၀ Cartoon Series (Welcome To Sky Ville)
- ၆း၁၀ Health Fix
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၄)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၁၄)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ MRTV-Stage
- ၁၀း၄၀ World of Knowledge (Locked up Abroad Heroin Sting)

# ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ သတင်းများ



## အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ဆွီဒင်အသင်းနှင့် ဂျာမနီအသင်း ထိပ်တိုက်တွေ့ဆုံနေ

ဘရာဇီးအမျိုးသမီးအသင်းနှင့် ဆွီဒင်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာတွင် ဘရာဇီးအမျိုးသမီးအသင်းသည် ဆွီဒင်အမျိုးသမီးအသင်းအား လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ထို့ကြောင့် အနိုင်ရရှိခဲ့သည့် ဆွီဒင်အမျိုးသမီးအသင်းသည် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီအမျိုးသမီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။ ဂျာမနီအမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ကနေဒါအမျိုးသမီးအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အသင်းဖြစ်သည်။

ကနေဒါအမျိုးသမီးအသင်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုဆွတ်ခူးထားခဲ့သည့် အသင်းဖြစ်ပြီး ဘရာဇီးအမျိုးသမီးအသင်းမှာမူ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ ရွှေတံဆိပ်ဆုဆွတ်ခူးမည်ဟု မျှော်လင့်ထားသည့် မျှော်လင့်ချက်သည်လည်း ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

ဘရာဇီးအမျိုးသမီးအသင်းအား အနိုင်ရရှိခဲ့သည့် ဆွီဒင်အမျိုးသမီးအသင်းမှာ ၁၉၄၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိုလံပစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး အဆိုပါ ၁၉၄၈ ခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် ဆွီဒင်အမျိုးသားဘောလုံးအသင်းက ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

(ငွေကြယ်)

## ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၈ | ၃၀ | ၂၈ | ၈၆ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၁၉ | ၁၉ | ၁၂ | ၅၀ |
| ၃ | တရုတ် | ၁၇ | ၁၅ | ၁၉ | ၅၁ |
| ၄ | ရုရှား | ၁၂ | ၁၂ | ၁၄ | ၃၈ |
| ၅ | ဂျာမနီ | ၁၁ | ၈ | ၈ | ၂၇ |
| ၆ | ပြင်သစ် | ၈ | ၁၁ | ၁၁ | ၃၀ |
| ၇ | အီတလီ | ၈ | ၉ | ၆ | ၂၃ |
| ၈ | နယ်သာလန် | ၈ | ၃ | ၃ | ၁၄ |
| ၉ | ဩစတြေးလျ | ၇ | ၈ | ၉ | ၂၄ |
| ၁၀ | ဂျပန် | ၇ | ၄ | ၁၈ | ၂၉ |
| ၁၁ | တောင်ကိုရီးယား | ၆ | ၃ | ၅ | ၁၄ |
| ၁၂ | ဟန်ဂေရီ | ၆ | ၃ | ၄ | ၁၃ |
| ၁၃ | ကင်ညာ | ၄ | ၃ | ၁ | ၈ |
| ၁၄ | စပိန် | ၄ | ၁ | ၂ | ၇ |
| ၁၅ | နယူးဇီလန် | ၃ | ၆ | ၁ | ၁၀ |
| ၁၆ | ဘရာဇီး | ၃ | ၄ | ၄ | ၁၁ |
| ၁၇ | ကနေဒါ | ၃ | ၂ | ၉ | ၁၄ |
| ၁၈ | ခရိုအေးရှား | ၃ | ၂ | ၀ | ၅ |
| ၁၉ | ဂျမေကာ | ၃ | ၀ | ၂ | ၅ |
| ၂၀ | ကာဇက်စတန် | ၂ | ၃ | ၅ | ၁၀ |

မှတ်ချက် -

၁၇-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည - ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။

ဇော်ဝင်း

## စမတ်ဖုန်းသုံးစွဲမှုပိတ်ပင်ခြင်းအပါအဝင် ဘီယာအခမဲ့သောက်သုံးနိုင်မှုတွေနဲ့အတူ ရီယိုအိုလံပစ် ၁၂ ရက်မြောက်ရဲ့ ထူးခြားချက်များ

ရီယိုအိုလံပစ်ရဲ့ ၁၂ ရက်မြောက်နေ့ဖြစ်တဲ့ ဩဂုတ်၁၇ရက်မှာ ထူးခြားတဲ့ မြင်ကွင်းတစ်ခုကတော့ မီတာ၅၀၀၀ အပြေးပြိုင်ပွဲမှာ မြင်တွေ့ကြရတဲ့ အိုလံပစ်စိတ်ဓာတ်ဆိုတာကို ထင်ဟပ်စေတဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။ အမေရိကန်အပြေးမယ် အဘေးဒီအဂိုစတီနိုက နယူးဇီလန်အပြေးမယ် နီကီဟမ်ဘလင်ကို ဖေးမပြီးအားပေးစကားပြောကြားခဲ့တဲ့ ပုံရိပ်လေးပါ။ ဟမ်ဘလင်က ပြေးလမ်းကြောင်းမှာပဲ ထိုင်ချပြီး ရပ်နေခဲ့ရာမှ ပြိုင်ဘက် အဂိုစတီနိုက ရောက်လာပြီး "ထပါ။ တို့တွေအတူတူ ပန်းတိုင်အထိရောက်အောင် ဆက်ပြေးကြမယ်လေ" လို့ ဆိုခဲ့ပါတယ်။ အဲဒီနောက် အဂိုစတီနိုက ဒဏ်ရာရသွားခဲ့ပြီး Wheel Chair နဲ့ ပြိုင်ပွဲကနေမထွက်ခွာရခင် ဟမ်ဘလင် ရောက်လာပြီး ပြန်လည်အားပေးခဲ့ကာ တစ်ဦးနဲ့တစ်ဦး ပွေ့ဖက်နှုတ်ဆက်ခဲ့ကြတဲ့ပုံရိပ်ဟာ ရီယိုအိုလံပစ်ရဲ့ မမေ့နိုင်စရာပုံရိပ်အဖြစ် ရှိနေတော့မှာဖြစ်ပါတယ်။ ဟမ်ဘလင်ကတော့ "ကျွန်မ အရင်က သူနဲ့ တစ်ကြိမ်တစ်ခါမျှ ဆုံဖူးခြင်းမရှိပါဘူး။ ဒါပေမယ့် အဲဒီတိုတောင်းတဲ့ အခိုက်အတန့်လေးအတွင်းမှာပဲ ကျွန်မဘဝ လက်ကျန်အချိန်တွေတိုင်းမှာ သူ့ကို ဘယ်တော့မှ မမေ့နိုင်လောက်အောင်ကို ဖြစ်ခဲ့ရတော့မှာပါ" လို့ ဆိုခဲ့ပါတယ်။



ဒီနှစ် ရီယိုအိုလံပစ်ပြိုင်ပွဲမှာ စမတ်ဖုန်းအသုံးပြုမှု ကန့်သတ်ထားပေမယ့် ကစားသမားတွေရဲ့ ဆဲလ်ဖီကူးမှုတွေကတော့ မြင့်တက်လျက်ရနေဆဲပါပဲ။ အမေရိကန်ရေကူးချန်ပီယံ ဖဲလ်ပ်ဟာ ဒီနှစ် အိုလံပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခုဆွတ်ခူးထားတာကြောင့် အမေရိကန်အခွန်ဥပဒေအရ အခွန်ငွေ အမေရိကန်ဒေါ်လာ ၄၂၀၀၀ ကနေ ၅၅၀၀၀ ကြား ပေးဆောင်ရဖို့ရှိနေပါတယ်။

အမေရိကန်အမျိုးသမီးဘောလုံးအသင်းမှ ဂိုးသမား ဟုပ်ဆိုလိုကတော့ ဆွီဒင်ကို အရေးနိမ့်ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရတာက အိုလံပစ်ပြိုင်ပွဲကို အရုပ်ဆိုး အကျည်းတန်စေခဲ့တယ်လို့ ပြောပေမယ့် ဘောလုံးလောကကနေ အနားယူသွားခဲ့တဲ့ ဝမ့်ဘာ့ချ်ကတော့ ဟုပ်ဆိုလိုနဲ့ ဆန့်ကျင်ဘက်သဘောထားကို သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။ ဝမ့်ဘာ့ချ်က" ဆွီဒင်အသင်းရဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်လာမှုကို ဂုဏ်ပြုပါတယ်"လို့ ဩဂုတ် ၁၇ ရက်မှာ ရေးသားခဲ့တာဖြစ်ပါတယ်။

ဒီနှစ်အိုလံပစ်ပြိုင်ပွဲမှာ ဘီယာကို အခမဲ့ သောက်သုံးခွင့်ပေးထားတာကြောင့် ဘီယာကြိုက်သူတွေအတွက် အတော်လေးအဆင်ပြေနေတာကို တွေ့ရပါတယ်။ ဒါပေမယ့် လှေလှော်ပြိုင်ပွဲနဲ့ ရွက်လှေပြိုင်ပွဲတွေကျင်းပတဲ့ ရီယိုမြို့ရဲ့ မာရီးနား ဒါဂလိုရီယာ ရေပြင်မှာ အမှိုက်တွေ မျောနေတာကြောင့် ဒီအစအနတွေက လှေကိုလာကပ်တာမျိုးတွေလည်းရှိတာကြောင့် တကယ့်ရလဒ်အစစ်





အမှန်ကို မရရှိခဲ့ဘူးလို့ ဘရာဇီးရွက်လှေပြိုင်ပွဲဝင် ဆင်မြူရယ်က ပြောပါတယ်။ "တကယ်ဆိုရင် ကျွန်တော်ဒုတိယနဲ့ ပန်းဝင်မှာပါ။ အခုတော့ ဒီအမှိုက်စတွေက လှေကိုလာရိုက်တာကြောင့် ဆုမရတော့ဘူး"လို့ ဆိုပါတယ်။

နောက်နေ့တွေမှာလည်း အိုလံပစ်ပြိုင်ပွဲ တစ်နေ့တာအတွင်း ထူးခြားမှုတွေကို ဆက်လက်ဖော်ပြပေးသွားပါဦးမယ်။

မေလွဲသင်း

## အသင်းကြီးတွေ ပိုမိုအခွင့်ရစေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ပုံစံပြောင်းလဲရန် ယူအီးအက်ဖ်အေ စဉ်းစားနေ



ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)သည် ဥရောပအသင်းကြီးများကို ပိုမိုအခွင့်အရေးသာစေသည့် ချန်ပီယံလိဂ်ဝင်ခွင့် ယှဉ်ပြိုင်မှုပုံစံကို ပြောင်းလဲရန် စဉ်းစားနေကြောင်း စကိုင်းစပို့သတင်းဌာနက ဖော်ပြသည်။ ယင်းစနစ်သာ အသက်ဝင်လာမည်ဆိုပါက ဥရောပထိပ်တန်းလိဂ်အဖြစ် သတ်မှတ်ထားသည့် စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်စ်လီဂါ၊ အင်္ဂလန်ပရီမီယာလိဂ်နှင့် အီတလီစီးရီးအေအသင်းကြီးများရှိ ထိပ်တန်းကလပ်လေးသင်းမှာ အလိုအလျောက် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

ယူအီးအက်ဖ်အေ၏ ကလပ်အသင်းများ ကော်မတီသည် စူပါလိဂ်၏ခြိမ်းခြောက်လာမှုကို ကျော်လွှားနိုင်ရန် ပြိုင်ပွဲဝင်အသင်းများ ဝင်ခွင့်ပုံစံကို ပြင်ဆင်ရန် လိုလားနေခြင်းဖြစ်ပြီး နည်းလမ်းမျိုးစုံကို စဉ်းစားထားရာ ထိပ်တန်းလိဂ်လေးခုမှ အသင်းလေးသင်း တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးရေးအစီအစဉ်မှာ အဆိုပါနည်းလမ်းများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။ ယင်းအပြောင်းအလဲကို လာမည့်ဘောလုံးရာသီသုံးရာသီအတွင်း စတင်အသုံးပြုသွားရန်ရှိသဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်းမှာပင် ပြောင်းလဲရန်ရှိနေသည်။

ယူအီးအက်ဖ်အေသည် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ပြီး သက်ဆိုင်သူများအားလုံး၏ တုံ့ပြန်ချက်အပေါ် မူတည်ကာ အဖြေထုတ်သွားမည်ဖြစ်ကာ ယင်းတုံ့ပြန်အဆိုပြုချက်များကို လာမည့် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည့် ဥရောပကလပ်များအသင်း အထွေထွေညီလာခံမတိုင်မီ တင်သွင်းရမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် ကမ္ဘာ့ပရိသတ်အင်အား အခိုင်အမာရရှိထားသည့် မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အေစီမီလန်အသင်းများ ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရရှိခြင်းကြောင့် ဝင်ငွေအနည်းငယ်လျော့နည်းနိုင်ခြေရှိနေကြောင်းလည်း သိရသည်။

(မေလွဲသင်း)

❐



ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ရေးအတွက် ရထားရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ခွဲ တပ်စု(၃) ဖြူးကွပ်ကဲမှုအောက်ရှိ ညောင်ခြေထောက်ဘူတာကင်းမှ ရဲတပ်ကြပ်ခင်မောင်ဇော်ဦးစီးသော ဦးစီးအဖွဲ့သည် ဩဂုတ် ၁၅ ရက်က ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာကြား သံလမ်းတစ်လျှောက် မြန်မာ့မီးရထားမှ အငယ်တန်းအင်ဂျင်နီယာ(၃)(သံလမ်း) ဦးမျိုးသန့်အဖွဲ့နှင့် ပူးပေါင်း၍ သံလမ်းတစ်လျှောက် ကင်းစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၀၂၇

# ဂုတ်တွင်းလမ်းပိုင်းတွင် ယာဉ်မောင်းများ သတိထားမောင်းနှင်ရန်လိုအပ်

**ကျောက်မဲ ဩဂုတ် ၁၇**

ရှမ်းပြည်နယ် မြောက်ပိုင်း ဂုတ်တွင်းလမ်းပိုင်း အသုံးပြုသွားလာနေကြသော ယာဉ်မောင်းများအနေဖြင့် ဂုတ်တွင်းလမ်း ကျောက်မဲဘက်အခြမ်း ခြောက်ထပ်ကွေ့ရှိ ဒုတိယကွေ့မှာ လမ်းသားကောင်းမွန်မှု အားနည်းသည့်အတွက် မကြာခဏ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဩဂုတ် ၁၆ ရက် နံနက် ၁ နာရီခွဲက အဆိုပါနေရာတွင် ၂၂ ဘီးတွဲကားနှစ်စီး အတက်အဆင်း ပြိုင်တူပြုလုပ်စဉ် အတက်ကားမှာ တွဲချိတ်ပြုတ်သွားခဲ့ပြီး အဆင်းကားမှာ တင်လာသောပစ္စည်းများ ပြုတ်ကျသည့်အတွက် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး ကျောက်မဲခရိုင် ယာဉ်ထိန်းတပ်ဖွဲ့စုမှ လမ်းအမြန်ဆုံးပွင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဂုတ်တွင်းလမ်းတွင် မောင်းနှင်နေသည့် ယာဉ်မောင်းများအနေဖြင့် အချင်းချင်း စိတ်ရှည်သည်းခံ နားလည်မှုရှိကြရန်လိုကြောင်း၊ မိမိဆန္ဒစောမှုကြောင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်ကာ နောက်ဆက်တွဲဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင် ၈၂/၂ နှင့် ၈၄/၃ ကြားတွင် တွဲကားများ အတက်အဆင်း ပြိုင်တူပြုလုပ်၍မရနိုင်ပါသဖြင့် သတိထားမောင်းနှင်သွားရန်နှင့် ကားသမားအချင်းချင်း အပြန်အလှန်လေးစား နားလည်စွာဖြင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားကြရန်လိုကြောင်း ကျောက်မဲခရိုင် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **သိန်းသန်း(ကျောက်မဲ)**

# ဝါးခယ်မတွင် သက်ရှည်ပညာ ရောဂါညှိဌာန ဖွင့်လှစ်

**ဝါးခယ်မ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုပြီး သက်ရှည်ပညာ ရောဂါညှိဌာနဖွင့်ပွဲ အခမ်းအနားကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်းတိုက် အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် သက်ရှည်ပညာ ရောဂါညှိအဖွဲ့ ၏ ကိုယ်စား ဦးဆန်းချိုဦးက အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ သက်ရှည်ပညာ ရောဂါညှိအဖွဲ့ ဗဟို(ရန်ကုန်) မှ ဧည့်သည်တော်များ၊ မြို့နယ်မှ အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ သက်ရှည်ပညာ ရောဂါညှိအဖွဲ့ ဗဟို (ရန်ကုန်) မှ ဒေါ်ရင်ရင်ထွေးက သတ္တဝါများ ခံစားနေရသည့် ရောဂါဝေဒနာများအား သက်သာအောင်၊ ပျောက်ကင်းအောင် စကြဝဠာစွမ်းအင်ဖြင့် သတ္တဝါများ၏ ဇီဝကမ္မဖြစ်စဉ်ကို မူလအတိုင်း ပြန်လည်ကောင်းမွန်နိုင်ရန် ညှိပေးသည့် စနစ်ဖြစ်ကြောင်း၊ သတ္တဝါများ၏ ကျန်းမာရေးကို နှိပ်နယ်ချိုးဖွဲခြင်း၊ ဆေးစားခြင်း၊ ဆေးထိုးခြင်း အလျင်းမပြုဘဲ ခံစားနေရသည့် ဝေဒနာများအား တိုင်းရင်းဆေးပညာအလိုအရ ဓာတ်ကြီးလေးပါးကို မျှတအောင် ညှိပေးသကဲ့သို့ဖြစ်ကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောခဲ့သည်။

မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဝါးခယ်မမြို့နယ် သက်ရှည်ပညာ ရောဂါညှိအဖွဲ့က စာရေးကုန်းရပ်ကွက် ဘိုးမင်းခေါင် ရန်အောင်မြင်ခမ္မာရုံ၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ မည်သူ့ကိုမဆို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **လွှမ်းသီဟ (ဝါးခယ်မ)**

# အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြုသင်တန်းဖွင့်လှစ်

**မင်းကင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့တွင် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြု သင်တန်းကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခြေခံတိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြုသင်တန်းသို့ မြို့နယ်အတွင်းရှိ သင်တန်းသားသင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# ရွှာသစ်မြို့ရှိ တောင်သူများအား စိုက်ပျိုးငွေများ ထုတ်ချေးပေး

**ရွှာသစ် ဩဂုတ် ၁၇**

ကယားပြည်နယ် ရွှာသစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား စိုက်ပျိုးရေးအတွက် ချေးငွေ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခြင်းဖြစ်ပြီး စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ တောင်ယာတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ စီဖြင့် ရွှာသစ်မြို့ပေါ်နှင့် ကျေးလက် တောင်သူများပါမကျန် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာစေရန် ရည်ရွယ်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ရွှာသစ်မြို့ရှိတောင်သူ လယ်သမားများမှာ စိုက်ပျိုးရေးကို အမှီပြု၍ နေထိုင်ခဲ့ကြပြီး ဒေသထွက်ကုန်များဖြစ်သည့် ဆန်၊ နှမ်း၊ ပြောင်း၊ အုန်းနှင့် ပရဆေးပင်ဖြစ်သည့် ပိတ်ချင်းများ စိုက်ပျိုးကြပြီး အဓိကစိုက်ပျိုးသည်မှာ ပရဆေးဖက်ဝင် ပိတ်ချင်းနှင့် အုန်းပင်များ ဖြစ်ကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**

# ရေးမြို့နယ် အရပ်ဘက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် လူ့အခွင့်အရေး ဖော်ဆောင်သူများအချင်းချင်း သတင်းအချက်အလက်များဖလှယ်ခြင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းများ ပြန်လည်သုံးသပ်

**ရေး ဩဂုတ် ၁၇**

ရေးမြို့နယ်အရပ်ဘက်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့များနှင့် လူ့အခွင့်အရေးဖော်ဆောင်သူများအချင်းချင်း သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ဆောင်ရွက်ခဲ့သော လုပ်ငန်းများပြန်လည်သုံးသပ်ခြင်းကို (LRC) Local Resaurce Center ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့နှင့် ဩဂုတ် ၁၆ ရက် နံနက် ၉နာရီခွဲက ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ဦးမင်းဝင်းဗိုလ်က ဒေသအတွင်း အခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍ၊ ရပ်တည်မှုအခြေအနေများ၊ လုပ်ငန်း ဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ကာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ခရီးစဉ်အတွင်း ရေးမြို့နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရေးမြို့နယ်နှင့်ပတ်သက်သည့် တင်ပြချက်ကဏ္ဍများဖြစ်သော ဒေသအတွင်း ငြိမ်းချမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေး၊ အကျင့်ပျက်ခြစားမှုဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာမြေပြဿနာများကို ရေးမြို့နယ်၊ မော်လမြိုင်၊ ဘားအံမြို့မှ အရပ်ဖက်လူမှုအဖွဲ့အစည်းအဖွဲ့ပေါင်း ၂၇ ဖွဲ့မှ ကိုယ်စားလှယ် ၄၂ ဦးတို့က ဒေသအတွင်း လက်ရှိတွေ့ကြုံခံစားနေရသော အားနည်းချက်၊ လိုအပ်သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုအားကောင်း ဖော်ဆောင်လာစေရန် ပြန်လည်သုံးသပ်ကာအကြံပြု ဆွေး နွေး သွားခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

○

# စဉ့်ကိုင်မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်း

**စဉ့်ကိုင်၊ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု သုံးစုနှင့် ကျေးရွာ ၁၄ ရွာတို့ရှိ အိမ်ထောင်စုများအား ရေဘေးကင်းလွတ်ရာ ပြောင်းရွှေ့နေထိုင်ကြသူများအား ဩဂုတ် ၁၆ ရက် က ကူညီထောက်ပံ့ပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါမြစ်ရေဝင်ကျေးရွာများကို အရှင်ဗုဒ္ဓပိယ ဦးစီးသော ကျောက်ဆည်ခရိုင်လုံးဆိုင်ရာ ပရဟိတပေါင်းစုံ ကွန်ရက်အသင်းကြီးရှိ အသင်းပေါင်း ၇၃ သင်းမှ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်ခဲ့သည့် တဘက်ဆွဲ ကျေးရွာအုပ်စု တဘက်ဆွဲကျေးရွာ၊ မြေတော်ကျေးရွာ၊ တက်မျောကျေးရွာတို့သို့ ရေသန့် ခြောက်လုံးပါ ၃၀၇ ကတ်၊ လပ်ကီးခေါက်ဆွဲ ၁၀ ထုပ်ပါ ၃၀၇ ထုပ်၊ ROYAL D ဓာတ်ဆား ငါးထုပ်ပါ ၃၀၇ ထုပ် ပေးအပ်ခဲ့ပြီး ပလိပ်ကျေးရွာအုပ်စု မြောက်မြေ၊ တောင်တင်း၊ တံတားဦးလေး၊ နောက်တော်ပါ၊ စိတ္တကျေးရွာ၊ အင်းလျ နောက်ကျေးရွာတို့သို့ ရေသန့်ကတ် ခြောက်လုံးပါ ၆၁၁ ကတ်၊ လပ်ကီးခေါက်ဆွဲ ၁၀ ထုပ်ပါ ၆၁၁ ထုပ်၊ ROYAL D ဓာတ်ဆား ငါးထုပ်ပါ ၅၈၂ ထုပ်နှင့် မြောက်ကိုင်းကျေးရွာအုပ်စု အရှေ့မြောက် ကိုင်း၊ အနောက်မြောက်ကိုင်း၊ တောင်မြောက်ကိုင်း၊ ဆယ့်နှစ်ကိုင်း၊ အင်းလေးခြံကျေးရွာတို့ကို ရေသန့်ကတ်ခြောက်လုံးပါ ၅၈၂ ကတ်၊ လပ်ကီးခေါက်ဆွဲ ၁၀ ထုပ်ပါ ၅၈၂ ထုပ်၊ ROYAL D ဓာတ်ဆား ငါးထုပ်ပါ ၅၈၂ ထုပ်အား ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ရေပြန်ကျပြီးဖြစ်သည့် တဘက်ဆွဲကျေးရွာအုပ်စု တဘက်ဆွဲကျေးရွာရှိ အိမ်ခြေ ၈၀၀ တို့အား အရှင်ဗုဒ္ဓပိယ ဦးစီးသော ကျောက်ဆည်ခရိုင်လုံးဆိုင်ရာ ပရဟိတပေါင်းစုံကွန်ရက်အသင်းကြီး ၇၃ သင်းက Fogging ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့်ရွာများကိုလည်း ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးအောင်(ပြန်/ဆက်)**



# သောက်ရေသန့်၊ အာဟာရဖြစ် ကြက်ဥ၊ ကြက်သား ဆန်ပြုတ်များ ကုသိုလ်ပြုကျွေးမွေး

**ရေဦး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ခုတင် ၁၀၀ ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသူများ ကျန်းမာရေးအထောက်အကူဖြစ် ညနေရေလှူအသင်းမှ နေ့စဉ် ညနေ ၅ နာရီတွင် သောက်ရေသန့်များနှင့် အာဟာရဖြစ် မုန့်မျိုးစုံတို့ကို ကုသိုလ်ပြုလှူဒါန်းခဲ့သည်မှာ ရက်ပေါင်း ၄၅၁ ရက် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဦးအာလူးထံမှ သိရသည်။

ညနေရေလှူအသင်းနှင့်အတူ အာဟာရ ဒါနပြုကြသည့် ဒေသခံအလှူရှင်များနှင့် အဝေးရောက် ရေဦးသူ၊ ရေဦးသားများ၊ သီးခြားကုသိုလ်ရှင်များမှလည်း အသင်းနှင့်ချိတ်ဆက်ကာ အာဟာရဒါန ပြုလုပ်လျက်ရှိသည်။

အလားတူ ရွာသာလေးကျေးရွာနေ ဦးဝင်းရွှေ ဇနီးဒေါ်မြင့်ကြည် သားဖြစ်သူ မောင်ဇော်ဇော်အောင် (ခေတ္တ မလေးရှား) မိသားစုကလည်း ဩဂုတ် ၁၅ ရက် ညနေပိုင်းက အာဟာရဖြစ်စေမည့် ကြက်ဥ၊ ကြက်သားဆန်ပြုတ်များ ကုသိုလ်ပြု ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

## ပြည်သူများအတွက် အချိန်မရွေးအန္တရာယ်ရှိနိုင်သော သခွပ်မြစ်ကူးတံတားအား ပြန်လည်တည်ဆောက်ပေးစေလို

**ဒလ ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဓနုတ်ဘုရားစေတီတော်အလွန် ဒလမြို့နယ်မှ မိုင်တိုင် ၂၁ မိုင်အနီးရှိ ကော့မှူးမြို့နယ် သခွပ်ပင်ကျေးရွာအဝင် သခွပ်မြစ်ကူးတံတားမှာ ပျက်စီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသခွပ်မြစ်ကူးတံတားကြီးသည် ဒလမြို့နယ်မှတစ်ဆင့် ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်တို့သို့ အဓိကအားထားသွားလာနေကြသော ကားလမ်းမကြီးဖြစ်ခြင်းကြောင့် ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်ကြားတွင်ရှိသော ပျော်ဘွယ်ကြီးစံပြကျေးရွာ၊ ရခိုင်ချောင်းစံပြကျေးရွာ၊ တုံတင်တန်ကျေးရွာ၊ ဓနုတ်စံပြကျေးရွာ၊ သခွပ်ပင်ကျေးရွာ၊ ကျုံဒရဲကျေးရွာ၊ ခမခနီကျေးရွာ၊ ဝါးဘလောက်သောက်ကျေးရွာများမှ ဒေသခံပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ကားလမ်းမကြီးဖြစ်ကြောင်းသိရသည်။

ယခုအခါ တံတားကြီး၏ ကြံ့ခိုင်မှုများမှာ အားနည်းလျက်ရှိရာ တံတားကြီးပေါ်တွင် နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိသော ယာဉ်မောင်းတစ်ဦးက "ဒီတံတားကြီး တည်ဆောက်ထားတာ အနှစ် ၂၀ ကျော်လောက်ရှိပြီး ကုန်တင်ကားများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ဘုရားဖူးကားများ၊ ဆိုင်ကယ်များနှင့် ဒေသခံပြည်သူများက ဒီတံတားကြီးပေါ်ကနေ ဖြတ်သန်းသွားလာလျက်ရှိသောကြောင့် မိုးရာသီအတွင်းမှာ ရာသီဥတုကြောင့် အချိန်မရွေးအန္တရာယ်ရှိ နိုင်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သခွပ်မြစ်ကူးတံတားကြီးကို ပြန်လည်တည်ဆောက်ပေးရင် ဒေသခံ ပြည်သူများအနေဖြင့် အန္တရာယ်ကင်းဘေးကင်းစွာ ဖြတ်သန်းသွားလာနိုင်မှာဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ကုန်စည်စီးဆင်းမှုများ ပို၍လျင်မြန်စွာဖြင့် ကောင်းမွန်လာမည်" ဟု ပြောသည်။



အဆိုပါ သခွပ်မြစ်ကူးတံတားကြီးကို ၁၉၉၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်မှာ ၄၉၆ ပေ၊ တံတားအကျယ် ၁၇ ပေ ခန့်ရှိပြီး ဒလမြို့နယ်မှတစ်ဆင့် ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်တို့သို့ ကုန်တင်ကားများ၊ အငှားယာဉ်များ၊ ကိုယ်ပိုင်ကားများ၊ ဘုရားဖူးကားများနှင့် ပြည်သူများ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## ပလောက်မြို့ပေါ်နှင့် ကျေးရွာများ၌ နံရံကပ်စာပေ ရေချမ်းစင် စာအုပ်များ အသစ်ဖြည့်တင်း

**ပလောက် ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများ စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရန် ချိတ်ဆွဲထားရှိသည့် နံရံကပ်စာပေရေချမ်းစင်များသို့ ဩဂုတ် ၁၆ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသစ်ရောက်ရှိလာသော စာစဉ်အတွဲ(၄)၊ အမှတ်(၆)ကို ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန် ဖြည့်တင်းပေးခဲ့သည်။

အဆိုပါ နံရံကပ်စာပေရေချမ်းစင်များကို မြို့ပေါ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံ၊ ရွှေမြင်းပျံဂိတ်ထမင်းဆိုင်၊ အ-မ-က မူလွန်ကျောင်းအနီး လက်ဖက်ရည်ဆိုင်နှင့် ကျေးရွာများဖြစ်သော ပြည်ခြားကျေးရွာ (ဝါးကုန်းရွာအဆင်းလမ်းဆုံ လက်ဖက်ရည်ဆိုင်)၊ မင်းကကြဲကျေးရွာ (ကူးတို့လှေဆိပ်)၊ ကံမော် ကလေးကျေးရွာ(ကူးတို့လှေဆိပ်)၊ သရက်တပင်ကျေးရွာ (ကူးတို့လှေဆိပ်)များ၌ ချိတ်ဆွဲထားရှိသည်။

ယင်းအသစ်လဲလှယ်ပေးသည့်စာစဉ်များတွင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့်အနုပညာ၊ အားကစား၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် ဘာသာရပ် ၁၃ မျိုး စာစဉ်များပါဝင်ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

## မွန်ပြည်နယ် တိုင်းရင်းဆေးဦးစီးဌာနမှ ကျေးရွာများသို့ ကွင်းဆင်း၍ ဆေးဝါးကုသပေး

**သံဖြူဇရပ် ဩဂုတ် ၁၇**

မွန်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၅၀ ဆံ့ မော်လမြိုင် တိုင်းရင်းဆေးရုံမှ ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့်အဖွဲ့သည် သံဖြူဇရပ်မြို့နယ်တိုင်းရင်းဆေးဌာနနှင့် ပူးပေါင်း၍ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းမှစတင်ကာ သံဖြူဇရပ်မြို့နယ် ပကျေးရွာ၌ ပြည်သူများအား အခမဲ့ကွင်းဆင်းကုသမှု ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြည်သူများအား ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်က မိုးရာသီ၌ဖြစ်ပွားတတ်သောရောဂါများအကြောင်းနှင့် တိုင်းရင်းဆေးနည်းဖြင့် ကျန်းမာအောင်နေထိုင်နည်းအကြောင်းကို အသိပညာပေး ဟောပြောပြီးနောက် ဆေးကုသခံယူရန်ရောက်ရှိကြသည့် ကျေးရွာပြည်သူများအား အထွေထွေရောဂါနှင့် အကြောပြင်ခြင်း၊ ဆေးကြပ်ထုပ်ထိုးခြင်းတို့ကို ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## မုံရွာအကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများကို တီဘီရောဂါ ရှာဖွေစစ်ဆေးပေး

**မုံရွာ ဩဂုတ် ၁၇**

အကျဉ်းဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းပြီး မုံရွာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းမှစတင်ပြီး တီဘီရောဂါ ရှာဖွေစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

မုံရွာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများတွင် တီဘီရောဂါရှိပါက ရောဂါပိုးကို စောစီးစွာ ရှာဖွေကုသပေးနိုင်ရန်အတွက် ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်ကြာ တီဘီရောဂါရှာဖွေစစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။

"တီဘီရောဂါပိုးက လေထဲကနေ ပျံ့နှံ့ကူးစက်နိုင်တာဖြစ်တဲ့အတွက် လူတွေစုပေါင်းနေရတဲ့ အကျဉ်းထောင်ထဲမှာ ရောဂါပိုးရှိသူတစ်ဦးကနေ လူအများကို အမြန်ဆုံးကူးစက်နိုင်တာကြောင့် အခုလို ရောဂါစစ်ဆေးတာပါ။ ဩဂုတ် ၁၀ ရက်က အကျဉ်းထောင်အတွင်းမှာ တီဘီရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲလုပ်တယ်။ ဒီနေ့မှာတော့ အကျဉ်းသား၊ အကျဉ်းသူတွေရဲ့ဆန္ဒအရ တီဘီရောဂါပိုးစစ်ဆေးခြင်းကို လုပ်ဆောင် ပေးတာပါ။ အကျဉ်းထောင်ထဲမှာပဲ ဓာတ်မှန်ရိုက်မယ်၊ သံသယရှိတဲ့သူကို သလိပ်စစ်ဆေးခြင်းတွေ ဆက်ပြီးလုပ်မှာပါ။ တကယ်လို့ တီဘီရောဂါပိုးရှိတဲ့သူတွေ့ရင်လည်း ထောင်တာဝန်ခံဆေးမှူးနဲ့ ချိတ်ဆက်ပြီး ဆေးပေးသွားမှာပါ။ ဆေးရုံတက်ရောက်ကုသရန်လိုအပ်တယ်ဆိုရင်လည်း ထောင်တာဝန်ခံဆေးမှူးရဲ့ အစီအစဉ်နဲ့ ဆက်လုပ်မှာပါ" ဟု တိုင်းဒေသကြီးတီဘီရောဂါတိုက်ဖျက်ရေးဌာနမှ တီဘီရောဂါကုဆရာဝန်ကြီး ဒေါက်တာငြိမ်းငြိမ်းအေးက ပြောကြားခဲ့သည်။

အဆိုပါတီဘီရောဂါ ရှာဖွေစစ်ဆေးခြင်းကို မုံရွာအကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ တိုင်းဒေသကြီး တီဘီရောဂါကုဆရာဝန်ကြီး ဒေါက်တာ ငြိမ်းငြိမ်းအေးနှင့် တာဝန်ရှိသူများက တီဘီရောဂါ စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ကျေးရွာအပိုင် စက်မှုဇုန်(၂) ရှိ ပဋ္ဌာန်းမြတ်ဂုဏ်ရည်မွှာရုံ၌ ဩဂုတ် ၁၄ ရက်က လူနေဆိုင်ခန်းသန့်ရှင်းသာယာရေးအဖွဲ့သို့ ကိုကျော်စိုး (သူရိန်စတိုး) မိသားစုက ကျပ်သိန်း ၃၀ တန် အမှိုက်သိမ်းယာဉ်ထော်လာဂျီတစ်စီးကို အဖွဲ့နာယက ဗိုလ်မှူးအောင်လွင်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- (၃၂၉)

## လူထုဗဟိုပြုစီမံကိန်းဖြင့်ဆောင်ရွက်သော ကျေးလက်ကျောက်ချောလမ်းဖွင့်လှစ်

**ဗန်းမောက် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြင့် ဗန်းမောက်မြို့နယ် မံထုံကျေးရွာအုပ်စု ခရမ်းဆိပ်ကျေးရွာ၌ ကျောက်ချောလမ်းဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်နန်းနှင့် မြို့နယ် နတလဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဆွေတို့က မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက လူထုဗဟိုပြုစီမံကိန်းဖြင့်ပြုပြင်ဆောင်ရွက်ရသည့် အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြင့် ခရမ်းဆိပ်ကျေးရွာ ကျောက်ချောခင်းရာမှာ အရှည်ပေ ပေ ၁၃၂၀၊ လမ်းအကျယ် ၁၂ ပေ နှင့် ထုထည်အမြင့် ခြောက်လက်မတို့ဖြစ်ပြီး လမ်း၏ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၄၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

## ဟသ်ာတခရိုင်ရဲတပ်ဖွဲ့ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား) သင်တန်းဖွင့်လှစ်

**ဟသ်ာတ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ပြည်သူလူထုကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရမည့် နည်းပညာများရဲတပ်ဖွဲ့ဝင်များ သိရှိစေရန် ရည်ရွယ်၍ဖွင့်လှစ်သော ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအား လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်းဆင့်ပွားသင်တန်း (၁၀/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက အဆိုပါ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသိန်းလှိုင်က သင်တန်းသားများအနေဖြင့် လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းရာတွင် ဥရောပသမဂ္ဂ( EU) မှ ပြဋ္ဌာန်းထားသည့် နည်းစနစ်များနှင့်အညီ လုပ်ထုံးလုပ်နည်းမှန်ကန်စွာဖြင့် စနစ်တကျဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူစုခွဲတတ်စေရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းလုံခြုံရေးများ ဆောင်ရွက်ရာတွင်လည်း အသုံးပြုရမည့်နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သင်တန်းဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို အရာရှိအဆင့်လေးဦး၊ အခြားအဆင့် ၅၆ ဦး စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

## အာဟာရရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကျင်းပ

**ဖားဆောင်း ဩဂုတ် ၁၇**
ကယားပြည်နယ် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဖားဆောင်းမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးမိခင်များအား အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေးနှင့် B1 အားဆေးတို့ကို ပေးအပ်ခဲ့သည်။ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ၆ လ မှ ၁ နှစ်ထိ ကလေးများကို ဗီတာမင် A အားဆေးနှင့် ၂ နှစ်မှ ၅ နှစ်ထိ ကလေးများကို သန်ချဆေးများ တစ်မြို့နယ်လုံး တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ တက်ရောက်ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ကျွန်းလှတွင်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလဂွမ်းအိမ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ သိန်းဖြင့် အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေခင်းခြင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းလင်းဇော်နှင့် တာဝန်ရှိသူတို့က ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းခင်းပြီးပါက ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရေး ကန်ကြီးထောင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် ဒေသခံများ ကူညီဆောင်ရွက်



**ကန်ကြီးထောင့် ဩဂုတ် ၁၇**
ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာအနီး ပုသိမ်-ရန်ကုန်ကားလမ်းမှာ ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် ဩဂုတ် ၆ ရက်မှစ၍ ယနေ့အထိ လမ်းပေါ်ရေကျော်လျက်ရှိရာ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မြို့နယ်ရဲစခန်းအပိုင် ဒါးကရဲကင်းမှ ရဲအုပ်မိုးဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကားလမ်းရေကျော်ရာနေရာ မိုင်တိုင် ၂၂/၀ နှင့် ၂၂/၁ ကြား၌ ကားများဖြတ်သန်းရာတွင် ရေအောက်မှချိုင့်ခွက်များ ရှောင်မောင်းနိုင်ရန် လမ်းကြောင်းများပြပေးခြင်း၊ ကားအသေးများ၊ ဒိန်းဒေါင်းများ၊ ဆိုင်ကယ်များနှင့် ပြည်သူများကို ရေလွတ်ရာရောက်သည်အထိ လမ်းကူးပေးခြင်းတို့ကို နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှသိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့နယ်တွင် ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်လှစ်



**ပင်လည်ဘူး ဩဂုတ် ၁၇**
ကျေးလက်နေပြည်သူများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး ရာသီမရွေးသွားလာနိုင်စေရန်အတွက် ကသာခရိုင် ပင်လည်ဘူးမြို့ မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယနှစ်စီမံကိန်းစက်ဝန်းထောက်ပံ့ငွေဖြင့် ဖောက်လုပ်သော ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်ပွဲကို ဩဂုတ် ၁၅ ရက်က ခေါက်စင်းကျေးရွာနှင့် ဘာဟဲကျေးရွာကြား လမ်းမပေါ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အရင်ဒီလမ်းက ချိုင့်ခွက်များပေါများပြီး လမ်းမှာကျဉ်းမြောင်းသောကြောင့် မိုးတွင်းဆို သွားရေးလာရေး အခက်အခဲရှိပါတယ်။ အခု မြေသားလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်လို့ ဒီလမ်းကို အသုံးပြုသွားလာနေကြတဲ့ ဒေသခံပြည်သူများအနေနဲ့ ကား၊ ဆိုင်ကယ်များဖြင့် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်လို့ အထူးပင်ဝမ်းသာပျော်ရွှင်မိပါတယ်။ ပြည်သူများ၏ အခက်အခဲလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ လူထုဗဟိုပြုစီမံကိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ပါတယ်" ဟု ဘာဟဲကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါမြေသားလမ်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင် (မဲဆန္ဒနယ်-၁)၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးပြည်စိုးဝင်းကျော်တို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားလမ်းကို မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ်၉၆၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး မြေသားလမ်းအရှည်ပေ ၄၃၀၀၊ အကျယ် ၁၈ ပေရှိကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးပြီး မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များအကြောင်း စာတမ်းဖတ်ပွဲကျင်းပ

**သရက်ချောင်း ဩဂုတ် ၁၇**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးပြီး အ-ထ-က သရက်ချောင်းကျောင်း ပညာရတနာခန်းမဆောင်၌ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက မြန်မာ့ယဉ်ကျေးမှုတန်ဖိုးကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်း စာတမ်းဖတ်ပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စာတမ်းဖတ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် အင်အားစုအသွင်ဖွဲ့စည်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေရန်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အခြားဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမူများကို ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက် ခုနစ်ရပ်ဖြင့် ချမှတ်ဖွဲ့စည်းခဲ့ကြောင်းနှင့် ယခုကျင်းပပြုလုပ်သည့် စာတမ်းဖတ်ပွဲမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်ထဲမှ နံပါတ် (၄) အချက်ဖြစ်သည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးရန်ဆိုသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မာမာစုက မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်းကို စာတမ်းဖတ်ကြားရာတွင် အစဉ်အလာကြီးမားသော မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ထိပါးခြိမ်းခြောက်သည့်အန္တရာယ်များအား သတိပြုသိရှိပြီး ကာကွယ်စောင့်ရှောက်ရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားကြစေရန် ရည်ရွယ်ပြီး စာတမ်းဖတ်ကြားရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ရေနစ်မြုပ်နေသည့်အတွက် တောင်သူများ စိုက်ပျိုးပြီး စပါးများ ပျက်စီးမည်ကို စိုးရိမ်နေကြ

**ပုသိမ်ကြီး ဩဂုတ် ၁၇**
ဩဂုတ် ၁၃ ရက်က ရွာသွန်းခဲ့သည့်မိုးကြောင့် ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၁၀၀ ဖော်ဆောင်ခြင်းစီမံကိန်းအတွင်းရှိ စပါးခင်းများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ တောင်သူအများစုမှာ ရေနစ်မြုပ်မှုကြောင့် စပါးခင်းများပျက်စီးသွားမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"မိုးဒီလောက်များလည်း ဒီလယ်တွေ နစ်တာမရှိဘူး။ ဒီလိုနစ်မြုပ်တာက ရေထုတ်စနစ်လိုအပ်ချက်ကြောင့် ဖြစ်နိုင်တယ်။ ရေတွေက အပြင်မထွက်ဘဲ လယ်ထဲမှာဝင်နေတယ်။ ၁၂ ရက်မနက်ကပဲ အပင်တွေက စိုက်ပျိုးပြီးသွားတာ။ အပင်တွေက ရေလုံးဝမြုပ်ကုန်တယ်။ ဒါကြောင့် စိုးရိမ်ရတာပါ။ ဒီနေ့ဆိုရင် နှစ်ရက်ကျော်သွားပြီဆိုတော့ တော်တော်လေး စိုးရိမ်ရတယ်။ တစ်ပတ်ကျော် နှစ်ပတ်အတွင်းမှာမှ ရေမထွက်ရင် ခါးရိုးပြီး အပင်တွေပျက်စီးသွားတော့မှာ။ နောက်ရွာမယ့်မိုးတွေနဲ့အတူ နောင်နှစ်တွေအတွက်ပါ ရေထုတ်စနစ်မကောင်းရင် အခုလို စိုးရိမ်ရဦးမှာပါ။ အခုလောလောဆယ် တတ်နိုင်သလောက် ရေကို ဖောက်ထုတ်နေတာ။ ဒါပေမယ့် အဆင်မပြေသေးဘူး။ ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ရေထုတ်စနစ်တွေကို ပြန်လည်စစ်ဆေးပေးစေချင်ကြောင်း" တောင်သူတစ်ဦးက ပြောပြသည်။

အဆိုပါ စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၁၀၀ ဖော်ဆောင်ခြင်းစီမံကိန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ဖော်ဆောင်ခဲ့ပြီး မတ်လအကုန်တွင် ပြီးစီးခဲ့သည်။ အဆိုပါစီမံကိန်းတွင် ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ ပါဝင်ဆောင်ရွက်ထားပြီးဖြစ်သော်လည်း ယခုကဲ့သို့ မိုးများစွာရွာသွန်းသည့်အချိန်မျိုးတွင် ယခင်က နစ်မြုပ်မှု မကြုံဖူးသည့် အဆိုပါနေရာမှ တောင်သူများအနေဖြင့် ယခု ရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးထားသည့် မဂျမ်းတောစပါးစိုက်ပျိုးပင်များ ပျက်စီးသွားမည်ကို စိုးရိမ်လျက်ရှိကြောင်းနှင့် အချို့လယ်များမှာ ရေဝင်ရောက်နေမှုကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲဝ)**

## သစ်တောပြုန်းတီးမှုမဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ခန္တီး ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ သစ်တောပြုန်းတီးမှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ဟုမ္မလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအေးချမ်းဖြိုးက သစ်တောလိုင်စင်ပုံစံများ လက်ဝယ်ရှိထားသည့် လုပ်ငန်းရှင်များအနေနှင့် လက်ကိုင်လွှစက် (Chain Saw) များအသုံးပြုရာတွင် သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာရန်နှင့် သစ်တောများမပြုန်းတီးရေးအတွက် သစ်တောဥပဒေ၊ နည်းဥပဒေများကိုလည်း သိရှိလိုက်နာရေး ပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ပညာပေးဟောပြောသို့ သစ်လုပ်ငန်းရှင်များနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စန်းလွင်ဦး(ခန္တီးခရိုင်ပြန်/ဆက်)**



## ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**တွန်းဇံ ဩဂုတ် ၁၇**
ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အတွင်း ရက် ၁၀၀ စီမံချက်လုပ်ငန်းအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၁၂ ဒသမ ၂၅ သန်းအကုန်အကျခံ၍ မွာလ်ပီး- နတ်ဇန်ကြား ကျောက်စီကွန်ကရစ်ခင်းခြင်း၊ ရေထုတ်ပြွန်ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်းကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ခရိုင်သုံးခရိုင်မှ ခရိုင်ဦးစီးမှူးများက အပြန်အလှန် ကွင်းဆင်းစစ်ဆေးကြသည့်အပြင် ဟားခါးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလိန်းနိုင်နှင့် အဖွဲ့တို့ကလည်း အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်နိုင်မှု အခြေအနေများကို ဩဂုတ် ၁၄ ရက်က ထပ်မံကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဂျိုးနက်**

# ဓာတ်အားလိုင်းတည်ဆောက်ရာတွင် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် တောင်သူများအား လျော်ကြေးငွေများပေးအပ်

**ကျောက်ဖြူ ဩဂုတ် ၁၇**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျောက်ဖြူ SEZ (၁+၂) ၆၆ ကေဗွီ ဓာတ်အား တည်ဆောက်ခြင်းကြောင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော နှစ်ရှည်သီးနှံပင်များ ပျက်စီးသွားသည့်အတွက်ကြောင့် ကျောက်ဖြူမြို့နယ် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၃၅ ဦး အားသီးနှံလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ကျောက်ဖြူမြို့နယ် ထွေ/အုပ်၏ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက လျော်ကြေးငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး၊ ရောက်ရှိလာသည့် ကျေးရွာသူ၊ ကျေးရွာသားများအား လျှပ်စစ်ဓာတ်အားလိုင်း ဖြတ်သန်းသွားရာတစ်လျှောက် တာဝါတိုင်များ၊ လျှပ်စစ်မီးတိုင်များ စိုက်ထူသွားရာတွင် ပျက်စီးသွားသည့် သီးနှံလျော်ကြေးငွေရရှိပါက မိမိတို့တောင်သူများက ငွေကြေးကိုကောင်းမွန်စွာ အသုံးချစေလိုကြောင်းကို ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဌာန ကိုယ်စား ဦးမျိုးညွှန့်ရွှေ (လက်ထောက်ညွှန်မှူး လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) မှ လျော်ကြေးငွေနှင့်အတူ မိမိတို့ ရွာသူ၊ ရွာသားများကလည်း နိုင်ငံတော်မှ စိုက်ထူထားသည့် တာဝါတိုင်များကို စောင့်ရှောက်ပေးကြဖို့လိုအပ်ကြောင်း၊ လျှပ်စစ်အန္တရာယ်ကိုလည်း သတိထားပေးရန်လိုအပ်ကြောင်း ပြောကြားကာ၊ တက်ရောက်လာသူ တောင်သူ ၃၅ ဦးအား ပြည်ထောင်စုဝန်ကြီးဌာနက ငွေကျပ်စုစုပေါင်း ၁၀၃ သိန်းကျော်ကို တစ်ဦးချင်းစီရသင့်မည့် ငွေအား မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ လက်ထောက်ညွှန်မှူးကလည်းကောင်း၊ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမိုးကျော်**

## မျိုးစေ့ထုတ်လုပ်သူများအဖွဲ့ Seed Grower Association ဖွဲ့စည်းခြင်းနှင့်နည်းပညာပေးသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဩဂုတ် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသအတွင်းသီးနှံစိုက်ပျိုးမှုဧရိယာများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများကိုယ်တိုင် မျိုးကောင်း၊ မျိုးသန့်စိုက်ပျိုးနိုင်ရေးရည်ရွယ်၍ ကျောက်ဆည်မြို့နယ်၏ စပါးသီးနှံမျိုးကောင်း၊ မျိုးသန့် စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ (Seed Grower Association) ဖွဲ့စည်းခြင်းနှင့် မျိုးကောင်း၊ မျိုးသန့်နည်းပညာ သင်တန်းကိုဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက လက်မှုခေတ်မှစက်မှုခေတ်သို့ ပြောင်းလဲလာပြီး စနစ်တကျထွန်ယက်ခြင်း၊ မျိုးကောင်း၊ မျိုးသန့်များဖြင့်စိုက်ပျိုးနိုင်ခြင်းနှင့် ယခုသင်တန်းကို တက်ရောက်လာသော တောင်သူများမှ အကျိုးရှိရှိ လေ့လာမှတ်သားထားရန် ပြောကြား၍ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းက တောင်သူများ ကိုယ်တိုင်မျိုးသန့်၊ မျိုးစေ့စိုက်ပျိုးထုတ်လုပ်မှုနည်းပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနားလည်ပြီး ကိုယ်တိုင်ထုတ်လုပ်လာတက်စေရန်နှင့် ဒေသအတွင်းမျိုးသန့်လိုအပ်ချက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှုန်းနှင့် အရည်အသွေးကောင်းမွန်ပြီး တောင်သူများဝင်ငွေတိုးတက်ရရှိရေး ပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းသောင်းက သင်တန်းနှင့်ပတ်သက်သော ရည်ရွယ်ချက်များနှင့် (Seed Grower Association) ဖွဲ့စည်းခြင်း နည်းပညာသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးဒေါ်ဝေဝေလွင်က သ/မ အသင်းဖွဲ့စည်းရခြင်းအကြောင်းဆွေးနွေးပြောကြား၍ စပါးမျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့် နည်းပညာပို့ချခြင်းနှင့် ဆောင်ရွက်ရမည့် စည်းကမ်းချက်များအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးအောင်စိုးနှင့် တောင်သူများအပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **ခင်မောင်လွင်**

# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာငါးရွာအတွက် အရင်းမပျောက်မတည်ငွေ ကျပ်သန်း၁၅၀ လွှဲပြောင်းပေးအပ်

**ကနီ၊ ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကနီမြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာငါးရွာအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကနီမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ယင်းကျေးလက်နေပြည်သူများဆင်းရဲမှု လျော့နည်းစေရန် နိုင်ငံတော် မှ ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ ကျေးရွာပေါင်း ၁၄၅၀ ရွာကို မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းကျေးရွာများတွင် နိုင်ငံတော်မှ ပံ့ပိုးငွေသိန်း ၃၀၀ ကို မတည်၍ အရင်းမပျောက်လှည့်ပတ်ရန်ပုံငွေ ထူထောင်ကာ ကျေးရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေရေး၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်အတွက်ရည်ရွယ်၍ အခုလို ကျေးရွာတစ်ရွာလျှင် သိန်း ၃၀၀ မတည်ရင်းနှီးပေးကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ ကျေးရွာတစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၁ ရွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယင်းသို့ ကျေးရွာများအလိုက် စီမံကိန်းများဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့မြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ရန်ပုံငွေများ ရရှိသည့် ရန်ပုံငွေများကို ကျေးရွာများမှ ကြီးကြပ်မှုကော်မတီများထံသို့ အခုလိုအမြန်ဆုံး လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဦးကျော်ဆိုင်က ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေများကို မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ငါးရွာမှ ကြီးကြပ်မှုကော်မတီများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## စံပြမိခင်နှင့်ကလေးပြိုင်ပွဲအတွက် လူတွေ့စစ်ဆေးမှုများပြုလုပ်၍ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**ဖရူဆို ဩဂုတ် ၁၇**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် မိခင်နို့တိုက်ကျွေးမှု၊ စံပြမိခင်နှင့် အာဟာရဖွံ့ဖြိုးမှု၊ စံပြကလေးပြိုင်ပွဲအတွက် လူတွေ့ကျန်းမာရေးစစ်ဆေးရွေးချယ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ 3MDG အဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဩဂုတ် ၁၅ ရက်တွင် ညောင်ဇင်နှင့် ထီးကူဆိုရပ်ကွက်၊ ဩဂုတ် ၁၆ ရက်တွင် ထီးတရဲ ရပ်ကွက်၊ ဩဂုတ် ၁၇ ရက်တွင် ဒီးဒါးကူးနှင့် လောဘူးဒါး ရပ်ကွက်တို့မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးများဖြစ်သည့် အသက်နှစ်နှစ်အတွင်း ကလေးငယ်များအား ပြိုင်ပွဲကျင်းပပေးသွားမည်ဖြစ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝင်းစိုးနှင့် ဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များ၏ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးမေးမြန်းခြင်း၊ ကလေးငယ်များအား အရပ်နှင့် လက်မောင်းတိုင်းတာခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၁၅ ရက်တွင် စံပြမိခင် ၁၀ ဦးနှင့် စံပြကလေး ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဖရူဆိုမြို့ မြို့ပေါ်ရှိ အသက် ခြောက်လမှငါးနှစ်အတွင်း ကလေးငယ်များအား ဗီတာမင်(အေ) ဆေးလုံးနှင့် သံချဆေးများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းလွင်နှင့် ကော်မတီဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကလေးငယ် ၁၄၀ ဦးတို့အား တိုက်ကျွေးခဲ့ကြပြီး အာဟာရမုန့်များ ပေးဝေခဲ့ကြကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**



တွံ့တေးမြို့နယ်ပါတီဥက္ကဋ္ဌ ဦးတင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်(၁) အမတ် ဒေါက်တာကျော်ဇင်ဦး၊ တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်အမတ် ဦးနေနိုင်ဦးနှင့် မြို့ခံအလှူရှင်များ၊ ပါတီဝင်များစုပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းရှိ ရေမြုပ်ကျေးရွာ ထုံးတစ်ဖိုအုပ်စု၊ ထုံးတစ်ဖိုရွာ၊ ချောင်းကြီးရွာနှင့် ကျန်ကျေးရွာများအတွက် ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်၊ အဝတ်အထည်များနှင့် အစားအသောက်အသုံးအဆောင်ပစ္စည်းများ ကျပ်ငွေသိန်းတစ်ရာကျော်ဖိုးအား ဩဂုတ် ၁၄ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- ကျော်နိုင်(တွံ့တေး)

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးခြင်ဆေး ဖျန်းခြင်းဆောင်ရွက်

**မိုင်းဆတ် ဩဂုတ် ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ကျဒယ်ကျေးရွာအုပ်စု နားကောကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို 'မဖွံ့မ' လူမှုကူညီရေးအသင်း၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အုပ်စု(၃)စုခွဲ၍ အိမ်ခြေ ၁၂၀ အား ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ပိုးလောက်လန်း နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများအပြင် ရေတွင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

# မိုးစပါး ချေးငွေထုတ်ပေးပြီးသော်လည်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ပုံစံ (၇)ထုတ်ပေးလျှင် ထပ်မံထုတ်ချေးပေးမည်

**လောင်းလုံး ဩဂုတ် ၁၇**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးပြီးဖြစ်သော်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ပုံစံ (၇) ထုတ်ပေးလျှင် ထပ်မံထုတ်ချေးပေးသွားမည့်အစီအစဉ်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဇော်နိုင်ဦးက ပြောကြားသည်။

ယင်းထုတ်ချေးငွေသည် မေလမှ စက်တင်ဘာလအထိ ချေးငွေကာလဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် ချေးငွေများပြန်လည်ဆပ်ရမည်ဖြစ်ပြီး ကြန့်ကြာသောတောင်သူများအား တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန်နေဂျာထံမှ သိရသည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ ၂၀၁၆ ခုနှစ် မိုးစပါးစိုက်တောင်သူများအား သက်သာချောင်ချိစေရန်အတွက် ကျေးရွာပေါင်း ၃၈ ရွာကို မေ ၁၉ ရက်မှစ၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ မိုးစပါးစိုက်တောင်သူများအား ထုတ်ချေးပေးခဲ့ရာ ဇူလိုင် ၂၈ ရက်တွင် ချေးငွေများထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းချေးငွေများထုတ်ချေးရာတွင် ငွေကျပ် ၃၄၇၆၂ ဒသမ ၅ သိန်း ခန့်မှန်းထားရှိပြီး ထုတ်ချေးငွေပြီးစီးချိန်အထိ ကျေးရွာပေါင်း ၃၈ ရွာ၊ လယ်မြေဧက ၂၂၂၂၄ ဧကကို တစ်ဧကလျှင်ငွေကျပ် တစ်သိန်းခွဲ ထုတ်ချေးပေးခဲ့ရာ ငွေကျပ် ၃၃၃၃၆ သိန်း ထုတ်ချေးပေးပြီးဖြစ်သည်။ **စိုးထွန်း(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်တွင် ကျေးရွာချင်းဆက် တံတားတစ်စင်းပြိုကျ



**တိုက်ကြီး ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပုတ္တအုပ်စု သပြေကုန်း-ရှမ်းကွင်း-စာဖြူစု ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ဂုံညင်းတန်းတံတားသည် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီခန့်က ရှမ်းကွင်း စာဖြူစုဘက်ခြမ်းတံတားနှင့် ဆက်သွယ်ထားသော မြေသားများပြိုကျ၍ မျောပါသွားကြောင်း သိရသည်။

"ဒီတံတားဆောက်ပြီးတာ တစ်နှစ်တောင်မရှိသေးဘူး ချောင်းရေတိုက်စားတာပါ။ ချောင်းဘက်က ရေထိန်းနံရံလုပ်မထားတော့ မြေကြီးတွေချောင်းရေနဲ့ပါတာပေ့ါ။ လမ်းပိုင်းကလည်း သေချာကြိတ်မထားတော့ မခိုင်ဘူးပေ့ါ။ ဒီတိုင်းဆို ကွန်ကရစ်တံတားကြီးပါ ရေထဲပါတော့မယ်။ သုံးဘီးဆိုင်ကယ်၊ ကားတွေ၊ လူတွေ ကူးမရတော့ဘူး။ အရင်ကလုပ်ထားတဲ့ သစ်သားတံတားလေးက လူသွားလို့ရသေးတော့ တော်သေးတာပေ့ါ" ဟု ရွာသားတစ်ဦးက ပြောပြသည်။

အဆိုပါတံတားသည် တိုက်ကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၈၀ နှင့် ကျေးရွာတွင်း စုဆောင်းငွေကျပ်သိန်း ၂၀ စုစုပေါင်းကျပ်သိန်း ၂၀၀ ဖြင့် ဆောက်လုပ်ထားသော ကွန်ကရစ်တံတားဖြစ်ပြီး ပေ ၄၀ အရှည်၊ ၁၀ ပေအကျယ်၊ မြေပြင်မှအမြင့် ၂၅ ပေ ဖြစ်သည်။ ကျေးရွာသားများက တံတားကို အမြန်ပြန်ဆောက်လုပ်ပေးစေလိုကြောင်း ဆန္ဒရှိနေကြသည်။ **ထွန်းလှိုင်(မြိုင်)**

## ရေး–ထားဝယ် မလှဲတောင်သွားကားလမ်း မိုင်တိုင်အမှတ် (၁၁၃/၁၁၄)အကြား တောင်ပြိုမှု ထပ်မံဖြစ်ပွားခဲ့

**ရေး ဩဂုတ် ၁၇**

ရေးမြို့နယ် ကိုးမိုင်ကျေးရွာအုပ်စု ရေး-ထားဝယ်ကားလမ်း မလှဲတောင်ထိပ် မိုင်တိုင်အမှတ် (၁၁၃/၁၁၄) အကြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၁၅ ရက် နံနက် ၆ နာရီခန့်က တောင်ပြိုကျမှုထပ်မံဖြစ်ပွားခဲ့ပြီး ကားလမ်းအတွင်း (၂၀×၁၀၀) ပေ နှစ်နေရာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် မော်တော်ယာဉ် ၁၀ စီးခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါလမ်းပိတ်ဆို့မှုအား မလှဲတောင်တာဝန်ခံ SAE ဦးစိုးနိုင်ဦးဆောင်၍ လုပ်သား ၂၅ ဦး၊ မြေကော်စက်တစ်စီးဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီ ၅၀ မိနစ်တွင် လမ်းပြန်ပွင့်သွား၍ မော်တော်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိနေပြီး မြေကြီးများအား ဆက်လက်ရှင်းလင်း ဆောင်ရွက်နေကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

## ရေဘေးရှောင်အိမ်ထောင်စုများအား ရွှေလောင်းနယ်မြေရဲစခန်းမှ တစ်ပိုင်တစ်နိုင်ထောက်ပံ့

**ဝါးခယ်မ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာအုပ်စုမှ ရေဘေးရှောင်အိမ်ထောင်စုများအား ရွှေလောင်းနယ်မြေရဲစခန်းမှ တစ်ပိုင်တစ်နိုင် ထောက်ပံ့ပစ္စည်းများပေးအပ်မှုကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အထက်ပေကုန်းကျေးရွာအုပ်စုတွင် မြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုမဖြစ်ပေါ်ခင် ပြောင်းရွှေ့ထားရှိသော ရေဘေးရှောင် အိမ်ခြေ ၁၁ လုံးမှ အိမ်ထောင်စု ၁၁ စုကို ရွှေလောင်းနယ်မြေရဲစခန်းမှ ရဲအုပ်ဌေးဝင်းနှင့် တပ်ဖွဲ့ဝင်များက တစ်ပိုင်တစ်နိုင်ထောက်ပံ့မှုအဖြစ် အိမ်ထောင်စု တစ်စုလျှင် ခေါက်ဆွဲခြောက်ထုပ် ဆယ်ထုပ်၊ ဖူဂျီဆပ်ပြာဘူးကြီး တစ်ဘူး၊ ဆီ ၅၀ ကျပ်သားတစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

## မင်္ဂလာတူးမြောင်းဖြတ်သန်းစီးဆင်းရာတံတား၏အရှေ့ဘက်ခြမ်း မြောင်းအနီးရှိ မြင်ကွင်းကာအုတ်နံရံပြိုကျ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး မဟာအောင်မြေမြို့နယ် လမ်း ၄၀ နှင့် ၄၁ လမ်းကြား ၇၈ လမ်းဘေးရှိ မင်္ဂလာတူးမြောင်းဖြတ်သန်းစီးဆင်းရာတံတား၏ အရှေ့ဘက်ခြမ်းတွင် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ရွာသွန်းခဲ့သည့် မိုးရေချိန်ကြောင့် ရေတိုက်စားမှုဖြစ်ကာ မြင်ကွင်းကာအုတ်တံတိုင်းအနီးတွင် တွယ်ကပ်၍ပေါက်ရောက်လျက်ရှိသော ညောင်ပင်ကြီး အမြစ်မှစ၍ ပြိုလဲပြီး မြင်ကွင်းကာအုတ်တံတိုင်းပါ လဲပြိုမှုဖြစ်ပွားခဲ့ရာ ရေသွားလမ်းတွင် ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပိတ်ဆို့မှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးတို့ လာရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ လမ်းတံတားဌာနတို့မှ အင်ဂျင်နီယာများ အနီးကပ်ကြီးကြပ်ကာ ကရိန်းစက်ယန္တရားကြီးဖြင့် တူးမြောင်းအတွင်းမှ ညောင်ပင်ကြီးနှင့် ပြိုကျပျက်စီးသွားသော အုတ်များ၊ အင်္ဂတေများ ဖယ်ရှားရှင်းလင်းခြင်း၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ လုပ်သားများက သစ်ပင်၏ အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပြိုကျသွားသော ဆိုင်းဘုတ်များအား ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့နှင့်အနီးဝန်းကျင်တွင် ဩဂုတ် ၁၄ ရက် ည ၁၀ နာရီ မိနစ်၂၀ မှစတင်ပြီး ဩဂုတ် ၁၅ ရက် နံနက် ၃ နာရီ ၄၀ မိနစ်အထိ မိုးများအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မန္တလေးမြို့ရှိ အဓိကရေမြောင်းကြီးဖြစ်သော ရွှေတချောင်း၊ ငွေတချောင်း၊ ပန်ရန်တော်ချောင်း၊ နဒီချောင်းနှင့် မင်္ဂလာတူးမြောင်းများတွင် ရေများပြည့်လျှံခဲ့သည်။ **သီဟကိုကို(မန္တလေး)**

## ဒါးကချောင်းရေများ အဆက်မပြတ်တိုးနေ၍ ကျေးရွာ ၇၄ ရွာအထိ ရေများဝင်ရောက်လျက်ရှိ



**ကျုံပျော် ဩဂုတ် ၁၇**

ဒါးကချောင်းရေများ အဆက်မပြတ်တိုးဝင်လာမှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ရေများထပ်မံဝင်ရောက်လျက်ရှိပြီး ဩဂုတ် ၁၅ ရက်ထိ မြို့ပေါ်ချောင်းအနီးဝန်းကျင်မှ နေအိမ်များ၊ ကျေးရွာအုပ်စု ၂၇ စုရှိကျေးရွာပေါင်း ၇၄ ရွာမှ အိမ်ခြေ ၃၄၄၁ အိမ်၊ လူဦးရေ ၁၃၆၂၀ ဦးတို့ ရေဝင်ရောက်ခြင်းခံနေရပြီး အဆိုပါကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဦးဆောင်သည့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကြီးကြပ်မှုကော်မတီဝင်များနှင့် အလှူရှင်များ သွားရောက်၍ ကူညီရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိ မြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်း နှစ်ခုနှင့် ကျေးရွာတွင် ကယ်ဆယ်ရေးစခန်း ခြောက်ခု စုစုပေါင်းကယ်ဆယ်ရေးစခန်းရှစ်ခု ဖွင့်ထားရပြီး လူဦးရေ ၁၀၀၇ ဦး ရောက်ရှိလျက်ရှိကာ မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများ၊ ပရဟိတအဖွဲ့များက အလှူငွေ၊ ထမင်းထုပ်၊ ဆန်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါး၊ ရေသန့်ဘူး၊ ငါးသေတ္တာ၊ အဝတ်အထည်နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို ရေဝင်ရောက်သည့်ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ဆေးလိပ်၊ ကွမ်းစားသုံးမှုပပျောက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၇**

ကမာရွတ်မြို့နယ် အ. ထ. က(၅) ကျောင်းတွင် ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီ ၁၀ မိနစ်က ဆေးလိပ်၊ ကွမ်းစားသုံးမှုလျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မျိုးမျိုးထိုက်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာသင်းသင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါက်တာသက်သက်စံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်စိမ်းလဲ့နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ စီမံချက်လက်ထောက်ရေးမှူး ဒေါက်တာမြင့်သိန်းတို့က ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားသုံးမှုလျော့နည်းပပျောက်စေရန် အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ အ. ထ. က(၅) ကျောင်းရှိကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **ကျော်လှိုင်(ကမာရွတ်)**

## စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ဖရူဆို ဩဂုတ် ၁၇**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများ၏ အသက်အိုးအိမ် ဘေးကင်းလုံခြုံမှုရှိစေရန်ရည်ရွယ်၍ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ဖရူဆိုမြို့နယ်အခြေခံပညာအထက်တန်းကျောင်းရှိ တော်ဝင်သဇင်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖရူဆိုမြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ခံဦးဝေလင်းကျော်က မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးလောင်ရခြင်းအကြောင်းအမျိုးမျိုး၊ မီးဘေးအန္တရာယ်အသွယ်သွယ်နှင့် ဆိုးကျိုးသက်ရောက်ပုံ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ တည်ဆောက်ပုံ၊ အသုံးဝင်ပုံ၊ အသုံးပြုပုံ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ဆောင်ရမည့်နည်းလမ်းများကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ခံမှ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

## ကျွန်းထောင်မြေရောက် ခရီးသည် — ယမန်နေ့မှအဆက်

တောင်ကြီး-ကွန်ဟိန်းသည် ၁၄၁ မိုင်ဖြစ်သကဲ့သို့ ကွန်ဟိန်း-ကျိုင်းတုံမှာလည်း ၁၄၁ မိုင်ဖြစ်၍ ကွန်ဟိန်သည် တောင်ကြီးနှင့် ကျိုင်းတုံမြို့တို့ရဲ့ခရီးအလယ်တွင်ရှိနေသည်ဟု သိရပါသည်။ မြို့ပတ်လည်တွင် တောင်များဝန်းရံလျက်ရှိသည်။ နမ့်ပန်ချောင်းသည် ကွန်ဟိန်းမြို့လယ်မှ ဖြတ်သန်းစီးဆင်းနေပါသည်။ ချောင်း၏အောက်ခံမှာ ကျောက်တောင်များဖြစ်သည်။ နမ့်ဆိုသည်မှာ 'ရေ'၊ ပန်ဆိုသည်မှာ 'ချောင်း'။ ရေချောင်း၊ ချောင်းရေဟု အဓိပ္ပာယ်ရသည်။ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းပါးသို့ တံတားသုံးစင်းဖြင့် နမ့်ပန်ချောင်းအလယ်ရှိ ကျွန်းနှစ်ကျွန်းပေါ်တွင် တည်ဆောက်ထားသည်။ ကျွန်းတွေပေါ်သို့ တံတားအဆင့်ဆင့်ထိုးကာ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားများ၏အတိုင်းအတာများမှာ ၂၅၅+၂၅၅+၆၇၅ စုစုပေါင်း ၁၁၈၅ ပေဖြစ်သည်။ ကျွန်းများအလွန်ပေါများသည်ကို ကွန်ဟိန်းတံတားက သက်သေခံနေပါသည်။ ၁၉၆၈ ခုနှစ်တွင် မြန်မာအင်ဂျင်နီယာများ စတင်ဆောက်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင်ပြီးသည်။ ၁၀ နှစ်ကြာသည်။ ကျွန်းနှစ်ကျွန်းသည် မျဉ်းတစ်ပြေးတည်းမဟုတ်သဖြင့် တံတားတွေသည်လည်း ခပ်ကွေးကွေးတည်ရှိနေပါသည်။ မြစ်တွင်းမှ အောက်ခံကျောက်သားပေါ်တွင် တည်ဆောက်ထားသည်။ တံတားမှာ ခပ်ကွေးကွေးလေးတည်ရှိနေသည်။ သုံးဆစ်ချိုးတံတား၊ သုံးဆစ်ကွေးတံတားဟု ဆိုနိုင်သည်။

ကွန်ဟိန်းတံတားကို အောက်ခံမြေမာရှိသောကျွန်းများ၏မြေပြင်အနေအထားအရ မူတည်ဆောက်ခဲ့သည်ဖြစ်၍ ခပ်ကွေးကွေးတည်ဆောက်ခဲ့သည်ကို တွေးတောမေးမြန်းမလိုသော်လည်း ရန်ကုန်မြို့တံတားလေးလမ်းဆုံရှိ မြောက်ဥက္ကလာပ ရထားလမ်းခုံးကျော်တံတားကွေးကွေးလေး တည်ဆောက်ထားခြင်းကိုတော့ဖြင့် မေးခွန်းထုတ်စရာပင်။ တံတားလေးခုံးကျော်တံတားတည်ဆောက်ပုံက မျက်နှာခြင်းဆိုင်မှ တံတားပေါ်မောင်းတက်လာသော ကားနှစ်စင်းတံတားအလယ်တွင် သတိထားမောင်းနှင်အောင် တမင်ဖန်တီးပေးထားသလို တည်ဆောက်ထားသည်။ ကွန်ဟိန်းတံတားသည် မြောက်ဥက္ကလာပတံတားပုံစံကိုယူပြီး တည်ဆောက်ခဲ့သလော (သို့မဟုတ်) မြောက်ဥက္ကလာတံတားသည် ကွန်ဟိန်းတံတားကို အတုယူပြီး ဆောက်ခဲ့သလောဆိုသည်ကို ဆက်လက်လေ့လာရပေဦးမည်။ တံတားအောက်ရေပြင်တွင် ကျောက်ဆောင်များကို အထင်းသားတွေ့နေရသကဲ့သို့ ယခင်သစ်သားတံတားတိုင်အဟောင်းများကိုလည်း ရေထဲတွင်တွေ့နေရဆဲဖြစ်ရာ သစ်အမျိုးအစား၊ သစ်၏သက်တမ်း၊ ယနေ့ထက်တိုင်တည်ရှိနေနိုင်မှုအခြေအနေ စသည်တို့ကို သစ်တောကျောင်းသား၊ ကျောင်းသူများ၊ ရုက္ခဗေဒစိတ်ပါဝင်စားသူများ လေ့လာစာတမ်းပြုသင့်ပေသည်။ မှတ်တမ်းလေးတော့ ထားခဲ့သင့်ပေသည်။

တံတားအရှေ့ဘက်ကမ်းမှနေ၍ အနောက်ဘက်ကိုကြည့်လိုက်လျှင် တောင်ပေါ်တွင်တည်ထားသော ရွှေတိဂုံစေတီပုံစံ 'မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီ' ကိုကြည်ညိုဖွယ်တွေ့ရသည်။ နမ့်ပန်ချောင်းတွင် စက်တပ်လှေတစ်စင်းတလေမှ မတွေ့ပေ။ လက်ခပ်လှေတစ်စီးသာလျှင် တွေ့ရသည်။ နမ့်ပန်ချောင်းတစ်လျှောက်တွင် ကျောက်စွယ်၊ ကျောက်ဆောင်များပေါ်များသဖြင့် ရေကြောင်းသွားလာရေးအတွက် အဓိကအားထား၍မရဟု သိရသည်။ နမ့်ပန်ချောင်းသည် မြောက်ဘက်ရှိ ကျိုင်းလုံ၊ ကျေးသီးဘက်မှစီးဆင်းလာကာ ကွန်ဟိန်းမြို့ကိုဖြတ်၍ တောင်ဘက်အရပ်ရှိ ကျိုင်းရပ်ဒေသအနီးတွင် သံလွင်မြစ်နှင့်ပေါင်းစီးကာ သံလွင်မြစ်အနေဖြင့် ကယားပြည်နယ်ကိုဖြတ်ပါသည်။ ဆက်လက်စီးဆင်းကာ မွန်ပြည်နယ် ဘီလူးကျွန်းကို ဦးခွေ့ ထိပ်တိုက်တွေ့ပြီး မုတ္တမကွေ့ထဲသို့ စီးဆင်းတော့သည်။ ကွန်ဟိန်းမြို့နေ တိုင်းရင်းသားတို့အနေဖြင့် နမ့်ပန်ချောင်းရေကို တောင်ကုန်းပေါ်ရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကန်သို့မောင်းတင်၍ ဖြန့်ဝေပေးနိုင်ရန် စတင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ဝမ်းသာစရာ မင်္ဂလာသတင်းပင်။

ကျွန်တော်သည် ရောက်ရာဒေသရှိ မနက်ခင်းဈေးကို မဖြစ်မနေလေ့လာတတ်ပါသည်။ ဒေသ၏လိုအပ်ချက်၊ ဒေသထွက်ကုန်စသည်တို့ကို တစ်နေရာတည်းမှာ လေ့လာခွင့်ရရှိနိုင်၍ ဖြစ်ပါသည်။ ဈေးတွင်လူနေမှုဘဝ၊ ဓလေ့စသည်များကို တစ်နေရာတည်းမှာတွေ့နိုင်သည် မဟုတ်ပါလား။ ဈေးသည် သိပ်မကျယ်ပေ။ နေ့တိုင်းဈေးဖြစ်၍ မနက်ပိုင်းတွင်သာ အစည်ကားဆုံးဖြစ်ပါသည်။ မကွေး၊ မန္တလေးဒေသထွက်ကုန်အများစုကို တွေ့ရသည်။ ဒေသထွက် ဟင်းသီးဟင်းရွက်များ တွေ့ရသည်။ အခြားဒေသများသို့ ဘယ်လို ပို့ကုန်တွေတင်ပို့ပါသနည်း။ အသားဈေးတန်းတွင် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းပိဿာကျော်အကောင်ကြီးများကို တွေ့ရသည်။ နမ့်ပန်ချောင်းမှ ဖမ်းဆီးရရှိခြင်းမဟုတ်။ မွေးမြူရေးကန်များမှ ဝယ်ယူရောင်းချခြင်းဖြစ်ကြောင်း သိရ၍ အလွန်အံ့သြရသည်။ နမ့်ပန်ချောင်းမှာ ငါးရှားကုန်တော့လို့လား။ ငါးကန်တွင် ဝယ်ရသည့်ဈေးနှုန်းမှာ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၈၀၀၀ ဖြစ်သည်။ ငါးမြစ်ချင်းအသားလွှာများ (ငါးမြစ်ချင်းခြစ်) ကိုတွေ့ရသည်။ တောင်ကြီးကလာသည်ဟုပြော၏။ ရန်ကုန်မြို့ ကြည့်မြင်တိုင်စံပြငါးဈေးက ငါးမြစ်ချင်းများဖြစ်မည်ဟု ကျွန်တော်ထင်၏။ ထုပ်ပိုးသည့် ရေခဲပုံးများနှင့်ပတ်ထားသော တိပ်များက ကျွန်တော်မြင်နေကျ ကြည့်မြင်တိုင်ငါးဈေးကပုံစံအတိုင်း ဖြစ်နေသည်။ အနည်းဆုံး သုံးညအိပ်ကျော်ကျော် ရေခဲရိုက်ထားတာတွေ သူတို့စားနေကြတာဖြစ်သည်။ ရန်ကုန်၊ ဧရာဝတီကလာတဲ့ သုံးညအိပ်ရေခဲရိုက်ငါးတွေကို စားနေကြရပါလား။ သူတို့ဒေသထွက်ကုန်ဖြစ်အောင် မလုပ်နိုင်ဘူးလား။ ဘာကြောင့်မှီခိုနေရလဲ။

ရှည်လျားစီးဆင်းနေသော နမ့်ပန်ချောင်းကြီးရှိနေပြီး အဘယ့်ကြောင့် မွေးမြူရေးငါးတွေ အရောင်းသွက်နေရသလဲ၊ နမ့်ပန်ချောင်းမှာ ငါးအပါအဝင် ရေသယံဇာတအရင်းအမြစ်တွေ မရှိတော့လို့လား၊ ငါးသားပေါက်တွေကို ဘယ်ကဝယ်သလဲ၊ ငါးသားပေါက်ကန်တွေရှိသလား၊ ငါးမွေးမြူရေးဟာ ဒေသထွက်ကုန်ဖြစ်လာတော့မလား၊ အမှီအခိုကင်းပြီလား၊ လား. . . လား. . ။ မေးခွန်းပေါင်းများစွာ ကရွတ်ကင်းလျှောက်တွေးတောနေရင်း 'ဒိန်း' ကနဲပေါက်ကွဲသံတစ်ခုကို ကွန်ဟိန်းတံတားဘက်မှ ခပ်အုပ်အုပ်ကြားလိုက်ရသဖြင့် ဖြန့်ကြက်အတွေးများ လွင့်မျောပြတ်တောက်သွားရပါတော့သည်။

မျှဝေခံစားနိုင်ပါစေ။

**ကိုငြိမ်း(တောင်သာ)**

# ကုန်သွယ်လုပ်ငန်းခွန်နှင့် အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေ

à Mမောင်မောင်

နှစ်စဉ်ပြဋ္ဌာန်းလေ့ရှိသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေ (threshold) ကို သတ်မှတ်ပေးထားသည်။ တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေသည် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် ကဏ္ဍသုံးရပ်စလုံးရှိ စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်သော်လည်း အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေသတ်မှတ်ချက်သည် သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍအပေါ်တွင်သာ အကျိုးသက်ရောက်ပါသည်။

**ဦးစီးဌာန၏ဖွဲ့စည်းပုံ**

ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံသည် ပထမအကြိမ် ပြည်ထောင်စုအစိုးရ လက်ထက်တွင် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကို အကြောင်းပြု၍ ပြောင်းလဲလာပါသည်။ ရန်ကုန်မြို့တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (LTO) နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (MTO) များကို တိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် မြို့နယ်အခွန်ရုံးများသည် အလိုအလျောက် အခွန်ထမ်းငယ်များဆိုင်ရာအခွန်ရုံး ဖြစ်သွားပါတော့သည်။ အထက်ပါအခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေသတ်မှတ်ချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အကျုံးဝင်သော လုပ်ငန်းငယ်လေးများအတွက် ရည်ရွယ်သတ်မှတ်ထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**အခွန်မစည်းကြပ်ထိုက်သောရောင်းရငွေ၊ ရငွေ**

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၂ တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အကျုံးဝင်သော ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဘဏ္ဍာနှစ်တစ်နှစ်အတွင်း စုစုပေါင်းရောင်းရငွေ၊ ရငွေသည် ကျပ်သိန်း ၁၅၀ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုဥပဒေတွင်လည်း အလားတူပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ထိုဥပဒေများအရ အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေသည် ကျပ်သိန်း ၂၀၀ ဖြစ်သည်။

ဤတွင် ဘဏ္ဍာနှစ်နှင့် စည်းကြပ်နှစ် မတူကြောင်း ရှင်းပြလိုပါသည်။ ၂၀၁၄ ခုနှစ် အခွန်အကောက်ဥပဒေအရ ဘဏ္ဍာနှစ်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုဘဏ္ဍာနှစ်နှင့် တစ်ဆက်တည်းဖြစ်သည့် နောက်ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ သည် စည်းကြပ်နှစ်ဖြစ်သည်။ ထို့ကြောင့် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေကျပ်သိန်း ၁၅၀ သည် ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်နှင့်သက်ဆိုင်ပါသည်။ ထို့အတူ အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေကျပ်သိန်း ၂၀၀ သည် ၂၀၁၆-၂၀၁၇ မစည်းကြပ်နှစ်နှင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်တို့နှင့် သက်ဆိုင်ပါသည်။

**အခွန်နှုန်းရှင်းလင်းချက်**

ငါးရာခိုင်နှုန်း အခွန်ကျသင့်သော လုပ်ငန်းများအနေဖြင့် ကျပ် ၁၀၀ ဖိုးရောင်းရလျှင် အခွန်ငါးကျပ်ကျသင့်သည်ဟု ပြည်သူတို့ထင်မှတ်နေကြပါသည်။ ထိုသို့မဟုတ်ပါ။ တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅ ပြဋ္ဌာန်းချက်အရ ရောင်းရငွေတွင် အခွန်ပါဝင်ပြီးဖြစ်သည်။ ထို့ကြောင့် ရောင်းရငွေ၊ ရငွေ ၁၀၅ ကျပ်တွင် အခွန်ငါးကျပ်ကျသင့်ပါသည်။ ဥပမာ-ရောင်းရငွေ ၂၁၀၀၀၀ တွင် အခွန်ကျပ် ၁၀၀၀၀ ပါဝင်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်ဖြစ်သည့်အတွက် ကျသင့်အခွန်ကို လုပ်ငန်းရှင်က ကျခံရခြင်းမဟုတ်ဘဲ စားသုံးသူက ကျခံရခြင်းဖြစ်ကြောင်း ထပ်တလဲလဲ အသိပေးလိုပါသည်။

**ယခင်က အခွန်တွက်ချက်မှု**

၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ စတင် ပြဋ္ဌာန်းခဲ့စဉ်ကတည်းက အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေပြဋ္ဌာန်းချက်ရှိပါသည်။ သို့သော် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အကျုံးဝင်သော လုပ်ငန်းအားလုံးအတွက် သတ်မှတ်ထားခြင်းမရှိပါ။ ကုန်စည်ထုတ်လုပ်မှု၊ ကုန်စည်ကိုဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းနှင့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ်တွင်သာ အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေ သတ်မှတ်ထားခြင်းဖြစ်သည်။ လုပ်ငန်းသဘာဝချင်းမတူသောကြောင့်ဖြစ်သည်။ (ပထမအကြိမ် ပြည်ထောင်စုအစိုးရလက်ထက်ကျမှ နွားထီးငါးကျပ်၊ နွားမငါးကျပ် တစ်ပြေးညီသတ်မှတ်ခဲ့ခြင်းဖြစ်သည်)။ ထိုခေတ်အခါက အခွန်တွက်ချက်မှုတွင် စုစုပေါင်းရောင်းရငွေ ရငွေမှ အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေရငွေကို နုတ်ပယ်ပေးပြီး ကျန်ရောင်းရငွေပေါ်တွင် သတ်မှတ်ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေခြင်းဖြစ်သည်။

ဥပမာအားဖြင့် အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ ရငွေသည် ကျပ်သိန်း ၁၀၀ တိတိဖြစ်သည်ဆိုပါစို့။ တစ်နှစ်စုစုပေါင်းရောင်းရငွေသည် ကျပ် ၁၀၂၁၀၀၀၀ ဖြစ်သည်ဆိုလျှင် အောက်ပါအတိုင်း အခွန်ကျသင့်ပါသည်-

သတ်မှတ်တစ်နှစ် စုစုပေါင်းရောင်းရငွေ ၁၀၂၁၀၀၀၀ ကျပ်

နုတ် အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ ၁၀၀၀၀၀၀၀ ကျပ်

စည်းကြပ်ရန်ရောင်းရငွေ ၂၁၀၀၀၀ ကျပ်

၅ ရာခိုင်နှုန်းဖြင့် ကျသင့်အခွန် ၁၀၀၀၀ ကျပ်

အထက်ပါအတိုင်း စည်းကြပ်ကောက်ခံမည်ဆိုပါက လုပ်ငန်းငယ်ကလေးများအနေဖြင့် အခွန်အတွက် ဖိစီးမှုလည်းမရှိနိုင်ပါ။ အခွန်စနစ်၏ သိမ်မွေ့ညင်သာမှုကိုလည်း ဖြစ်စေပါသည်။ အခွန်စည်းကြပ်ကောက်ခံမှုတွင် သိမ်မွေ့ညင်သာရန်လိုအပ်ပါသည်။ အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ချင်လာအောင် အခွန်ပေးရမှန်းမသိ ပေးဆောင်ဖြစ်အောင် စီမံခန့်ခွဲရန် လိုအပ်ပါသည်။ အခွန်စည်းကြပ်ကောက်ခံခြင်းသည် ဥပဒေလက်နက်ဖြင့် ပြည်သူတို့အား ခါးပြတိုက်နေခြင်းမဟုတ်ပါ။

**အခွန်တွက်ချက်မှု လက်ရှိအခြေအနေ**

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေ ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း အခွန်တွက်ချက်ရန်နည်းလမ်းကို ပြဋ္ဌာန်းထားခြင်းမရှိပါ။ တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် စည်းမျဉ်းများတွင်လည်း အခွန်တွက်ချက်ပုံ နည်းလမ်းများကို ပြဋ္ဌာန်းထားသည်ကို မတွေ့ရှိရပါ။ အခွန်တွက်ချက်မှုနှင့်ပတ်သက်၍ ဦးစီးဌာနမှ ညွှန်ကြားသည်ဟု သိရှိရပါသည်။ ယနေ့အခွန်တွက်ချက်ပုံတွင် အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေကို စုစုပေါင်းရောင်းရငွေမှ နုတ်ပယ်ပေးခြင်းမရှိတော့ကြောင်း သိရှိရပါသည်။ သို့ဆိုလျှင် ယနေ့ အခွန်အတွက်ချက်မှုကို အောက်ပါနမူနာများဖြင့် တင်ပြလိုပါသည်။ လုပ်ငန်းရှင်များသည် စားသုံးသူနှင့် အခွန်ရုံးကို ရန်တိုက်ပေးသောစကားများ ပြောတတ်ကြပါသည်။ တချို့သောစားသုံးသူများသည် ကိုယ့်အိမ်မှာ ဘယ်လိုစားသောက်နေသည်မသိ၊ စားသောက်ဆိုင်ရောက်လျှင် မာန်တက်တတ်ကြပါသည်။ အခွန်ဝန်ထမ်းတချို့သည် အခွန်ထမ်းများအပေါ် မချေမငံဆက်ဆံတတ်ကြပါသည်။ ပြည်ထောင်စုအစိုးရသည် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်နေသလို ပြည်သူတို့ကလည်း မိမိတို့၏ Mindset များကို မိမိတို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

**အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု**

ကောင်းမွန်ထိရောက်သော အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် အခွန်ဥပဒေပြဋ္ဌာန်းချက်များ၏ မျှတမှန်ကန်မှု၊ အခွန်ရုံးဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ရှိသူအဆင့်ဆင့်တို့၏ ကြပ်မတ်ထိန်းကျောင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထိရောက်သော အခွန်ဆိုင်ရာ ပညာပေးမှုတို့ အဓိကပါဝင်သည်ဟု ဆိုချင်ပါသည်။ ထိရောက်သော အခွန်ဆိုင်ရာ ပညာပေးမှုဟုဆိုရာတွင် အခွန်ထမ်းပြည်သူများအား ဖိတ်ခေါ်၍ လူမြင်သူမြင်ဟောပြောနေမှုမဟုတ်ပေ။ နေ့စဉ် အလုပ်လုပ်ရင်း ပညာပေး၊ ပညာပေးရင်း အလုပ်လုပ်နေရမည်သာဖြစ်သည်။ ထိုသို့ပညာပေးနိုင်ရန် အခွန်ရုံးဝန်ထမ်းများအနေနှင့် အခွန်ပညာဝမ်းစာပြည့်ရန် လိုအပ်ပါသည်။

အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ သွယ်ဝိုက်ခွန်ကောက်ခံခြင်းအစီအစဉ်တွင် အခွန်ထမ်းများအား အခွန်အမှတ်တံဆိပ်လာရောက်ထုတ်ယူ၍ ပြေစာတွင်ကပ်ပေးကြပါဟု ညွှန်ကြားနေရုံနှင့် မပြီးပါ။ အခွန်ထမ်းများလိုလားစွာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပညာပေးမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြပါသလား။ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် စနစ်တကျ ထိန်းကျောင်းမှုရှိပါရဲ့လား။ လိုက်နာရန်ပျက်ကွက်မှုအတွက် ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုရှိပါရဲ့လား။ စားသုံးသူပြည်သူတို့၏ ပံ့ပိုးကူညီမှုကို လိုလိုလားလား လက်ခံဆောင်ရွက်ကြပါရဲ့လားဆိုတာ မေးရန်ရှိပါသည်။ စာရေးသူကိုယ်တိုင် တိုင်ကြားမှု၊ အကြံပေးမှုများရှိခဲ့ပါသည်။ ဆောင်းပါးရှည်မည်စိုးသဖြင့် အကျယ်တင်ပြနိုင်ခြင်းမရှိပါ။ အခွန်ပညာပေးမှုအားနည်းခြင်းကြောင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းထားရကောင်းမှန်းလည်းမသိပါ။ အခွန်ရုံးမှ စစ်ဆေးရန်ခေါ်ယူသည့်အခါ မိမိလုပ်ငန်းအတွက် ခြေခြေမြစ်မြစ်ပြောနိုင်ခြင်း၊ ပြောလိုခြင်းလည်း မရှိကြပါ။ တချို့အခွန်ထမ်းများသည် ဆရာကောင်းသလိုသာ ကြည့်ရေးလိုက်ပါဟု ဆိုတတ်ပါသေးသည်။ ထိုရောအခါ မြို့နယ်အခွန်အရာရှိအတွက် အကွက်ဆိုက်သွားပါတော့သည်။

လမ်းဘေးလက်ဖက်ရည်ဆိုင်ငယ်များ၊ မုန့်တီဆိုင်များ၊ ကုန်စုံဆိုင်ငယ်များ၊ စတိုးဆိုင်ငယ်များသည် တစ်နေ့ အနည်းဆုံးကျပ်ငါးသောင်း၊ ခြောက်သောင်းဖိုးခန့် ရောင်းရငွေရှိပါသည်။ ထိုမျှမှမရောင်းရလျှင် အရင်းပြုတ်ရုံသာ ရှိတော့သည်။ ထိုတစ်နေ့ရောင်းရငွေပေါ်အခြေခံ၍ တစ်နှစ်စုစုပေါင်းရောင်းရငွေကို တွက်လျှင် ကျပ်သိန်း ၁၅၀၊ ၂၀၀ ကျော်မည်သာဖြစ်ပါသည်။ အထက်ပါနမူနာအတွက် နည်းများအရ အခွန်မကျလျှင် အရှင်းအခွန်ကျသင့်လျှင် တစ်နင့်တစ်ပိုးကြီးဖြစ်နေသဖြင့် အခွန်ထမ်းနှင့် အခွန်မှူး ညှိနှိုင်းစရာကိစ္စများ ပေါ်ပေါက်လာနိုင်ပါသည်။ လာထား ကြာသလားလို့၊ အခွန်ထမ်းငယ်များအနေဖြင့် အခွန်တစ်နင့်တစ်ပိုးကြီးဆောင်ချင်ဆောင်၊ မဆောင်ရလျှင် အဟုတ်ဆောင်ရပါလိမ့်မည်။

**အကြံပြုလိုပါသည်**

အခွန်စနစ်ကို ပြုပြင်ပြောင်းလဲရာတွင် သိမ်မွေ့ညင်သာရန် လိုအပ်ပါသည်။ ဥပဒေအရ အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေသတ်မှတ်ရာတွင်လည်းကောင်း၊ အခွန်တွက်ချက်ပုံနည်းလမ်းသည်လည်းကောင်း အခွန်ထမ်းငယ်များအပေါ် အမှန်တကယ်သက်ညှာခြင်းရှိပါသလားဆိုတာ ပြန်လည်စိစစ်သင့်ပါသည်။ အခွန်ထမ်းကြီးများအတွက် မထောင်းသာသော်လည်း မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်လေးများအပေါ် အခွန်ဖိစီးမှုမဖြစ်သင့်ပါ။ သို့ဖြစ်၍ ပြည်သူတို့ အခွန်ပေးဆောင်လိုခြင်း အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းစေရန်အတွက် အခွန်ထမ်းငယ်လေးများအပေါ် သိမ်မွေ့ညင်သာသော အခွန်ကောက်ခံမှုစနစ် ဖော်ဆောင်နိုင်ပါရန် ပြည် ထောင်စုအစိုးရသစ်အား အကြံပြုအပ်ပါသည်။ ။

> "တည်ဆဲ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၅ ပြဋ္ဌာန်းချက် အရ ရောင်းရငွေတွင် အခွန်ပါ . . ."

# လက်တွေ့အသုံးချဆေးနည်းတိုများ (၈)



**ဓါ** ကြည်လွင်မြင့် (မုံရွာ)

**ဆရာကြီးရှင့် သမီးရဲ့ဦးလေးက ဆီးကျိတ်ကြီးပြီး အကျိတ်ကို ခြစ်ထားပါတယ်။ ခြစ်ပြီးခါစကတော့ သက်သာသလိုရှိပြီး အခု ဆီးသွားရင် နာတယ်၊ အောင့်တယ်လို့ ပြောပါတယ်ရှင့်။ ဆီးကလည်း နည်းနည်းပဲ သွားပါတယ်။ အဲဒီလိုနာရင် ကင်ဆာဖြစ်နိုင်တယ်လို့ စာစောင်ထဲမှာဖတ်မိပြီး သူ့မှာ စိတ်မကောင်းဖြစ်နေပါတယ်။ သမီးတို့ကလည်း သေချာမသိတော့ သူ့ကို ဘယ်လိုရှင်းပြရမလဲ မသိပါဘူး။ နာတာသက်သာဖို့ နည်းလမ်းရှိရင် မေတ္တာရှေ့ထားပြီး ပြောပြပေးစေလိုပါတယ်။**

ဆီးကျိတ်ခြစ်ပြီးပေမယ့်လည်း ဆီးလမ်းကြောင်းရောင်တာ ကျန်နေသေးရင် နာတတ်ပါတယ်။ မကြာခင် သက်သာသွားပါလိမ့်မယ်။ ဆေးနည်းကတော့ ထိလိုက်ရင် အိပ်သွားတဲ့ ထိကရုံးဆူးပင်ရှာပြီး အမြစ်ပါအောင် နုတ်ယူပါ။ သုံးခွက်တစ်ခွက်တင် ပြုတ်ပါ။ တစ်နေ့လျှင် ပြုတ်ရည် မတ်ခွက်နှစ်လုံး ကုန်အောင်တိုက်ပါ။ နောက်တစ်နည်းကတော့ ကြက်သွန်နီဥထောင်းပြီး အရည်ညှစ် တစ်ဇွန်း၊ ချင်းတက် အစိုထောင်း အရည်တစ်ဇွန်း၊ ပျားရည်တစ်ဇွန်းစပ်ပြီး တစ်နေ့နှစ်ကြိမ်တိုက်ပေးပါ။ ကြက်သွန်နီဥကြီးကို အကွင်းလိုက် ပါးပါးလှီးပြီး ဆီးခုံမှာ ကပ်ပေးပါ။ တစ်နေ့နှစ်ကြိမ် အသစ်လဲကပ်ပါ။

**သမီး မနက်ဝမ်းသွားပြီးရင် စအိုဝက တင်းပြီးနာလာပါတယ်။ တစ်နေကုန် နာနေပါတယ်။ မန်းဆေးဝယ်လိမ်းကြည့်တာလည်း မသက်သာပါ။ ရက်နည်းနည်းကြာလာတော့ ခွဲစိတ်ရမှာလည်းကြောက်လို့ပါ။ နည်းလမ်းရှိရင် ကူညီပါရှင့်။**

ဆားခါးအထုပ်ဝယ်ပါ။ မြန်မာဆားခါးကို ပရဆေးဆိုင်တွေမှာ ရနိုင်ပါတယ်။ အင်္ဂလိပ်ဆေးဆိုင်တွေမှာလည်း ဆားခါးအထုပ် (မဂ္ဂနီဆီယမ်ဆာလဖိတ်)လို့ ပြောဝယ်ရင် ရနိုင်ပါတယ်။ ဆားခါးတစ်ထုပ်လုံးကို ရေနွေးခွက်ဘူးတစ်လုံးနဲ့ဖျော်ပါ။ ပျော်ဝင်သွားရင် ထိုင်လို့ရနိုင်တဲ့ အင်တုံ(ဒါမှမဟုတ်) ပလတ်စတစ်ဇလုံကြီးကြီးမှာထည့်ပြီး ရေအေးရောစပ် ဖင်ထိုင်ပေးပါ။ မနက်ဝမ်းသွားပြီးချိန်မှာ ထိုင်ပါ။ ပြီးမှ ရေချိုးပါ။ မိနစ် ၂၀ လောက်ထိုင်ပေးရင် သက်သာနိုင်ပါတယ်။ ညအိပ်ရာဝင်ချိန်မှာ ကျားမနိုင်မြစ် (ဒါမှမဟုတ်) နလင်ကျော်ကို သွေးပြီး စအိုဝမှာ လိမ်းပေးပါ။ ခုနစ်ရက်လောက်ပြုလုပ်ရင် သက်သာပျောက်ကင်းနိုင်ပါတယ်။

**ဆန်စိမ်းစားတာ ကောင်းပါသလားဆရာ။ သွေးက တောင်းတာလား မသိပါ။ ဆန်စားချင်စိတ်ဖြစ်ဖြစ်နေပါတယ်။ ဆန်စားရင် သန်ကောင်ဖြစ်စေတယ်လို့ လူကြီးတွေ ပြောပါတယ်။ မစားဖြစ်အောင် ဘယ်လိုလုပ်ရပါမလဲဆရာ။**

ဆန်စားချင်စိတ်၊ ပြာစားချင်စိတ်ဖြစ်တာ ဝမ်းထဲမှာ လေပြင်ရှိလို့ဆိုပါတယ်။ လက်ဖက်အစိုကို အခါးကုန်အောင် ရှောက်သီးအရည်နဲ့ညှစ်ပြီး နှမ်းဆီနဲ့နှပ်ထားပါ။ ဆန်စားချင်စိတ်ဖြစ်တဲ့အခါတိုင်း အနည်းငယ်မျှစားပေးပါ။ လေပူကျအောင် ညအိပ်ရာဝင်ချိန်မှာ မန်ကျည်းမှည့်ဖျော်ရည်သောက်ပေးပါ။

**ကျွန်မသမီးငယ်က အသက် သုံးနှစ်ပါ။ အအေးကြိုက်တော့ ပန်ကာလေ အမြဲခံလေ့ရှိပါတယ်။ သူ အခုဖျားနေပါတယ်။ ဆေးတိုက်လည်း ကိုယ်ပူက ခဏကျပြီး ပြန်ပူပါတယ်။ အဆော့လည်းမပျက်၊ အစားလည်းမပျက် ကိုယ်ပူနေတာ ဘယ်လိုလုပ်ပေးရပါမလဲ။**

ကလေးကိုယ်ပူကျအောင် ရေဖတ်တိုက်ပေးပါ။ ကံ့ကော်ဝတ်ဆံနဲ့ သနပ်ခါးရောသွေးပြီး တစ်ကိုယ်လုံးလိမ်းပေးပါ။ ပါးစပ်ထဲလည်း အနည်းငယ်ခွံ့ပေးပါ။ အဖျားရက်ရှည်ရင်တော့ ကလေးကို အထူးကုသမားတော်နဲ့ ပြသင့်ပါတယ်။ ကလေးကို ပန်ကာလေခံတဲ့ အကျင့်ပျောက်အောင် ပြုပြင်ပေးသင့်ပါတယ်။

**ကျွန်မ ကလေးမရအောင် သားအိမ်ထဲ ပစ္စည်းထည့်ထားပါတယ်။ အခု ကလေးယူမယ်ဆိုပြီး ပြန်ထုတ်ပြီးပါပြီ။ ကိုယ်ဝန်လည်း မရှိသေးဘဲနဲ့ ဓမ္မတာမလာဘဲ အသားတွေ မည်းနေပါတယ်။ ဓမ္မတာ ပြန်ပေါ်ချင်ပါတယ်။ ဆေးနည်းပေးပါရှင့်။**

ကြိတ်မှန်ရွက်ကို ထန်းလျက်အမည်း (ထန်းဖိုထန်းလျက်)နဲ့ ရောကျိုသောက်ပါ။ ရှားစောင်းလက်ပပ်အနှစ်ကိုလည်း ဟင်းချိုချက်သောက်ပါ။ ပဲရာဇာ (ခေါ်) ပဲနီကလေး ဟင်းချိုကို နေ့စဉ်ချက်သောက်ရင် အသားပြန်ဖြူနိုင်ပါတယ်။

**မြောင်းထဲ ခြေချော်ကျပြီး ဒူးနာနေပါတယ်။ အနည်းငယ်ရောင်ပါတယ်။ တောနယ်ရောက်နေလို့ ဆေးခန်းမပြနိုင်ပါ။ ကူညီပါ။**

မုန်ညင်းဆီ (ဒါမှမဟုတ်) နှမ်းဆီကို မီးအပူပေးပြီး ဒူးမှာလိမ်းပါ။ ဗာဒံရွက်အနုကို ဒူးပေါ်မှာအုပ်ပြီး ပတ်တီးနဲ့စည်းထားပါ။ ဒူးစွပ်ရှိရင် အရွက်အုပ်ပြီး ဒူးစွပ်စွပ်ထားပါ။ အမြန်သက်သာနိုင်ပါတယ်။ ဗာဒံရွက်မရှိရင် ရဲယိုရွက်ကို မီးကင်ပြီးကပ်ရင်လည်း သက်သာနိုင်ပါတယ်။

**ကျွန်မရဲ့ သားလေး အသက် နှစ်နှစ်ပြည့်ပြီးပါပြီ။ မွေးကတည်းက ရင်ကျပ်တတ်ပါတယ်။ အခုလည်း ရာသီဥတုအေးရင် အစားမှားရင် ရင်ကျပ်ပါတယ်။ ဆေးနည်းလေးညွှန်းပေးစေချင်ပါတယ်။**

ကွမ်းရွက်တစ်ရွက်နဲ့ ချင်းပါးပါး ခုနစ်လွှာကို ရေနွေးမတ်ခွက်တစ်လုံးမှာ ထည့်အုပ်ထားပါ။ အအေးခံပြီး ရေကျက်အေးပြုလုပ်ထားပါ။ တစ်နေ့ကုန်ဝင်သလောက် ဖြည်းဖြည်းချင်းတိုက်ပေးပါ။ အေးရင် ကလေးရင်ဘတ်ကို မုန်ညင်းဆီနွေးနွေးလိမ်းပေးပါ။

**သန္ဓေတားဆေးထိုးတာ တင်ပါးမှာ အခဲဖြစ်ပြီး ရောင်နာနေပါတယ်ဆရာ။ နှစ်ရက်ရှိပါပြီ။ ရေခဲကပ်တာ မသက်သာပါ။ မြန်မာဆေးနည်းရှိရင် ပေးစေလိုပါတယ်။**

ဆားကြပ်ထုပ်ထိုးပါ။ အိမ်သုံးဆားကို အဝတ်နဲ့ထုပ်ပြီး ရေနွေးငွေ့ခံ အပူပေးပြီး ခဲနေတဲ့နေရာမှာ ဖိကပ်ပေးပါ။ ခံနိုင်ရုံ အပူနဲ့ကပ်ပါ။ ဆန်ကို ထောင်း၊ ခံနိုင်ရုံ အပူနဲ့ကပ်ပါ။ ဆန်ကို ထောင်း၊ နနွင်းမှုန့် အနည်းငယ်နဲ့ရော ရေနဲ့ဖျော်ပြီး ကပ်ပေးပါ။ ဇာတိပ္ဖိုလ်သီးအဆန်ကို သွေးလိမ်းပါ။ ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ရင် အကျိတ်ကြေစေပါတယ်။

**ယင်ကောင်နဲ့ ခြင်တွေ မလာစေဖို့ စပါးလင်ပင်ကို အသုံးပြုရတယ်ဆိုတာ မှန်ပါသလား။**

မှန်ပါတယ်။ စပါးလင်ပင်တွေကို ပိုင်းဖြတ်ပြီး ရေထည့်ထားတဲ့ ဖန်ပုလင်းမှာ စိုက်ထားရင် ယင်နဲ့ခြင်အလာနည်းပါတယ်။ အနံ့ကြောင့် မလာတာဖြစ်ပါတယ်။ ပန်းအိုးနဲ့အလှစိုက်ရင်လည်း ရပါတယ်။

**ဆီးအောင့်ပြီး မကြာခဏ ဆီးသွားချင်နေပါတယ်။ ခြေထောက်ရေစိုများရာကနေ ဖြစ်တယ်လို့ထင်ပါတယ်။ ဆေးနည်းပြောပေးပါရှင့်။**

ကြက်သွန်နီဥကြီး မီးဖုတ်စားပါ။ ကြက်သွန်နီကို ပါးပါးလှီးပြီး ဆီးခုံမှာ ကပ်ပေးရင်လည်း အပူငုပ်ဆီးအောင့် သက်သာစေပါတယ်။

**ကျောက်ကပ်အထက်မှာ ရေအိတ်ရှိတာကို သဘော်ရွက်ပြုတ်သောက်ရမယ်လို့ ဆရာဖြေထားတာ တွေ့ဖူးပါတယ်။ ဘယ်အတိုင်းအတာ၊ တစ်နေ့ဘယ်နှကြိမ်၊ ဘယ်နှလ သောက်ရမှာပါလဲ။**

သဘော်ရွက်ပြုတ်ရည် မတ်ခွက်တစ်လုံးစာကို မနက်၊ ည နှစ်ကြိမ်ခွဲသောက်ရင် လုံလောက်ပါတယ်။ အနည်းဆုံး တစ်လခွဲ (၄၅)ရက် သောက်သင့်ပါတယ်။







**ကျွန်မလွန်ခဲ့တဲ့ တစ်လက သည်းခြေအိတ်ခွဲထုတ်လိုက်ရပါတယ်။ အခုထိ အစာစားလို့ မမြိန်သေးပါ။ စားလည်း မစားချင်ပါ။ သည်းခြေအိတ်ထုတ်လိုက်ရတာကြောင့်လား မသိပါ။ အစာစားချင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို အကြံပေးပါရှင့်။**

ဝမ်းမီးအားကောင်းလာစေဖို့ ချင်းတက်လက်တစ်ဆစ်လောက်ထုပြီး ရေနွေးမတ်ခွက်တစ်လုံးမှာ စိမ်ထားပြီး ရေကျက်အေးပြုလုပ်သောက်ပါ။ နှစ်ကြိမ်ရေနွေးထပ်ရောပါ။ ချင်းအရသာကုန်ရင် အသစ်လဲပါ။ ချင်းရေကျက်အေးကို သုံးရက်သောက်ကြည့်ပါ။ စားချင်လာပါလိမ့်မယ်။

တစ်နည်းမှာ လက်ဖက်အစိုကို ဆားနဲ့နယ်ပြီး အခါးကုန်အောင် ရေဆေးပါ။ ရှောက်သီးအရည်ညှစ်၊ ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းတောင့် အနည်းငယ်ထောင်း ရောနယ်ပြီး နှမ်းဆီအုပ်နှပ်ထားပါ။ နည်းနည်းချင်း စားပေးပါ။ ခံတွင်းပြန်လိုက်လာပါလိမ့်မယ်။ မြန်မာရှေးလူကြီးတွေစားတဲ့ လက်ဖက်နှပ်နည်းဖြစ်ပါတယ်။

**သမီးဆေးနည်းလေး တောင်းချင်လို့ပါရှင့်။ သမီး ညီမလေးအတွက်ပါဆရာ။ ပေါင်ကနေ ခြေသလုံးထိ အကြောတွေ ပြတ်ပါတယ်။ အကြောပြတ်ရာတွေကြောင့် စိတ်ဆင်းရဲရပါတယ်။ တချို့ဆရာဝန်တွေက အိမ်ထောင်သည် ကိုယ်ဝန်ဆောင်တွေမှာ ဖြစ်တယ်လို့ ပြောပါတယ်။ သူက အပျိုလေးပါ။ အကြောပြတ်ရာတွေက ညီမလေး ခြောက်တန်းကျောင်းသူကတည်းက နည်းနည်းချင်းစီ ပေါ်လာတာပါ။ မျိုးရိုးလိုက်တာလား မသိပါ။ မေမေ့မှာလည်း အကြောပြတ်ရာ နည်းနည်းရှိပါတယ်။ သူ့လောက် မများပါ။ သံလွင်ဆီလိမ်းရတယ်ပြောလို့ လိမ်းတာလဲ မပျောက်ပါဘူးဆရာ။ ဆေးနည်းရှိရင် ညွှန်ပြပေးပါ။**

သံလွင်ဆီလိမ်းတာ မှန်ပါတယ်။ ဒါပေမယ့် ရိုးရိုးလိမ်းလို့ မရဘူး။ မီးနဲ့ နွေးပြီးလိမ်းရပါမယ်။ အားကစားလုပ်လို့ အကြောပြတ်တာတွေ သက်သာပါတယ်။ မြန်မာဆေးနည်းကတော့ ရှားစောင်းလက်ပပ်ကို မီးအုံးပြီး အပြင်ခွံခွာပါ။ အတွင်းက အနှစ်သားနဲ့ ပွတ်ပေးပါ။ ရေမချိုးခင် နေ့စဉ်ရက်ဆက် ၁၄ ရက်လောက် ပြုလုပ်ပါ။

နောက်တစ်နည်းက ကွမ်းသီးခြမ်း (အခြောက်)သွေးလိမ်းရင်လည်း အကြောပြတ်ရာတွေ၊ အမည်းစင်းတွေ သက်သာတယ် ပြောပါတယ်။

တမာရွက်ခြောက်တွေကို နေလှန်းပြီး အမှုန့်ထောင်းပါ။ သနပ်ခါးနဲ့ ရောစပ်လိမ်းပါ။ ဗိုက်ကြောပြတ်တာတော့ လက်တွေ့သက်သာတာ တွေ့ဖူးပါတယ်။

ပညာခွန် ပညာဗိမာန် စာအုပ်တိုက်
ဆရာ ဦးစိုးမြင့် B.Sc(Maths)
စနစ်သစ်တက္ကသိုလ်ဝင်တန်း သင်္ချာဘာသာ၏ သင်ခန်းစာ များကို အခြေခံ၍ ၂၀၁၅ ပညာသင်နှစ် ၂၀၁၆ ပညာသင်နှစ်၊ နှစ်ခုစလုံးမှ ပုစ္ဆာအားလုံးကို တွက်ပြထားပါသည်။
သင်္ချာ ၁၀ တန်း တက္ကသိုလ်ဝင်တန်း
အရောင် (၂)ရောင်ဖြင့် ပုံနှိပ်တွက်ပြထားပါသည်။
မေးခွန်းဟောင်းများ
ရှင်းကွက်လှလှများ MULTIPLE CHOICE
အမှတ် (၂၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 01 253 143
09 730 29336, 09 513 6746

ကား မျိုးစုံ
(Alphard/Crown/MarkII/ဆလွန်ကား/Hiace ...) များကို ...
Ph : 09795549249၊ 095416126

ODYSSEY
01-246334,246339,240545

**OHSAMA Japanese Restaurant**
***(Hot Pot, B.B.Q, Japanese Food)***
( *August* လ အထူး Promotion အစီအစဉ် )
- WAGYU Japanese Beef , Black Pork , Chicken and Natural Seafoods - **20% Discount**
- Yakiniku (BBQ) (၂)ဦးနှင့်အထက်၊ ShabuShabu (HotPot) (၃)ဦးနှင့်အထက် တစ်ဦးလျှင် (12,000 ks) ဖြင့် WAGYU Japanese Beef (၁)မျိုး၊ (22,000 ks) ဖြင့် WAGYU Japanese Beef (၃)မျိုး၊ Black Pork, Chicken, Natural Seafoods, Vegetables များ အပါအဝင် ကြိုက်နှစ်သက်ရာမှာယူ၍ အဝစား ။
- လာရောက်အားပေးသော ဧည့်သည်တော်များအား Dessert အဖြစ် (ကူလစီး) ဧည့်ခံကျွေးမွေးပါသည်။

No.28/B,Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph:01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00 pm

"Study Double Majors at Kaplan Singapore
to be ready for Global Competitive Market"



Universities
- University College Dublin

Universities
- Murdoch University

Universities
- Royal Holloway University
- Northumbria University
- University of Portsmouth
- University of Bedfordshire
- University of Essex

KAPLAN

**Mandalay**
Date : 20 Aug 2016 (Sat)
Time : 3:00 pm - 5:00 pm
Venue : Sedona Hotel (Amarapura Room)

**Yangon**
Date : 21 Aug 2016 (Sun)
Time : 3:00 pm - 5:00 pm
Venue : Novotel Hotel (Bagan Room)

စင်ကာပူဒေါ်လာ (SGD 1,000) ကို ရရှိနိုင်မည့် အခွင့်အရေး

- Kaplan Scholarships များအတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ သိကောင်းစရာများ။
- Double Majors သင်ယူနိုင်မည့် အခွင့်အလမ်းများ။
- (၂)နှစ်ခွဲဖြင့် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်မှ စီးပွားရေးဘွဲ့ဒီဂရီ ရရှိနိုင်မည့်အခွင့်အရေး။
- နိုင်ငံတကာကျောင်းမှ (Grade - 10) အောင်မြင်ထားသူများနှင့် မြန်မာ(၁၀)တန်း အောင်မြင်ထားသူများ သင်ယူတက်မြောက်နိုင်မည့် အခွင့်အလမ်း။
- NCC, HND, ABE ကျောင်းသူ၊ ကျောင်းသားများအတွက် Exemption ရရှိနိုင်မှု။

SA IC STUDY ABROAD Information Centre
သင့်ပညာရေး အတွက် သုံးကြည့် အားထားရာ
(09) 5151 008, (09) 73 2424 04 f STUDY ABROAD Information Centre

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း၊ မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

SEVEN ဝံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644



"ပညာရေးဆွေးနွေးပွဲ"

JCU SINGAPORE

Australian Degree ရရှိမည်ဖြစ်သော James Cook University Singapore Campus ၏ ပညာရေးဆွေးနွေးပွဲ

Date : 20 August 2016 (Saturday)
Time : 2:00pm to 5:00pm
Place : Novotel Hotel , Bagan Meeting Room, Level 4

Contact US @ 01- 652 311, 652 297, 09- 26 222 5151
Room (4), Building (7), Myanmar ICT Park, Hlaing University Campus, Hlaing Tsp, Yangon.

PUN HLAING SILOAM HOSPITALS
အလှအပနှင့်အခြားပြုပြင်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှုအထူးအစီအစဉ်
ဩဂုတ်လ | ၂၇ | ရက်နေ့မှ | ၂၈ | ရက်နေ့အထိ
ကိုရီးယားမင်းသမီးတွေလိုလှပဖို့အတွက် ကိုရီးယားနိုင်ငံကို သွားစရာမလိုတော့ပါ...
- မျက်နှာပေါ်ရှိ အရေးအကြောင်းများဖျောက်ပေးခြင်း
- ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပအောင် ပုံဖော်ခြင်း
- မျက်နှာအချိုးအစားပြေပြစ်လှပအောင် ခွဲစိတ်ခြင်းအမျိုးမျိုး
- မျက်လုံးတဝိုက်ပြုပြင်ခြင်းအမျိုးမျိုး
- ရင်သားအလှပြုပြင်ခြင်းအမျိုးမျိုး
- နှာခေါင်းအလှပြုပြင်ခြင်းအမျိုးမျိုး
- နှုတ်ခမ်းအလှပြုပြင်ခြင်းအမျိုးမျိုး
- အဆီစုပ်ထုတ်ခြင်း



ကိုရီးယားနိုင်ငံမှ အလှအပရေးရာခွဲစိတ်အထူးကု ဆရာဝန်ကြီးကိုယ်တိုင် လာရောက်ခွဲစိတ်ကုသပေးမည်။
LIKE US ON facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com

NELC
Don't Worry, Just Speak!
NELC
* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

Enroll Now!

စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။



မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
မြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

umg college




PURSUE YOUR DREAM
BECOME REAL
JOIN UMG COLLEGE AND
BE THE TOP ENGINEER

ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော
UMG COLLEGE မှဖွင့်လှစ်သည့် HND (UK) သင်တန်းများ

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။

- Business Management
- Information Technology
- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering






UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး B.A(Hons) (သို့) B.Sc(Hons) ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

သီရိမင်္ဂလာဈေးဟောင်း၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၂၁၅၆ ၇၈-၉ (လိုင်းခွဲ - ၂၁၃၊ ၂၁၉)
မိုဘိုင်း - ၀၉ ၉၇၇၀ ၃၅၃၃၆၊ ၀၉ ၉၇၇၈၃၅၂၂၂၊ ၀၉ ၂၆၄၄ ၅၀၀၅၉
HND edexcel Approved Centre
www.facebook.com/umgcollege
Website: www.umgcollege.com

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊
သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ
အတွက် ဖြည့်စွက်နိုင်ပါသည်။
23
မဆလ

YIUS
Pre-University Level Studies
"နိုင်ငံတကာပညာရေးဆွေးနွေးပွဲ"



- IGCSE (သို့) ၁၀တန်းအောင်မြင်ပြီး နိုင်ငံခြားတက္ကသိုလ်များတွင်တက်ရောက်ချင်ပါသလား..?
- SAT မလို၊ GCE 'A' မလိုပဲ နိုင်ငံခြားတက္ကသိုလ်များမှာ ပထမနှစ်ကိုတိုက်ရိုက်တက်မလား...?
- တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး ဘာဆက်လုပ်သင့်လဲ..?
- နိုင်ငံခြားတက္ကသိုလ်တက်ဖို့ ကြိုတင်ပြင်ဆင်မှု ပြုလုပ်မလား..?

Date : 20 August 2016 (Saturday)
Time : 2:00pm to 5:00pm
Place : Novotel Hotel (Bagan Meeting Room, Level 4)

Contact US @ 01- 652 311, 652 297, 09- 26 222 5151, 09 731 487 39
Room (4), Building (7), Myanmar ICT Park, Hlaing University Campus, Hlaing Tsp, Yangon.

STAMFORD INTERNATIONAL UNIVERSITY
Unleash Your Potential
Bangkok | Thailand
"ပညာရေးဆွေးနွေးပွဲ"

Date : 20 August 2016 (Saturday)
Time : 2:00pm to 5:00pm
Place: Novotel Hotel
Bagan Meeting Room, Level 4



- Bachelor Program တိုင်းတွင် Internship Program ပါဝင်ခြင်း
- ဥရောပနှင့် အာရှနိုင်ငံများစွာမှ ဆရာများသင်ကြားပေးနေ၍ နိုင်ငံပေါင်း ( ၆၈ ) နိုင်ငံမှ International ကျောင်းသားများစွာ တက်ရောက်နေခြင်း
- အခြားအာရှနိုင်ငံများထက် ပညာသင်စရိတ်နှင့် ကုန်ကျစရိတ် အလွန်သက်သာခြင်း

Contact US @ 01- 652 311, 652 297, 09- 26 222 5151, 09- 731 487 39

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ကြော်ငြာ

## ရွှေတိဂုံစေတီတော်
## ၂၀၁၇ခုနှစ်၊ ပြက္ခဒိန်ရိုက်နှိပ်ခြင်းလုပ်ငန်း
## စျေးနှုန်းအဆိုပြုလွှာတင်သွင်းရန်ကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က နှစ်စဉ်ရိုက်နှိပ်ဖြန့်ချိနေသော အစဉ်အလာအတိုင်း ၂၀၁၇ခုနှစ်၊ ရွှေတိဂုံစေတီတော် ပြက္ခဒိန်စောင်ရေ(၇၀၀၀၀)ရိုက်နှိပ်မည်ဖြစ်ပါသည်။ ပြက္ခဒိန်ရိုက်နှိပ်လိုသူများသည် လုပ်ငန်းစျေးနှုန်းအဆိုပြုလွှာပုံစံ၊ ပြက္ခဒိန်ဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်တစ်စုံလျှင်-၁၀၀၀၀ိ/-နှုန်း(ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၂-၈-၂၀၁၆ ရက်မှ ၂၄-၈-၂၀၁၆ရက်အထိ ဂေါပကအဖွဲ့ရုံး၌ ဝယ်ယူပြီး ၇-၉-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ ဖုန်း-၀၁-၃၇၁၀၈၉၊ ၀၁-၃၇၅၇၆၇ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**


အာရှနဂါး
မြေတို/ကျိုက်ထီးဆိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100



လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။



ဗျာဒိတ်သဘင် ဘုရားဖူးခရီးစဉ်များ
Ph:09425334456,0949323965,0949578205



သန့်ရှင်းနှင့်ခေါင်းရင်းများ ၏ အဘအောင်မင်းခေါင်ထွက်ပွဲသို့
Sep 16
Hotel Sep15
Ph: 01-380141, 01-241863, 09-43043109, 09-73251422



တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတင်ရန် တရားဝင် အမြန်ချော - စာပို့
UCL UNITED COURIER SERVICES





## ပြင်ဆင်ပြီး (မြေညီထပ်)တိုက်ခန်းရောင်းမည်
- ပေ(၁၂½×၅၀)၊ ကျွန်းတောလမ်းမအနီး၊ စမ်းချောင်းမြို့နယ်။
- မြေညီ(Hall)ကြွေပြားပြည့်ခင်းကပ်/ထပ်ခိုး(½)ပါ။ အထူးပြင်ဆင်ပြီး။
- MBR(1), BR(1)၊ ရေပူရေအေး၊ A/C(2)၊ ဘိုထိုင်၊ လိုက်ကာ၊ ရေမီးစုံ။
- (စျေး/ကားဂိတ်)နီး၊ ကားထားလို့ရ၊ ပွဲစားမလို၊ ကျပ်သိန်း(၉၅၀)

ဆက်သွယ်ရန်ဖုန်း-09-5185350, 09-73156494


ပျို့မေတို့တစ်တွေ
အသားအရေ ဝါဝါဝင်း နုဝိုရည်ထက်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475


## အိမ်ခြံမြေ မှ ရောင်းမည်

| | | | |
|---|---|---|---|
| 1.သံလွင်လမ်းကမရ | (0.278ဧက) | RC1 | 1Sq-2.1L |
| 2.Market Placeနီး(ရွှေဂုံတိုင်) | (60×95) | RC2 | 16000L |
| 3.ကျွန်းတောလမ်းမစခ | (25×50) | RC8½Lift | 15000L |
| 4.ရန်ကင်း(မဥ္ဇူလမ်းမ) | (60×87) | BN1 | 9500L |
| 5.(မရမ်းကုန်း)ကုန်းမြင့်ရိပ်သာ | (36×85) | မြေ | 5450L |
| 6.ဗိုလ်ချုပ်ရွာ(VIP-I) | (40×63) | မြေ | 4750L |
| 7.အင်းစိန်(ကြို့ကုန်း) | (50×70) | မြေ | 3450L |
| 8.တာ/ဥ(မြဟွန်ရှိလမ်းအနီး) | (20×60) | RC3 | 3200L |

☎ - 0973054542,0973494343,0973161672




## ပြင်ဆင်ဖတ်ရှုပါရန်

၄-၈-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာပါ အမှတ်စဉ်(၁၅)တွင်ပါရှိသော လျှောက်ထားသူ၏အမည်ကို ဒေါ်ပွင့်လှိုင်ဦးအစား "ဒေါ်ပွင့်ဦးလှိုင်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၅၅၃)၊(၄၀' x ၆၀')အကျယ်ရှိ ဦးအောင်သင်းအမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူကာလက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေဝင်းအောင် (၁၂/ပဘတ(နိုင်)၀၀၁၂၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါထုတ်သည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ် ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးအောင်ကျော်ထွန်း LL.B.,LLM. အထက်တန်းရှေ့နေ(စဉ်-၃၁၅၀၉)

[illegible]

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)အတွင်းရှိ (၁)မြေကွက်အမှတ်(L-7)၊ ဧရိယာ(၁. ၄၆၅)ဧက၊ (၂)မြေကွက်အမှတ်(L-8)၊ ဧရိယာ(၁. ၄၆၅)ဧက (၃)မြေကွက်အမှတ်(L-9)၊ ဧရိယာ (၁. ၄၆၅)ဧကရှိ မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မဥ္ဇူသင်း[၁၂/မရက(နိုင်)၁၀၄၆၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**





အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။
09 253582510


## Rexam Ashmore Beverage Can Myanmar Company Limited ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်း ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်ုပ်ဒေါ်ခင်ချိုကြည်သည် Rexam Ashmore Beverage Can Myanmar Company Limited ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ၂၁-၇-၂၀၁၅ရက်တွင် ခန့်အပ်ခြင်းခံရပြီး စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စများကို ဆောင်ရွက်လျက်ရှိစဉ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် Rexam Ashmore Beverage Can Myanmar Company Limited ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်းမှာ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်တာဝန်ခံမိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာသို့ ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်ချိုကြည်၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**လိပ်စာ-အမှတ်၂၂/ဒီ၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၆၅၂၁၃၉၊ ၀၁-၆၅၀၇၄၀၊ ၀၁-၆၅၀၄၆၆**

**သီတဂူဓမ္မပြည့်ဟိန်း စကျွဒါနဆေးရုံ ဩဂုတ်လ၊ ၆၊ ၇ (၆၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဩဂုတ်လ (၆-၇)ရက်များတွင် ၆၄-ကြိမ်မြောက် ဦးရေ (၁၀၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူလိုက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူဓမ္မပြည့်ဟိန်း စကျွဒါနဆေးရုံ၊ ဓမ္မပြည့်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရှမ်းတင်း။ (ကျိုက္ကဆံဂူပါဝင်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်ဓမ္မသာမိရိလက်ခံ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။









## ပြပွဲ၏ စိတ်ဝင်စားဖွယ်ရာများ

Myanmar FoodBev
3rd International Food & Beverage Exhibition

CONNECTING INTERNATIONAL FOOD & BEVERAGE SUPPLIERS TO MYANMAR
WWW.MYANMARFOODBEV.COM
: MyanmarFoodBev

- ကုန်ပစ္စည်းတံဆိပ်သစ်မိတ်ဆက်ခြင်းနှင့် အထူး ကမ်းလှမ်းမှု
  - ထိုင်းပြကွက်သို့ လည်ပတ်ပါ။ ကုမ္ပဏီပေါင်း ၂၈ ခုကျော်ပါသည်။
  - နောက်ဆုံးပေါ် ဒီဇိုင်းထောင် အတွက် မလေးရှား ထုတ်ကုန်များ ကို လေ့လာကြည့်ပါ။
- အချက်အပြုတ် ပြိုင်ပွဲ = မြန်မာ စားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်း၏ နေ့လယ်စာ ထမင်းဘူးပြိုင်ပွဲ
- မြန်မာ စားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်းနှင့် ညီနောင်အသင်းများ၏ အထူးပြပွဲများ
  - ပါရီစတား ပြပွဲ
  - ကော့ဖီ ပြပွဲ

**18 – 20 August 2016**
Tatmadaw Exhibition Hall, Yangon

Trade days
18 - 19 August : 9.00 - 17.00 hrs.
Public day
20 August : 9.00 - 16.00 hrs.

Myanmar RETAIL Expo 2016
1st International Retail Business in Myanmar

ONE STOP PLATFORM FOR MYANMAR RETAIL BUSINESS
WWW.MYANMARRETAILEXPO.COM
: MyanmarRetailExpo

- ကုန်ပစ္စည်း အသစ် မိတ်ဆက်ခြင်းနှင့် အထူး ကမ်းလှမ်းမှုများ
- အခမဲ့ တက်ရောက်နိုင်သည့် မြန်မာ လက်လီလုပ်ငန်းဆိုင်ရာ ဟောပြောပွဲကို နားဆင်ခြင်းဖြင့် နောက်ဆုံးအခြေအနေကို သိထားလိုက်ပါ။
  - မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်း၏ မြန်မာ လက်လီလုပ်ငန်းဆိုင်ရာ ပြန်လည်သုံးသပ်ချက်နှင့် လမ်းကြောင်းသစ်များ
  - အနာဂတ် ဝင်ငွေမြင့်မားလာသည့် လူလတ်တန်းစား စားသုံးသူ အပြုအမူ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရှုထောင့် အမြင် အပြန်အလှန်ဆွေးနွေးခြင်း

More information, please contact
09 788 239 635
09 795 398 020

Organized by
Index

Officially supported by



**ရွှေမဟာ** အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
SMH

(၂၀၀၆-၂၀၀၇)ခုနှစ်မှစတင်ကာဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကိုပို့ဆောင်ပေးနေသော ရွှေမဟာဘုရားဖူးအဖွဲ့က(၂၀၁၆-၂၀၁၇)ခုနှစ်အတွက်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကိုအောက်တိုဘာလမှစတင်၍ပို့ဆောင်ပေးပါတော့မည်။(၇)ညအိပ်(၈)ရက်ခရီးစဉ်များ၊(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်များကိုမိမိကြိုက်နှစ်သက်ရာခရီးစဉ်ရွေးချယ်၍ လိုက်ပါနိုင်ပါသည်။သံဃာတော်နှင့်သီလရှင်များအား (၃)သောင်းကျပ်စီလျှော့ပေးပြီးပတ်(စ်)ပို့သက်တမ်း(၆)လအထက်ရှိသူများကိုလည်း(၃)သောင်းကျပ်စီထပ်မံလျှော့ပေးပါမည်။(၁၆)ဦးစုစည်းလာသူများကိုလည်း(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
**(လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။)**

ဆက်သွယ်ရန်-အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၈၁၃၉၆၊၀၁-၅၃၂၀၈၆၊၀၉-၅၁၈၈၃၇၆၊၀၉-၅၀၃၄၀၄၄၊၀၉-၄၃၂၀၀၆၄၆။



**ရွှေပလ္လင်**
ဂမုန်းပွင့် (လှည်းတန်း)
ဖွင့်ပြီ
ရွှေပလ္လင် လက်ဖက်ရည်အရမ်းကောင်းဆိုပဲ ...
တွေကြရအောင် ရွှေပလ္လင် မှာ...
ဖုန်း ၀၁-၅၃၈၇၃၆



FAME
HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1117)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
HerbalFresh®
Mental refreshment
စိတ်ကြည်ဆေး
TMR 011255 (1117)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



## အခုရှိုးရဲ့အတန်ဆုံး အကောင်းဆုံး စမတ်စီးရီးဖုန်းများ

ဆင်းကတ် နှစ်ကတ်သုံး၊ ရှေ့နောက်ကင်မရာ၊ သီချင်း၊ ဗီဒီယိုကင်မရာ၊
Android 5.1 တရှင်နဲ့ဖုန်းကို အဆင်ပြေပြေသုံးစွဲဖို့ အခုပဲရယူလိုက်ရအောင်

ooredoo

Smart Series

၃၀,၀၀၀ ကျပ် မှစတင်၍ တစ်နှစ်အာမခံ



အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာတွင်ဖြစ်ပွားခဲ့သော ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားမှု သေဆုံးမှုနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားသည့်ဒေသနှင့် ရောဂါကူးစက်နိုင်ခြေရှိသော ကျေးရွာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါကုဆရာဝန်ကြီး ၁၀ ဦးနှင့် တပ်မတော်ဆေးအဖွဲ့များပူးပေါင်းပြီး လူနာများအားအရေးပေါ်ဆေးကုသမှုပေးခြင်း၊ လူနာသစ်ရှာဖွေကုသခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှုအား ဓာတ်ခွဲအတည်ပြုခြင်း၊ ကျေးရွာရှိပြည်သူလူထုအား ဆေးကုသမှုပေးခြင်း၊ ဝက်သက်ရောဂါ ထပ်မံဖြစ်ပွားမှုမရှိစေရေးအတွက် ဝက်သက်ရောဂါကာကွယ်ဆေးနှင့် ဗီတာမင်အေတိုက်ကျွေးခြင်းလုပ်ငန်းများအား ဆောင်ရွက် လျက်ရှိသည်။**

ဝက်သက်ရောဂါ၏ ကူးစက်မှုသဘာဝအရ ရောဂါပျိုးရက်အတွင်း ရောဂါကူးစက်ခံရသူများတွင် ရောဂါဖြစ်ပွားနိုင်သေးသဖြင့် လူနာသစ်ရှာဖွေကုသခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့များမှ ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ရောဂါပိုးကူးစက်နိုင်ခြေများပြားသည့် ထန်ခေါ်လာမားကျေးရွာ၊ ထန်ခေါ်နောက်ကုန်းကျေးရွာ၊ ခန်းမလားကျေးရွာ၊ ရောင်ဖွန်ကျေးရွာ၊ တိုက်ရံကျေးရွာများနှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ကဲဆန်ကားလန်၊ ကဲဆန်လောင်ကျန်း၊ ပွန်ရှိန်းကျေးရွာများရှိ အသက် (၁၅)နှစ်အောက် ကလေး ၆၂၀ အား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြို့နယ်အတွင်းရှိ အသက် (၁၅) နှစ်အောက် ကလေး ၉၉၄ ဦး စုစုပေါင်း ၁၆၁၄ ဦးအား ကာကွယ်ဆေးဆက်လက်ထိုးနှံပေးနိုင်ခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၁၆ ရက်မှစ၍ လဟယ်မြို့နယ်အတွင်းရှိ အသက် (၁၅) နှစ်အောက် ကလေးအားလုံးကို လွှမ်းခြုံနိုင်ရေးအတွက် ကူးစက်ရောဂါဆရာဝန်ကြီးနှင့် ပြည်သူ့ကျန်းမာရေးအထူးကုဆရာဝန်ကြီး ၁၅ ဦးပါဝင်သော ကာကွယ်ဆေးထိုးအဖွဲ့ (၁၈) ဖွဲ့မှ ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်းတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ခက်ခဲဒေသများတွင် ကွင်းဆင်းကုသသည့်အဖွဲ့များ အဆင်ပြေစေရေးအတွက် မော်တော်ဆိုင်ကယ် ၁၀ စီးအား ချက်ချင်းထောက်ပံ့ပေးနိုင်ခဲ့သည်။ ကွင်းဆင်းအဖွဲ့များသည် ကျေးရွာများတွင် ဆေးခန်းများဖွင့်လှစ်၍ ပြည်သူလူထုအား ဆေးကုသမှုပေးခဲ့ရာ ဆေးခန်းပြလူနာ ၁၁၆၇ ဦးအားလည်း ဆေးကုသမှုပေးနိုင်ခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချက်ချင်းနှင့်ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ❐



ဝက်သက်ရောဂါ ထပ်မံမဖြစ်ပွားစေရေး ကွင်းဆင်းကုသရေးအဖွဲ့များဖြင့် ကုသပေးနေစဉ်။




ချန်ပီယံမကွေးအသင်းအား ဒိုင်းဆုကြီးနှင့်အတူ တွေ့ရစဉ်။

# ၂၀၁၆ ရာသီ ရှုံးထွက်ပြိုင်ပွဲ ချန်ပီယံအသင်းသစ်ထွက်ပေါ် မကွေးအသင်း ပထမဆုံးပိုလ်စွဲ

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မကွေးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**မကွေး - နှစ်ဂိုး**
**ရန်ကုန် - တစ်ဂိုး**

အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုလက်လွှတ်ခဲ့ရသည့် ရန်ကုန်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ မကွေးအသင်းသည် ဒုတိယပိုင်းတွင် သွင်းယူ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪



